မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းအား ပုံဖော်ကြည့်ခြင်း

မြန်မာနိုင်ငံ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများ၏ သမိုင်းအကျဉ်းနှင့် ထိုဒေသများရှိ တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း

© ၂၀၂၂ခုနှစ် ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့

International IDEA က ထုတ်ဝေသော စာအုပ်စာတမ်းများသည် အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ ကင်းရှင်းပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ဘုတ်အဖွဲ့၏ ရှုမြင်ပုံများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ ရှုမြင်ပုံများကိုလည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။

တတိယပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံ၊ ဓာတ်ပုံများမှတပါး ဤစာတမ်း အီလက်ထရောနစ်မူကို Creative Commons Attribution–NonCommercial–ShareAlike 3.0 (CC BY–NCSA 3.0) လိုင်စင်ဖြင့် ရယူနိုင်ပါသည်။ ငွေကြေးရယူ ရောင်းချရန်မဟုတ်ပါက ဤမူရင်း စာတမ်းအရင်းအမြစ်ကို မှန်ကန်စွာ ရည်ညွှန်းဖော်ပြပြီး မိတ္တူကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်းများအပြင် ဖြတ်တောက်၍ပြန်လည်ပေါင်းစပ်ခြင်း၊ ဆီလျော်အောင် ပြုပြင်ခြင်းများကို လွတ်လပ်စွာလုပ်ဆောင်နိုင်ပါသည်။ အထက်ဖော်ပြပါ လိုင်စင်ဖြင့်ပင် ဆက်လက်၍ ဖြန့်ချီရမည်ဟူသော သတ်မှတ်ချက်ကိုမူ လိုက်နာရပါမည်။ နောက်ထပ်သိရှိလိုသည်များရှိပါက အင်တာနက်လိပ်စာ <http://creativecommons.org/licenses/by-nc-sa/3.0/>ရှိ Creative Commons ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။

International IDEA
စတွန်းစ်ဘော့ဂ်
SE – ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – <http://www.idea.int>

စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ – International IDEA
မျက်နှာဖုံးမှ ရုပ်ပုံ – © IStock ID173005055 Autor: yenwen
ISBN: 978-91-7671-583-3 (PDF)
DOI: <https://doi.org/10.31752/idea.2022.62>

မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းအား ပုံဖော်ကြည့်ခြင်း

မြန်မာနိုင်ငံ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများ၏ သမိုင်းအကျဉ်းနှင့် ထိုဒေသများရှိ တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း

Jangai Jap နှင့် Constant Courtin

International IDEA
စတွန်းစ်ဘော၀်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆ ၆၉၈၁၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

ကျေးဇူးတင်လွှာ

သုတေသနလက်ထောက်အနေနှင့် ပါဝင်ခဲ့သည့် သီဟဇော်၊ အချက်အလက်များ အတည်ပြုရာတွင် ပါဝင်ပံ့ပိုးပေးသော International IDEA ၏ MyConstitution ဝန်ထမ်း – သက်လင်းဝေနှင့် ဝဏ္ဏဌေးနှင့် ဝေဖန်အကြံပြုချက်များပေးကြသည့် Isabel Chew အပါအဝင် အစီရင်ခံစာဖတ်ရှုဝေဖန် သုံးသပ်သူများအားလုံးကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါသည်။ ထို့ပြင် International IDEA Myanmar ပရိုဂရမ် အကြီးအကဲ Marcus Brand နှင့် International IDEA ၏ MyConstitution ပရိုဂရမ်မန်နေဂျာ Nathalie Ebead တို့အားလည်း ၎င်းတို့၏ခိုင်မာအားကောင်းသော ဝေဖန်သုံးသပ်ချက်များအတွက် အထူးပင်ကျေးဇူးတင်ပါသည်။

မာတိကာ

ကျေးဇူးတင်လွှာ IV

မာတိကာ ၁

အတိုကောက်နှင့် အကျဉ်းချုံးစကားလုံးများ ၃

မိတ်ဆက် ၄

အခန်း ၁

အချက်အလက်နှင့် နည်းစနစ် ၉

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက် ခေါင်းပါးမှု ၉

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (သို့) ထွေအုပ်ဌာန (GAD) မြို့နယ်အစီရင်ခံစာများ .. ၁၁

အချက်အလက်အရည်အသွေးနှင့် အကန့်အသတ်များ ၁၃

အခန်း ၂

မြန်မာ့ စုံလင်ကွဲပြားမှုအပေါ် ခြုံငုံသုံးသပ်ခြင်း ၂၃

တိုင်းရင်းသား–ဘာသာစကား ကွဲပြားမှု ၂၅

အခန်း ၃

အုပ်ချုပ်ရေးနယ်မြေများနှင့် တိုင်းရင်းသားမျိုးနွယ်စု ပျံ့နှံ့နေထိုင်မှု ၂၈

ကချင်ပြည်နယ် ၃၁

ကချင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၃၁

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၃၃

ကချင်လူဦးရေ ၃၃

ကယားပြည်နယ် ၃၅

ကယားပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၃၅

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၃၆

ကယား/ကရင်နီလူဦးရေ ၃၇

ရှမ်းပြည်နယ် ၃၈

ရှမ်းပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၃၉

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၄၀

ရှမ်းလူဦးရေ ၄၁

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ၄၁

ကရင်ပြည်နယ် ၄၅

ကရင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၄၅

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၄၆

ကရင်လူဦးရေ ၄၇

ချင်းပြည်နယ် ၄၈
ချင်းပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၄၈
တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၄၉
ချင်းလူဦးရေ ၅၀
မွန်ပြည်နယ် ၅၁
မွန်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၅၁
တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၅၂
မွန်လူဦးရေ ၅၂
ရခိုင်ပြည်နယ် ၅၄
ရခိုင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၅၄
တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၅၆
အာရကန်/ရခိုင်လူဦးရေ ၅၇
တိုင်းဒေသကြီးများ ၅၈
မြန်မာ့တိုင်းဒေသများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း ၅၈
တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း ၅၉
ဗမာလူဦးရေ ၆၀
နာဂ လူဦးရေ ၆၀

အခန်း (၄)

နိဂုံးချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ ၆၃
ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ ၆၄
ဒေသအဆင့်နယ်မြေများ ပြန်လည်ပုံဖော်ကြည့်ခြင်း ၆၆
ဖက်ဒရယ် နယ်မြေများ ၆၆
မဲဆန္ဒနယ်များ ၆၈
အားလုံးပါဝင်သော အင်စတီကျူးရှင်းများ ၆၈

ကိုးကားစာရင်း ၇၁
အစီရင်ခံစာပြုစုသူများ အကြောင်း ၇၅
International IDEA အကြောင်း ၇၆

အတိုကောက်နှင့် အကျဉ်းချုံးစကားလုံးများ

BSPP	Burmese Socialist Programme Party/ ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
CRPH	Committee Representing Pyidaungsu Hluttaw/ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ
DOP	Department of Population/ ပြည်သူ့အင်အားဦးစီးဌာန
ELF	Ethno-linguistic fractionalization/ တိုင်းရင်းသား-ဘာသာစကားကွဲပြားမှု
FCDCC	Federal Constitution Drafting and Coordinating Committee/ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ
FDC	Federal Democratic Charter/ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်
GAD	General Administration Department/ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
HCI	Herfindahl concentration index/ ဟာဖင်ဒဲလ် ပါဝင်မှုညွှန်းကိန်း
KNU	Karen National Union/ ကရင်အမျိုးသားအစည်းအရုံး
MIMU	Myanmar Information Management Unit/ မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်
MOHA	Ministry Of Home Affairs/ ပြည်ထဲရေးဝန်ကြီးဌာန
NRAM	National race affairs minister/ တိုင်းရင်းသားရေးရာဝန်ကြီး
NUG	National Unity Government/ အမျိုးသားညီညွတ်ရေးအစိုးရ
OCR	Optical character recognition/ ပုံပါ အက္ခရာစာလုံးများကို ကွန်ပျူတာ နားလည်နိုင်သော ကုဒ်ဘာသာစကားသို့ ပြောင်းလဲသောကိရိယာ
SAC	State Administration Council/ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
SAD	Self-administered division/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း
SAZ	Self-administered zone/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
UNHCR	United Nations High Commissioner for Refugees/ ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ တာဝန်ခံရုံး
W/VT	Ward/village tract/ ရပ်ကွက်/ ကျေးရွာ အုပ်စု

မိတ်ဆက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု များပြားစုံလင်လှသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုကဲ့သို့ မျိုးနွယ်စု များပြားစုံလင်မှုက အမျိုးသားရေးလက္ခဏာ၊ အုပ်ချုပ်ရေးအစီအမံနှင့် ဖွဲ့စည်းပုံဆိုင်ရာဒီဇိုင်းတို့နှင့်ပတ်သက်ပြီး မေးခွန်းများစွာကို ပေါ်ထွက်စေပါသည်။ တိုင်းပြည်၏ အဓိက မျိုးနွယ်စုနှင့် လူနည်းစုတိုင်းရင်းသားများဟူသော အယူအဆနှင့် ပတ်သက်၍ပင် အပြန်အလှန် ထောက်ပြငြင်းခုန်မှုများ မြင့်မားလျက်ရှိသည်။ လူဦးရေအရ လူများစုဖြစ်ပြီး နိုင်ငံရေးအရလည်း သြဇာလွှမ်းမိုးမှုကြီးမားသော မျိုးနွယ်စုဖြစ်သည့် ဗမာနှင့် အခြားတိုင်းရင်းသားများကြား ဆက်ဆံရေး သာမက ထိုအခြား မျိုးနွယ်စုများထဲမှ အချို့သောမျိုးစုနွယ်များကြား ဆက်ဆံရေးမှာလည်း မြန်မာ့နိုင်ငံရေး၏ သံမဏိရှည်ကြာလှသောပဋိပက္ခများတွင် ရှေ့ယခင်ကတည်းမှလက်ရှိအချိန်ထိ အဓိက ကျသော ပုစ္ဆာတစ်ပုဒ်ဖြစ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအပေါ် ယခုလက်ရှိ နိုင်ငံတဝှမ်း ခုခံတော်လှန်မှုမှတဆင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုနှင့် လူမျိုးစုနိုင်ငံရေးဆိုင်ရာ ရှိရင်းစွဲ အဆင့်အတန်းခွဲခြားသတ်မှတ်မှုများနှင့် ယူဆချက်အချို့ကို ပြန်လည်သုံးသပ်ရန်၊ အဓိပ္ပါယ်ပြန်လည်သတ်မှတ်ရန် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာပါသည်။

မြန်မာ့သမိုင်းနှင့် နိုင်ငံရေးတွင် တိုင်းရင်းသားများနှင့် ပတ်သက်သော အမေးပုစ္ဆာများမှာ အရေးပါလှသော်လည်း မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုနှင့် ပတ်သက်သော အခြေခံလူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ လေ့လာဆန်းစစ်ခြင်းမျိုးမှာမူ မရှိဖူးသေးပေ။ သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်စု၏အမည်ကို ရှေ့မှတပ်ကာ ပြည်နယ်ဟုသတ်မှတ်ခေါ်ဝေါ်သည့် ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများတွင် ဒေသအလိုက်သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်စုများက လူဦးရေအရ အများစုဖြစ်သည်ဟု ယေဘုယျအားဖြင့် ယူဆထားကြပြီး အဓိက မျိုးနွယ်စုဖြစ်သည့် ဗမာတို့က တိုင်းပြည်၏ဒေသများတွင် လူများစုဖြစ်လျက်ရှိသည်။ ထိုအကြမ်းဖျင်း ယူဆချက်မျိုးမှလွဲ၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ ဒေသအဆင့်တွင် ပျံ့နှံ့နေထိုင်မှုနှင့် ပတ်သက်သော သတင်း၊ အချက်အလက်မှာမူ နည်းပါးလှသည်။

တကယ်တမ်းတွင် မြန်မာနိုင်ငံ၏ လူမျိုးစုနိုင်ငံရေးပုစ္ဆာကို ဖြေရှင်းရာတွင် ဒေသအဆင့်၌ တိုင်းရင်းသားမျိုးစုဆိုင်ရာ အသေးစိတ်ကျန၊ ယုံကြည်ထိုက်သော အချက်အလက်များရှိရန် လိုအပ်

နေခဲ့သည်မှာ ကာလကြာရှည်ရှိနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာနှင့် လူမျိုးစုနိုင်ငံရေးနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုများရှိခဲ့သော်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်သော ကိန်းဂဏာန်းအချက်အလက်များမှာမူ ကာလရှည်ကြာ လစ်ဟာ၍နေခဲ့ပြီး ရှိခဲ့လျှင်သော်မှ ပြည့်စုံမှုမရှိသော အချက်အလက်များဖြစ်နေခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံရေးအရ အကဲဆတ်ခြင်းနှင့် ဝိဝါဒကွဲပြားစရာအမြင်များ ရှိနေခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် မြန်မာ့တိုင်းရင်းသား မျိုးနွယ်စုများ၏ ပင်ကိုယ်သဘောသဘာဝကို ပိုမိုပြည့်စုံစွာ ပုံဖော်မှုတစ်ရပ်သည် အချို့သောဇာတ်ကြောင်းပြောဖော်ပြချက်များကို တန်ပြန်မေးခွန်းထုတ်စရာများဖြစ်လာနိုင်သလို အချို့သောအုပ်စု၊ အဖွဲ့များ၏အကျိုးစီးပွားကို ထိခိုက်နိုင်ဖွယ်ရာရှိနေခြင်းကြောင့်လည်း အကြမ်းဖျင်းမှန်းဆဖော်ပြချက်များသာ ကျယ်ကျယ်ပြန့်ပြန့် ရှိနေခဲ့ခြင်းဖြစ်သည်။ (တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လူဦးရေပုံနှံ့နေထိုင်မှုဆိုင်ရာ ခန့်မှန်းဖော်ပြချက်များရှိသော်လည်း ယင်းတို့မှာ ခေတ်နောက်ကျနေပြီဖြစ်သော သန်းခေါင်စာရင်းများပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။ ထိုသန်းခေါင်စာရင်းများကို ဤအစီရင်ခံစာ စ၊ လယ်၊ ဆုံး တွင်လည်း ကိုးကားဖော်ပြထားပါသည်။)

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှု၌ လစ်ဟာလျက်ရှိသော သတင်းအချက်အလက်ဆိုင်ရာကွက်လပ်၏ တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းရန်ရည်ရွယ်လျက် ဤအစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်ချက်ကို ၂၀၂၁ ခုနှစ် အာဏာသိမ်းမီ မြန်မာနိုင်ငံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်ဌာန/GAD) က ကောက်ယူစုဆောင်းထားသော အချက်အလက်များကို အသုံးပြုကာ သမိုင်းဆိုင်ရာနှင့် အရည်အသွေးအခြေပြု အချက်အလက်များကိုအခြေတည် ဆက်စပ်စဉ်းစားသော စာရင်းအင်းဆိုင်ရာ လေ့လာမှုတစ်ရပ်အဖြစ် ပြုလုပ်ထားပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် (က) ဒေသအဆင့်တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုအပေါ် အရေအတွက်အခြေပြုလေ့လာသုံးသပ်ခြင်း၊ (ခ) အဓိကတိုင်းရင်းသားမျိုးနွယ်စုများ၏ တည်နေရာများကို လေ့လာဖော်ထုတ်ခြင်း၊ (ဂ) တိုင်းပြည်၏သမိုင်းတလျှောက် အုပ်ချုပ်ရေးနယ်မြေများ၏ နယ်နိမိတ်များ အဆင့်ဆင့်ပြောင်းလဲလာမှုကို ဆွေးနွေးခြင်းဖြင့် ပထဝီဝင်အနေအထားအရ တိုင်းရင်းသားမျိုးနွယ်စုများ ပျံ့နှံ့တည်ရှိမှုကို ဆက်စပ်စဉ်းစားခြင်းတို့ကို လုပ်ဆောင်ထားပါသည်။

ထွေအုပ်ဌာန(GAD)၏ လုပ်ဆောင်ပုံမှာ အငြင်းပွားဖွယ်ရာ သဘောသဘာဝရှိခြင်းကြောင့် အချက်အလက်များ၏ အရည်အသွေးနှင့်ပတ်သက်ပြီး ဂရုပြုလောက်ဖွယ်ရာ စိတ်မချစရာများ ရှိပါသည် (အခန်း (၁) တွင် ကြည့်ပါ)။ နောက်ထပ်ကြိုတင်၍ ဂရုပြုရမည့်အချက်မှာ ဤအစီရင်ခံစာသည် အာဏာသိမ်းမီ လူဦးရေဆိုင်ရာအချက်အလက်များ အထူးသဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာအတွင်း ကောက်ယူခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် အများပြည်သူသို့ ဖြန့်ဝေခဲ့သော ထွေအုပ်ဌာန(GAD) ၏ မြို့နယ်အစီရင်ခံစာများပေါ်တွင် အခြေခံထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာကို အာဏာသိမ်းမီကာလ မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းအပေါ် လေ့လာဆန်းစစ်မှုတစ်ရပ်အဖြစ် မှတ်ယူသင့်ပါသည်။

ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများ ကောက်ယူပြုစုပြီး ထုတ်ဝေသည့် ကာလအပိုင်းအခြားမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသမိုင်းတွင် အရေးပါလှသော ကာလအပိုင်းအခြားဖြစ်သည်။ ထွေအုပ်ဌာန (GAD)ကို ၁၉၈၈ အရေးတော်ပုံကာလအပြီးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့လက်ထက်၌ စတင်ဖွဲ့စည်းခဲ့ပြီး ယခင်ကစစ်တပ်အရာရှိများ ဦးဆောင်သည့် ဝန်ကြီးဌာနတစ်ခုဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန (MOHA) အောက်ရှိ ဦးစီးဌာနတစ်ခု ဖြစ်ခဲ့သည် (Saw and Arnold 2014; Arnold 2019)။ သို့ရာတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာတွင် ထွေအုပ်ဌာန(GAD) ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အရပ်သားအစိုးရလက်အောက်ရှိ ဝန်ကြီးဌာနတစ်ခုဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ လက်အောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့ အာဏာသိမ်းမှုနောက်ပိုင်းတွင်မူ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် မြန်မာနိုင်ငံတဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသော အကြမ်းဖက်မှုများကြောင့် ထွေအုပ်ဌာန(GAD)၏ လုပ်ငန်းဆောင်ရွက်မှုတွင် ထင်ရှားသောအပြောင်းအလဲများ[၁]နှင့် အကန့်အသတ်များ ရှိလာပါသည် (မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၊ ၂၀၂၂/ Special Advisory Council for Myanmar 2022)။ ထို့ပြင် ပမာဏကြီးမားလှသော နိုင်ငံတွင်း အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများနှင့် လူဦးရေဆိုင်ရာပြောင်းလဲမှုများ[၂]လည်းရှိသည်။ ဤအစီရင်ခံစာထဲတွင် လေ့လာဆန်းစစ်ထားသော အချက်အလက်များတွင် ထိုအရေးကြီးသော အပြောင်းအလဲများကို ထည့်သွင်းစဉ်းစားထားနိုင်ခြင်း မရှိပါ။

လိုအပ်ချက်နှင့် ကန့်သတ်ချက်များရှိသည်မှာ မှန်သော်လည်း ထွေအုပ်ဌာန(GAD)မှ ထုတ်ပြန်ထားသော အချက်အလက်များသည် ဒေသအဆင့်တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်အနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိရရှိနိုင်သည့် တစ်ခုတည်းသော အရင်းအမြစ် ဖြစ်ဖွယ်ရာရှိပါသည်။ ထို့ပြင် ကျွန်ုပ်တို့သိရသလောက် အများပြည်သူ၊ သက်ဆိုင်ရာအရေးပါသောပုဂ္ဂိုလ်များနှင့် မူဝါဒချမှတ်သူများကဲ့သို့သောသူများသည် ထိုအချက်အလက်များရှိကြောင်း သတိမပြုမိကြဘဲ ထိုအချက်အလက်များကို စနစ်တကျလေ့လာဆန်းစစ်ခြင်းမျိုးလည်း မရှိသေးပေ။ ထို့ကြောင့် အချက်အလက်များသည် ဒေသအဆင့်တိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းနှင့် ပတ်သက်၍ မည်မျှအထိ ပံ့ပိုးပေးနိုင်သနည်း၊ သို့မဟုတ် မှန်းဆချက်နှင့် လမ်းလွဲသွားနိုင်သနည်း ဆိုသည်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိနိုင်ခြင်းမရှိပါ။ ဤအစီရင်ခံစာကို ရှိရင်းစွဲအချက်အလက်များနှင့် သေချာကျနစွာ ချိတ်ဆက်မိကာ မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များ၏ အရည်အသွေးတိုးတက်စေမည့် နည်းလမ်းများနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးမှုများ ပေါ်ပေါက်လာစေရန်အတွက် အထောက်အကူပြု ခြေလှမ်းတစ်ရပ်အနေနှင့် ရည်ရွယ်ပြီး ပြုစုထားပါသည်။ မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် လမ်းဆုံ၊ လမ်းခွဲ၌ရောက်နေပြီး အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်မှာလည်း လမ်းကြောင်းပေါ်တွင် ရောက်ရှိနေချိန်ဖြစ်ရာ ထိုကဲ့သို့သော ပြောဆိုဆွေးနွေးမှုများ ပေါ်ပေါက်လာရေးမှာ အထူးတလည် အရေးကြီးလျက်ရှိပါသည်။

ထို့ပြင် အစီရင်ခံစာ၏ အနှစ်သာရဖြစ်သော မြန်မာနိုင်ငံ၏ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်း (အခန်း(၃) တွင်ကြည့်ပါ) သည်

---

၁ ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းပြီးနောက်တွင် စစ်တပ်ကအာဏာအပ်နှင်းလိုက်သော နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီသည် GAD ကို MOHA လက်အောက်သို့ တရားဝင်ပြန်လည်ပြောင်းရွှေ့လိုက်သည်။

၂ ကုလသမ္မဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) ၏ ထုတ်ပြန်ချက်အရ ၂၀၂၁၊ ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်းတွင် ပြည်တွင်း၌ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၉၈၆,၅၀၀ နီးပါးအထိ ရှိပြီဖြစ်သည်။ နောက်ထပ် လူပေါင်း ၄၇,၂၀၀ (အများစုမှာ ချင်းပြည်နယ်မှ ဖြစ်သည်) မှာလည်း အိမ်နီးချင်းနိုင်ငံတစ်ခုသို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ဖြစ်သည်။ UNHCR(2022) တွင်ကြည့်ပါ။

မြန်မာနိုင်ငံသစ်ကို ပုံဖော်မည့် အင်စတီကျူးရှင်းများ မှန်းဆပုံဖော်ခြင်း၊ ပြင်ဆင်ခြင်း၊ ညှိနှိုင်းခြင်း တို့အတွက် အရေးကြီးသော သက်ရောက်မှုရှိသည့် အရေးပါလှသော သတင်းအချက်အလက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာကို လက်ရှိအသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံဆိုင်ရာ လုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ပြည်ထောင်စုလွှတ်တော်၊ ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတို့အပါအဝင် မူဝါဒချမှတ်သူများ၊ သက်ဆိုင်ရာအရေးပါသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား သတင်းအချက်အလက်ပေးနိုင်ရန်လည်း ရည်ရွယ်၍ပြုစုထားပါသည်။

အစီရင်ခံစာကို အောက်ပါအစီအစဉ်အတိုင်း ပြုစုထားပါသည်။ အခန်း (၁) တွင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုများဆိုင်ရာ အချက်အလက်ရှားပါးမှုကို မီးမောင်းထိုးပြပြီး ထွေအုပ်ဌာန (GAD) ၏ မြို့နယ်အစီရင်ခံစာများမှ နောက်ခံအချက်အလက်များနှင့် ထိုအစီရင်ခံစာများမှ ရရှိသော အချက်အလက်များ၏ အကန့်အသတ်ရှိမှုတို့ကို ဆွေးနွေးထားပါသည်။ အခန်း (၂) တွင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားစုံလင်မှုအပေါ် ခြုံငုံသုံးသပ်ချက်တစ်ရပ်ကို ဖော်ပြကာ ထွေအုပ်ဌာန (GAD)၏ မြို့နယ်အစီရင်ခံစာများနှင့်အတူ ၁၉၃၁၊ ၁၉၇၃၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများအပေါ် အခြေခံကာ မျက်မှောက်ကာလ၌ တိုင်းရင်းသားများ နိုင်ငံအတွင်း ပျံ့နှံ့တည်ရှိမှု ခန့်မှန်းချက်များအား တင်ပြထားပါသည်။ အခန်း (၂) တွင် တိုင်းရင်းသားဘာသာစကား ကွဲပြားမှု ညွှန်းကိန်း (ethno–linguistic fractionalization(ELF) index) ကိုလည်း ထည့်သွင်းမိတ်ဆက်ထားပါသည်။ ထိုညွှန်းကိန်းသည် မြန်မာနိုင်ငံအတွင်းရှိ ဒေသအဆင့်အုပ်ချုပ်မှုနယ်မြေအဆင့်အသီးသီးတွင် တိုင်းရင်းသားကွဲပြားစုံလင်မှုကို နှိုင်းယှဉ်ကြည့်နိုင်ရန်နှင့် ပုံဖော်ကြည့်နိုင်ရန် လူမှုရေးသိပ္ပံပညာရပ်တွင် အသုံးချသောနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ထို့နောက် အခန်း(၃) တွင် မြန်မာနိုင်ငံရှိ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများ၏ နယ်နိမိတ်များ ဖြစ်ပေါ်လာပုံ မူလအကြောင်းရင်းခံများအား ရှင်းပြပြီး ပြည်နယ်တစ်ခုချင်းစီဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်တစ်ရပ်ကို ဖော်ပြထားပါသည်။ ထို့ပြင် ပြည်နယ်တစ်ခုစီတိုင်းတွင် တိုင်းရင်းသားကွဲပြားစုံလင်ပုံနှင့် ပြည်နယ်အမည်တပ်ထားသော တိုင်းရင်းသားများ မည်သည့်နေရာများတွင် စုစည်းနေထိုင်ကြသနည်းဆိုသည်တို့ကိုလည်း လေ့လာဆန်းစစ်ထားပါသည်။

နောက်ဆုံးတွင် အစီရင်ခံစာကို မူဝါဒ ၃ ရပ် အကြံပြုဆွေးနွေးပြီး နိဂုံးချုပ်ထားပါသည်။ ပထမဆုံးအနေဖြင့် – အာဏာသိမ်းမှုအလွန်ပေါ်ပေါက်လာသော အင်စတီကျူးရှင်းများအနေနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာကျွမ်းကျင်သူများ၏ အကူအညီကိုရယူကာ လူဦးရေနှင့် အခြား စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့၌ အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းထားသည်။ ထိုလုပ်ငန်းစဉ်မှတဆင့် တိုင်းရင်းသားအမျိုးအစားခွဲခြားသတ်မှတ်ခြင်းကို တစ်သမတ်တည်းဖြစ်အောင် ကိုက်ညီခြင်းနှင့် အချက်အလက်များ အရည်အသွေး ကောင်းမွန်မှန်ကန်မှုရှိစေရန်၊ လွယ်လင့်တကူရယူနိုင်စေရန် ဆောင်ရွက်ခြင်းတို့ကိုပါ အရှိန်မြှင့် လုပ်ဆောင်သွားသင့်ပါသည်။ ဒုတိယအနေနှင့် ဖက်ဒရယ်နယ်မြေများနှင့် အခြားဒေသအဆင့်နယ်မြေများ ပုံဖော်သတ်မှတ်ရာတွင် မူလရှိနှင့်ပြီးသား အဖွဲ့အစည်းများအပြင် ကျော်လွန်၍ စဉ်းစားရခြင်းမျိုး ရှိလာနိုင်ကြောင်းနှင့်ပတ်သက်၍ မီးမောင်းထိုးပြထားပါသည်။ မြန်မာ့ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး လက်ရှိအကျယ်တဝင့် ရေးသားဖော်ပြချက်များတွင် လက်ရှိ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများ၊ အထူးသဖြင့် ရှိရင်းစွဲ ပြည်နယ် (၇) ကို အတိုင်းအတာတစ်ခုအထိ ဆက်

လက်ထိန်းသိမ်းထားစေလိုသည့် သဘောထားတစ်ရပ်ကို တွေ့ရသည်။ ဒေသအဆင့်နယ်နိမိတ်များ ပြောင်းလဲပုံကို လေ့လာဆန်းစစ်မှုအရ လက်ရှိပြည်နယ်များ၏ နယ်နိမိတ်များသည် သမိုင်းကြောင်းအရ ပုံသေကားကျတည်ရှိလာခဲ့ခြင်းမျိုး မဟုတ်ဘဲ ၎င်းတို့၏ နယ်နိမိတ်များမှာ နိုင်ငံရေးညှိနှိုင်းမှုများမှ ထွက်ပေါ်လာသော သတ်မှတ်ချက်များသာဖြစ်ကြောင်းညွှန်ပြနေပါသည်။ ထို့ကြောင့် အနာဂတ် မြန်မာနိုင်ငံ၏ ဖက်ဒရယ်နယ်မြေများကိုစုပေါင်း၍ ပုံဖော်ကြည့်ခြင်း၊ ပြန်လည်၍ ပုံဖော်ကြည့်ခြင်းတို့ လုပ်ဆောင်ရဖွယ်ရှိပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် တိုင်းရင်းသားမျိုးနွယ်စုများကြားတွင် သာတူညီမျှမှုကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ တတိယနှင့် နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသည် ဒေသငယ်လေးများအဆင့်ထိ တိုင်းရင်းသားအမျိုးမျိုး ကွဲပြားစုံလင်လျက်ရှိသည့်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ဗျူရိုကရေစီစနစ်တွင်အပါအဝင် အသေးဆုံးအဆင့် အုပ်ချုပ်မှုနယ်မြေများအထိ အားလုံးပါဝင်သော အင်စတီကျူးရှင်းများဖန်တီးရန် အရေးပါပုံကို အလေးအနက်ထား ဖော်ပြထားသည်။

အခန်း (၁)

အချက်အလက်နှင့် နည်းစနစ်

ဤအစီရင်ခံစာတွင် တင်ပြထားသော လေ့လာစိစစ်ချက်ကို အဓိကအားဖြင့် ရင်းမြစ် ၂ ရပ် အပေါ်အခြေခံ၍ လုပ်ဆောင်ထားပါသည်။ ထိုရင်းမြစ် ၂ ရပ်မှာ ဖြိတိသျှဘားမားခရိုင်ဂေဇက်တီးယားနှင့် ၂၀၁၉ ထွေအုပ်ဌာန(GAD) မြို့နယ် အစီရင်ခံစာများတို့ ဖြစ်သည်။ ပထမရင်းမြစ်ဖြစ်သော ဖြိတိသျှဘားမားဂေဇက်တီးယားကို အတွဲနှစ်တွဲ ထုတ်ဝေခဲ့ပြီး ၁၉၁၂ အတွဲနှင့် ၁၉၂၄ အတွဲတို့ ဖြစ်သည်။ ထိုဂေဇက်တီးယားအတွဲများတွင် ခရိုင်အဆင့်အတွက် သမိုင်းဆိုင်ရာအသေးစိတ်အချက်အလက်များ (ဥပမာ – သမိုင်းနောက်ခံ၊ နယ်နိမိတ်များ၊ ပြည်နယ်အုပ်ချုပ်ရေးနှင့် တိုင်းရင်းသားများပေါင်းစပ်ဖွဲ့စည်းပုံ) တို့ပါဝင်သည်။ ကိုလိုနီခေတ် ခရိုင်နယ်နိမိတ်သတ်မှတ်ပုံများမှာ မျက်မှောက်ခေတ် အုပ်ချုပ်မှုနယ်နိမိတ်များအပေါ် လွှမ်းမိုးမှုကြီးမားခြင်းကြောင့် ခရိုင်ဂေဇက်တီးယားများကို အရေးပါသောပင်မရင်းမြစ်တစ်ရပ်အနေဖြင့် ကိုးကားထားပါသည်။ ဒုတိယရင်းမြစ်ဖြစ်သော ထွေအုပ်ဌာန(GAD)မြို့နယ်အစီရင်ခံစာများမှနေ၍ မြို့နယ်အဆင့် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များကို ရယူထားပါသည်။

ဤအခန်းတွင် ထွေအုပ်ဌာန(GAD)မြို့နယ်အစီရင်ခံစာများကို ရည်ရွယ်ချက် ၂ ရပ်ဖြင့် အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။ ထိုရည်ရွယ်ချက် ၂ ရပ်မှာ (၁) ထွေအုပ်ဌာန(GAD)မြို့နယ်အစီရင်ခံစာများ၏ နောက်ခံအချက်အလက်များနှင့် ယင်းအချက်အလက်များကို ဤအစီရင်ခံစာတွင် အသုံးချထားပုံတို့နှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်တစ်ရပ်ဖော်ပြရန်၊ (၂) ထိုမူလရင်းမြစ်၏ အကန့်အသတ်များကို ဖော်ထုတ်သတ်မှတ်ပြီး ယင်းအကန့်အသတ်များ၏ သက်ရောက်နိုင်ချေကို ဆွေးနွေးတင်ပြရန်တို့ ဖြစ်သည်။

> "မြန်မာ့နိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှု ရှိလာစေရေးဆောင်ရွက်ရာတွင် ခွဲခြမ်းစိတ်ဖြာထားသော၊ ယုံကြည်ထိုက်သော အချက်အလက်ကင်းမဲ့မှုသည် အခြေခံစိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသေးပြီး ထိုကဲ့သို့ကင်းမဲ့မှုကြောင့်ပင် အလေးထားဂရုပြုမှု မရရှိသော လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်မှု အခြေအနေ၊ အဆင့်အတန်းများကို ခြေရာခံ၊ စောင့်ကြည့်မှတ်သားရန်လည်း ခက်ခဲလျက်ရှိသည်။"
> (Ebead and Hirakawa 2022: 8)

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်ခေါင်းပါးမှု

"မြန်မာ့နိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှု ရှိလာစေရေးဆောင်ရွက်ရာတွင် ခွဲခြမ်းစိတ်ဖြာထားသော၊ ယုံကြည်ထိုက်သော အချက်အလက်ကင်းမဲ့မှုသည် အခြေခံစိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသေးပြီး ထိုကဲ့သို့ကင်းမဲ့မှုကြောင့်ပင် အလေးထားဂရုပြုမှု မရရှိသော လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်မှုအခြေအနေ၊အဆင့်အတန်းများကို ခြေရာခံ၊စောင့်ကြည့်မှတ်သားရန်လည်း ခက်ခဲလျက်ရှိသည်" (Ebead and Hirakawa 2022: 8)။

အထောက်အထားအခြေပြု မူဝါဒချမှတ်ခြင်းအတွက် အချက်အလက်သည် မရှိမဖြစ် အရေးပါသည်။ ထို့အတူ တိုင်းရင်းသားကွဲပြားစုံလင်မှုနှင့်ဆက်စပ်နေသော ပြဿနာများ၊ တိုင်းရင်းသားမျိုးနွယ်ပေါ်မူတည်၍ ဘေးဖယ်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကို လျှော့ချနိုင်ရေးအတွက် ဖွဲ့စည်းပုံဆိုင်ရာအစီအစဉ်များချမှတ်ခြင်းအပါအဝင် မူဝါဒနှင့် မဟာဗျူဟာပုံဖော်ချမှတ်ရာ၌ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်သည် အဓိကကျသည်။ ထို့ပြင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များက လူနည်းစုမျိုးနွယ်စုများနှင့် အဓိကမျိုးနွယ်စုများကြား၊ လူနည်းစု မျိုးနွယ်စုများ အချင်းချင်းကြားတို့တွင်လည်း မည်သည့်အတိုင်းအတာထိ ကွာခြားမှု၊ မညီမျှမှုများ ရှိနေသနည်းဆိုသည်ကို ပိုမိုနားလည်သိမြင်လာအောင် ကူညီပေးနိုင်ပါသည်။

သို့ရာတွင် ထိုကဲ့သို့သော အချက်အလက်များမှာ မြန်မာနိုင်ငံတွင် မရှိသလောက်နီးပါးပင် ဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ဆယ်စုနှစ် ၃ ခုအတွင်း ပထမဆုံး သန်းခေါင်စာရင်းဖြစ်ခဲ့ပြီး ထိုကွက်လပ်ကိုဖြည့်ဆည်းရန် အထောက်အကူဖြစ်ခဲ့သည်။ သို့သော် ထိုသန်းခေါင်စာရင်းတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များမှာ မရေမရာနှင့် ချန်လှပ်ထားခံခဲ့ရသည်။[၃] ကျွန်ုပ်တို့ သိရှိရသလောက် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များ အသေးစိတ်ပါဝင်သည့် တစ်ခုတည်းသောရင်းမြစ်မှာ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများသာ ရှိပါသည်။

တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာအချက်အလက်များ ကင်းမဲ့ရခြင်းအကြောင်းရင်းတစ်ချက်မှာ ၂၀၁၄ သန်းခေါင်စာရင်း မတိုင်မီတွင် ဆယ်စုနှစ် ၃ ခုမျှ သန်းခေါင်စာရင်းကောက်ယူမှု မရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း ၂ ကြိမ်သာ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။[၄] ထို့ပြင် ယင်းသန်းခေါင်စာရင်းများ၌ နိုင်ငံအဆင့်နှင့် တိုင်း/ပြည်နယ်အဆင့်များတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များ ထည့်သွင်းခဲ့သော်လည်း သန်းခေါင်စာရင်း ထုတ်ပြန်ချက်များတွင် ပို၍အသေးစိတ်ကျသော မြို့နယ်အဆင့် အချက်အလက်များ ပါဝင်ခဲ့ခြင်းမရှိပေ။

တစ်နိုင်ငံလုံးအတိုင်းအတာအရရော၊ အထူးအားဖြင့် မြို့နယ်အဆင့်တွင်ပါ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များ ကင်းမဲ့ရခြင်း၏ အခြားသောအကြောင်းရင်းတစ်ရပ်မှာ မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်နှင့်ပတ်သက်လာလျှင် အကဲဆတ်တတ်သည့်သဘောရှိခြင်းကြောင့် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပုံနှိပ်ဖော်ပြမည့်အရေးနှင့်ပတ်သက်၍ အာဏာပိုင်များကသာမက လူနည်းစုအသိုင်းအဝိုင်းမှလူများ၊ ပညာရှင်များနှင့် လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများကပါ မလိုလားသည့်သဘောထားမျိုးလည်း ရှိနေသေးသည်။ ထိုကဲ့သို့ မလိုလားမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းအတော်များများရှိပါသည်။ ယင်းတို့ထဲမှ တစ်ချက်မှာ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ စာရင်းအင်းများမှာ ရှုပ်ထွေးနေခြင်း၊ မမှန်ကန်ခြင်းတို့

---

၃ မြန်မာ့အရေး လေ့လာသူ၊ ဝေဖန်သုံးသပ်သူနှင့် ပညာရှင် အများအပြားက သန်းခေါင်စာရင်း အငြင်းပွားမှုအကြောင်း ရေးသားထားကြသည်။ ဥပမာအနေနှင့် Palatino (2014) ကို ကြည့်ပါ။

၄ ပါလီမန်ခေတ်(၁၉၄၈ – ၁၉၆၂) အတွင်းတွင် ၁၉၅၃ ခုနှစ်၌ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူရန် ကြိုးပမ်းမှုတစ်ရပ်ရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ တစ်ဆက်တည်း အဆင့်ဆင့် ရေတွက်မှတ်တမ်းတင်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တိုင်းပြည်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ထိုအစီအစဉ်မှာ အကောင်အထည်မပေါ်ခဲ့ပေ။ ၁၉၆၂ အာဏာသိမ်းပြီးနောက်တွင် ဆိုရှယ်လစ်အစိုးရသည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးသန်းခေါင်စာရင်းကောက်ယူမှုကို ၁၉၇၃ တွင်လုပ်ဆောင်ခဲ့သည်။ Myanmar(n.d.a) တွင် ကြည့်ပါ။

ဖြစ်နေမည်ကို စိုးရိမ်၍ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တရားဝင်မှတ်တမ်းတင်ထားသော တိုင်းရင်းသားမျိုးနွယ်မှာ တိုင်းရင်းသားတစ်ဦးချင်း နှင့်/သို့မဟုတ် လူမျိုးစုတစ်ခုက ၎င်းတို့ကိုယ် ၎င်းတို့ ခံယူထားသော မျိုးနွယ်နှင့် ကွဲပြားနေရာမှ မှားယွင်းပြီး အမျိုးအစားခွဲခြားမှုများ ဖြစ်ပေါ် နိုင်၍ဖြစ်သည်။ ထိုမှတဆင့်ရရှိလာသော ကိန်းဂဏာန်းများမှာလည်း တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေအရွယ်အစားကို တိတိကျကျ မပြသနိုင်ခြင်းမျိုးလည်း ရှိလာနိုင်သည်။ ထိုစိုးရိမ်ပူပန်မှုနှင့်ပတ်သက်၍ မေရီကယ်လာဟန် (Mary Callahan) က အောက်ပါအတိုင်း ဆွေးနွေးထားသည်။ "ကိန်းဂဏာန်းများ ထုတ်ပြန်လိုက်သောအခါတွင် တိုင်းရင်းသား(လူမျိုး) အများအပြားမှာ ၎င်းတို့၏ ပကတိနှင့် နှိုင်းရစာရင်းအင်းအရ ကိုယ်စားပြုမှုများအပေါ် စိတ်ပျက်လက်ပျက် ဖြစ်ကြလိမ့်မည်ဖြစ်သည်။ ထို့အတူ အခြားလူမျိုးများကို ကိုယ်စားပြုဖော်ပြထားသည့် ကိန်းဂဏာန်းများမှာမူ သံသယဖြစ်လောက်ဖွယ် ကြီးမားနေပြီး အကြံအစည်ရှိရှိ ကိန်းဂဏာန်းများဖောင်းပွအောင် ဖန်တီးလုပ်ယူထားခြင်းဖြစ်ဖွယ်ရှိသည်ဟုလည်း ရှုမြင်ကြလိမ့်မည်" (Callahan 2017 : 453)။ မြို့နယ်တစ်ခုတည်းအတွင်း အခြားမျိုးနွယ်စုတစ်ခုနှင့် ယှဉ်တွဲနေထိုင်သော မျိုးနွယ်စုတစ်ခုက ထိုကိန်းဂဏာန်းများကို သိရှိရမှုနှင့် ပေါင်းလိုက်သောအခါ ထိုကဲ့သို့သောစိတ်ပျက်မှုမှတဆင့် အင်အားနည်းပါးသောလူမျိုးစုများအနေနှင့် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများပိုမိုခံရခြင်းနှင့် ကြုံလာရနိုင်သည်။

ထိုစိုးရိမ်ပူပန်မှုများမှာ ယုတ္တိကျပြီး အရေးပါသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အချက်အလက်ကောက်ယူစုဆောင်းမှုနှင့် အချက်အလက်ရယူအသုံးပြုခွင့်ကို တစ်ထပ်တည်း မမှတ်ယူရန်မှာ အရေးကြီးပါသည်။ အချက်အလက်မပါဘဲ မှန်းဆချက်များအပေါ်တွင်သာ အခြေခံထားသော မူဝါဒချမှတ်ခြင်းနှင့် အင်စတီကျူးရှင်း တည်ဆောက်ခြင်းတို့သည် ဆန့်ကျင်ဘက်ရလဒ်နှင့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်ကိုလည်း သတိပြုရပါမည်။ ထို့ပြင် ဖွဲ့စည်းပုံရေးဆွဲခြင်းနှင့်ပတ်သက်ပြီး ငြင်းခုန်ဆွေးနွေးရာတွင် (ဥပမာ – ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) နှင့် NUG ၏ မူဝါဒများ) တိုင်းရင်းသားရေးရာကို ပင်မနေရာတွင် ဆက်လက်ထားရှိ ဆွေးနွေးရာ၌ မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စု၏ နယ်မြေအခင်းအကျင်းကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရေးအတွက် ရရှိနိုင်သမျှသော အရင်းအမြစ်များမှ ရယူရန်မှာလည်း အရေးကြီးလှပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (သို့) ထွေအုပ်ဌာန (GAD) မြို့နယ် အစီရင်ခံစာများ

ထွေအုပ်ဌာန(GAD) သည် ၁၉၈၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေးတွင် ပင်မကျောရိုးဖြစ်လာခဲ့သည်။ ထွေအုပ်ဌာန(GAD)၏ ပင်မလုပ်ငန်းတာဝန်များထဲမှတစ်ခုမှာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကြားတွင်အပြန်အလှန်ဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးကူညီပေးပြီး ၎င်းတို့ကို အခြေခံအကျဆုံး ရပ်ကွက်နှင့်ကျေးရွာအုပ်စု (ရပ်/ကျေး(W/VT)အဆင့်ထိ ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများနှင့် ချိတ်ဆက်ပေးရန်ဖြစ်သည် (Saw and Arnold 2014)။ ထွေအုပ်ဌာန(GAD) သည် ရပ်/ကျေးအဆင့်တွင် လုပ်ငန်းဆောင်ရွက်သည့် တစ်ခုတည်းသော အစိုးရဌာနဖြစ်ခြင်းကြောင့် ထူးခြားသည်။[၅] ၎င်း၏အရေးပါလှသော ပူးပေါင်းဆောင်ရွက်ခြင်းအခန်းကဏ္ဍ

၅ ထွေအုပ်(GAD) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအောက်တွင် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများရှိပြီး ၎င်းတို့သည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံလူထုအကြား အရေးကြီးသည့် ကြားခံလူများအဖြစ် ဆောင်ရွက်ရသည်။ ယခင် အာဏာရှင်လက်အောက်(၁၉၉၀ – ၂၀၁၀)တွင် ဒေသတွင်း ထွေအုပ်(GAD)အရာရှိများသည် အစိုးရ၏ထောက်လှမ်းရေး

ကြောင့် ထွေအုပ်ဌာန(GAD) သည် လူဦးရွှေ့ပြောင်းမှုနှင့် အခြေခံဖွားဖွားသေစာရင်းအင်း အချက်အလက်များအပါအဝင် သက်ဆိုင်ရာအစိုးရဌာန အသီးသီးမှရရှိသော အရေးကြီးလှသည့် လူဦးရေဆိုင်ရာအချက်အလက်များကို စုဆောင်း၊ ထိန်းသိမ်းရသည် (Saw and Arnold 2014)။

အထက်တွင်ဖော်ပြခဲ့သော သတင်းအချက်အလက်များကို အသုံးပြုပြီး ထွေအုပ်ဌာန (GAD) သည် မြို့နယ်တစ်ခုစီအတွက် နှစ်စဉ်အစီရင်ခံစာများ ပြုစုရသည်။[၆] အစီရင်ခံစာများသည် တစ်ခုလျှင် ပျမ်းမျှအားဖြင့် စာမျက်နှာ ၁၅၀ ရှိပြီး လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများသာမက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ညွှန်းကိန်းများကိုပါ မြို့နယ်အဆင့်၌ အဆင့်ဆင့် ခွဲခြားထားသော အချက်အလက်များ ပါဝင်သည်။ ဤအစီရင်ခံစာတွင် အသုံးပြုထားသော တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များသည် ထွေအုပ်ဌာန (GAD) မြို့နယ်အစီရင်ခံစာများမှ သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် အခြေချနေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုတစ်ခုစီ၏ လူဦးရေအရွယ်အစားကို ညွှန်ပြသော အခန်းတစ်ခုပေါ်တွင် အခြေခံထားပါသည်။[၇]

ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာတိုင်း၏ နိဒါန်းတွင် ဌာနအသီးသီးမှ ကောက်ယူပြီး ၎င်းတို့ထံပေးပို့သော အချက်အလက်များအပေါ်အခြေခံ၍ အစီရင်ခံစာကို ပြုစုထားကြောင်း ဖော်ပြထားသည်။ ထိုအကြမ်းဖျင်းဖော်ပြမှုမှလွဲ၍ အချက်အလက်များကို ရယူသည့်ရင်းမြစ်နှင့် ပတ်သက်၍ အခြားထပ်မံဖော်ပြထားခြင်းမျိုး မပါဝင်ပေ။ ကျောင်းအရေအတွက်၊ ကျောင်းတက်နှုန်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်နှုန်းတို့ကို အခြေခံပညာဦးစီးဌာနမှရရှိသည်ဟု ယူဆရသည်။ ထို့အတူ တိုင်းရင်းသားဦးရေအပါအဝင် လူဦးရေအရွယ်အစားဆိုင်ရာ အချက်အလက်များကို ပြည်သူ့အင်အားဦးစီးဌာန (DOP)မှ ရရှိသည်ဟုယူဆရသည်။ သို့ရာတွင် ဌာနတစ်ခုစီမှ ထွေအုပ်ဌာန(GAD) သို့ ကိန်းဂဏန်းများပေးပို့သည့် လုပ်ငန်းစဉ်ကိုမူ ဖော်ပြထားခြင်းမရှိပေ။

ထွေအုပ်ဌာန(GAD)မြို့နယ်အစီရင်ခံစာများကို PDF ဖိုင်အနေဖြင့်သာ ရရှိနိုင်သဖြင့် မြို့နယ်အဆင့်၌ တိုင်းရင်းသားများ တည်ရှိနေထိုင်ပုံဆိုင်ရာအချက်အလက်များကို ညွှန်ပြသောဇယားများကို PDF ဖိုင်မှထုတ်နုတ်ရယူပြီး အသုံးပြုနိုင်သော ဖိုင်အမျိုးအစား(ဥပမာ – Excel) ဖြစ်အောင် ပြန်လည်ရေးဆွဲရန် လိုအပ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် အများသူငါ လွတ်လပ်စွာ အသုံးပြုခွင့်ပေးထားသော " ပုံပါ အက္ခရာစာလုံးများကို ကွန်ပျူတာနားလည်နိုင်သော ကုဒ်ဘာသာစကားသို့ပြောင်းလဲသောကိရိယာ (optical character recognition tool/OCR)"[၈] တစ်မျိုးကို ကျွန်ုပ်တို့

တာဝန်ကိုလည်း ထမ်းဆောင်ခဲ့ရသည်။ လက်ရှိ အာဏာသိမ်းပြီးနောက်ပိုင်းကာလတွင်လည်း ဒေသတွင်းနေထိုင်သူများသည် သက်ဆိုင်ရာ ထွေ/အုပ် ရုံးများထံ ဧည့်စာရင်းတိုင်ကြားကြရသည်။

၆ သို့သော် ရှမ်းပြည်နယ်ရှိ မြို့နယ် ၅ မြို့နယ် – မိုင်းလား၊ မိုင်းမော၊ နားဖန်း၊ ပန်ဆန်း၊ ပန်ဝိုင် တို့အတွက် အစီရင်ခံစာ မတွေ့ရပါ။

၇ GAD က ဤမြို့နယ်အစီရင်ခံစာများကို မည်သည့်အချိန်က စတင်ထုတ်ပြန်ခဲ့သနည်း ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရပါ။ ကျွန်ုပ်တို့ အနေဖြင့် ဤအစီရင်ခံစာများကို MIMU ဝက်ဘ်ဆိုဒ် (https://themimu.info) မှတဆင့် ၂၀၁၈ ခုနှစ်တွင် တွေ့ရှိခဲ့ပါသည်။ GAD ကိုလေ့လာသော မြန်မာ့အရေး ကျွမ်းကျင်သူတစ်ဦးကမူ သူမအနေဖြင့် ဤအစီရင်ခံစာများကို ၂၀၁၃ ခုနှစ်ကတည်းက တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ ဤအစီရင်ခံစာများရှိနေပြီမှာ ဆယ်စုနှစ်များနှင့်ချီ၍ ရှိနေပြီဖြစ်ပြီး ၂၀၁၀ လွန်ကာလ အစောပိုင်းနှစ်များတွင်မှ အများပြည်သူသို့ ဖြန့်ဝေခဲ့ခြင်း ဖြစ်ဖွယ်ရာရှိပါသည်။ လက်ရှိအချိန်တွင် ဤအစီရင်ခံစာများကို MIMU ဝက်ဘ်ဆိုဒ်တွင်သာမက မြန်မာဘာသာဖြင့် GAD ဝက်ဘ်ဆိုဒ် (http://www.gad.gov.mm/my) တွင်ပါ ရယူနိုင်ပါသည်။

၈ OCR ဖြင့် PDF ဖိုင်များမှ အက္ခရာစာလုံးများကို ထုတ်ယူပြီး စာရင်းအင်းဆော့ဖ်ဝဲဖြင့် လေ့လာဆန်းစစ်မှု ပြုလုပ်နိုင်ပါသည်။ GAD 2019 ဖိုင်များကို ထိုသို့ လုပ်ဆောင်ရာတွင်မူလုပ်ငန်းစဉ်ကို ရှုပ်ထွေးစေသော အကန့်အသတ် ၂ ခုနှင့်

အသုံးပြုထားပါသည်။ တိုင်းရင်းသားများ တည်ရှိနေထိုင်ပုဇွယားများကို ထုတ်နုတ်ရယူနိုင်မည့် ဇယားများ၊ အဓိကစာလုံးများကို ဖော်ထုတ်သတ်မှတ်သည့်လုပ်ငန်းစဉ်ကို ထိုကိရိယာဖြင့် အလို အလျောက် လုပ်ဆောင်ထားပါသည်။ အညွှန်းစာများနှင့် ကိန်းဂဏာန်းများကို မြန်မာဘာသာဖြင့် ရေးသားထားသော ထိုဇယားများအား အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့် Excel ဖိုင် အဖြစ်ပြောင်းခြင်းကိုမူ လူကိုယ်တိုင် လုပ်ဆောင်ထားပါသည်။

ထို့နောက် သုတေသနလက်ထောက် အဖွဲ့တစ်ဖွဲ့မှ Excel ဖိုင်ထဲမှ အချက်အလက်များကို ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာ မူရင်း PDF ဖိုင်များနှင့် တိုက်ဆိုင်စစ်ဆေးပါသည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီတိုင်းရှိမြို့နယ်ထက်ဝက် (စုစုပေါင်း ၁၆၂မြို့နယ်) ကို တိုက်ဆိုင်စစ်ဆေးရန် အတွက် ကျပန်းရွေးချယ်ပါသည်။[၉] ထိုလုပ်ငန်းစဉ်အတွင်း အမှားပြင်ဆင်မှု ၁၃ ခုသာ လုပ်ဆောင် ခဲ့ရပါသည်။ ထိုကဲ့သို့ မှားယွင်းမှုနှုန်းနည်းခြင်းကြောင့် လေ့လာစိစစ်ထားသော အချက်အလက် များသည် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲမှ အချက်အလက်များအတိုင်း တစ်ထပ် တည်း မကျလျှင်သော်မှ ယင်းအချက်အလက်များကို ထင်ဟပ်မှုရှိသည်ဟု အတော်လေး ယုံကြည်မှု ရှိပါသည်။

အချက်အလက်အရည်အသွေးနှင့် အကန့်အသတ်များ

အချက်အလက် ထုတ်နုတ်ရယူမှုအပိုင်းတွင် အမှားအယွင်း မဆိုစလောက်သာ ရှိနိုင် သော်လည်း အချက်အလက် အရည်အသွေးပိုင်းနှင့် ပတ်သက်၍မူ စိတ်မချနိုင်စရာများ ရှိနေပါ သည်။ ဆိုလိုသည်မှာ ထွေအုပ်ဌာန (GAD) မြို့နယ်အစီရင်ခံစာများထဲမှ အချက်အလက်များမှာ အစစ်အမှန် တိုင်းရင်းသားမျိုးနွယ်စုအခင်းအကျင်း (အခြေအနေ) အပေါ် ခိုင်မာသော ခန့်မှန်းချက် များ မဖော်ပြနိုင်ခြင်းမျိုး ရှိနေနိုင်သည်။ အချက်အလက်အရည်အသွေးနှင့်ပတ်သက်၍ ဆွေးနွေးရာ တွင် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံထားသော အချက်အလက်များ သည် အခြား ကိန်းဂဏာန်းအချက်အလက် ကောက်ယူထားမှုများကဲ့သို့ အမှန်အတိုင်း အတိအကျ မဟုတ်ဘဲ အမှန်နှင့်နီးစပ်အောင် ခန့်မှန်းထားသော အချက်အလက်များဖြစ်ကြောင်း သိရှိလက်ခံ ထားရန် အရေးကြီးပါသည်။ အချက်အလက်များ၏ အကန့်အသတ်ရှိမှုကို ချဉ်တွက်နိုင်ရန် ဤ အခန်းတွင် အချက်အလက် မတိကျမှားယွင်းမှု ဖြစ်နိုင်ခြေရှိသော အရင်းအမြစ်များကို ဆင်ခြင် သုံးသပ်ထားသည်။ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများတွင် ဖော်ပြထားသော လူဦးရေ အရွယ်အစားမှာ လက်ရှိအချိန်နှင့် မကိုက်ညီတော့ခြင်း နှင့်/သို့မဟုတ် တကယ့်အရှိပမာဏတစ်ရပ် နှင့် ထပ်တူမကျခြင်းတို့ ရှိနိုင်သော်လည်း ခန့်မှန်းလူဦးရေအချို့အစားမှာမူ တိုင်းရင်းသားမျိုးနွယ်စု အခင်းအကျင်း (အခြေအနေ)နှင့်ပတ်သက်၍ အသုံးဝင်သော၊ နီးစပ်သော ခန့်မှန်းချက်တစ်ရပ် ဖြစ်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချပါသည်။

ကြုံတွေ့ခဲ့ရပါသည်။ ပထမတစ်ခုမှာ OCR ကိရိယာများကို မြန်မာဖောင့်များအတွက် အသုံးပြု၍မရခြင်း ဖြစ်သည်။ ဒုတိယတစ်ခုမှာ GAD ဖိုင်များ၏အရည်အသွေးမှာ အမျိုးမျိုးကွဲလွဲနေခြင်းကြောင့် ကူးယူသည့်လုပ်ငန်းစဉ်တွင် ထပ် ဆောင်းအမှားများ ဖြစ်ပေါ်စေခြင်းဖြစ်သည်။ ထို့ကြောင့် အချက်အလက်ထုတ်ယူသည့်လုပ်ငန်းစဉ်ကို များသောအား ဖြင့်ဆော့ဖ်ဝဲနှင့်အလိုအလျောက်လုပ်ဆောင်သည်ဆိုသော်လည်းလုပ်ငန်းစဉ်အစမှနေ၍လူဖြင့်ကြီးကြပ်ခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ပါသည်။

၉ မြို့နယ်တစ်မြို့နယ်ရှိ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စု၏ လူဦးရေအရွယ်အစား မှန်ကန်တိကျမှု ရှိ၊မရှိကို စစ်ဆေး၊ ပြင်ဆင်ရန် သုတေသန လက်ထောက်များကို တာဝန်ပေးခဲ့ပါသည်။

တိုင်းရင်းသားမျိုးနွယ်ဖြစ်တည်မှု သတ်မှတ်ခြင်း

ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားဦးရေ ရေတွက်မှုသည် တိုင်းရင်းသားများကိုယ်တိုင် ၎င်းတို့၏ လူမျိုးကို သတ်မှတ်ကြေညာမှုအပေါ် အခြေခံထားခြင်း မဟုတ်ပေ။ အောက်တွင်ဆွေးနွေးထားသည့်အတိုင်း ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များမှာ နိုင်ငံသားမှတ်ပုံတင်ကဒ်(နိုင်ငံသားစိစစ်ရေးကဒ် ဟုလည်းခေါ်သည်) နှင့် ယာယီသက်သေခံလက်မှတ် (White Card) အပါအဝင် အစိုးရမှတ်တမ်း အမျိုးမျိုးပေါ်တွင်သာ အခြေခံထားခြင်း ဖြစ်နိုင်ဖွယ်ရာအရှိဆုံးပင်ဖြစ်သည်။[၁၀] အစိုးရထုတ်ပေးသော ထိုစာရွက်စာတမ်းများတွင် အခြားပုဂ္ဂိုလ်ရေးအချက်အလက်များနှင့်အတူ ကိုင်ဆောင်သူ၏ တိုင်းရင်းသား မျိုးနွယ်(*လူမျိုး*)ကိုလည်း ဖော်ပြထားသည်။ လူပုဂ္ဂိုလ်တစ်ဦးကိုင်ဆောင်သော ထိုသက်သေခံကဒ်များပေါ်တွင် ဖော်ပြထားချက်သည် ၎င်းတို့၏ ကိုယ်တိုင်သတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်နှင့် မကိုက်ညီမှုများ ရှိကောင်းရှိနိုင်သည်။

လူပုဂ္ဂိုလ်တစ်ဦး၏ သက်သေခံကဒ်ပေါ်တွင် ဖော်ပြထားသော တိုင်းရင်းသားမျိုးနွယ်ဆင်းသက်လာသည့် ရင်းမြစ်ကိုရှာဖွေသည့် လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ လူပုဂ္ဂိုလ်တစ်ဦး၏ မိဘများကိုင်ဆောင်သော အစိုးရက ထုတ်ပေးထားသည့် သက်သေခံလက်မှတ်များပေါ်တွင် အခြေခံပြီး ထိုပုဂ္ဂိုလ်၏ တိုင်းရင်းသားများနွယ်ကိုလည်း သတ်မှတ်ဖော်ပြသည်ဟုသာ ယူဆရသည်။ သို့ရာတွင် လူတစ်ဦး၏ သက်သေခံလက်မှတ်ပေါ်မှ တိုင်းရင်းသားမျိုးနွယ်သည် ၎င်း၏မိဘများနှင့် ကွဲပြားနေသည့် ပြုံးချင်စရာ ပုံပြင်ဆန်ဆန်အဖြစ်မျိုးများလည်း ရှိသေးသည်။ ထို့ပြင် မိဘများ၏ သက်သေခံကဒ်ပေါ်မှ တိုင်းရင်းသားမျိုးနွယ်မှာ ထိုမိဘများ ၎င်းတို့ကိုယ်၎င်းတို့ ခံယူထားသော တိုင်းရင်းသားမျိုးနွယ်နှင့် ကွဲပြားနေခြင်းများလည်းရှိသည်။ ထို့မှမကသေးဘဲ မီဒီယာများနှင့် NGO များ၏ အစီရင်ခံစာများ ဖော်ပြထားသည့် အဖြစ်အပျက်များအရ လူတစ်ဦးချင်းက ၎င်းတို့ကိုယ်တိုင် ခံယူထားသော တိုင်းရင်းသားမျိုးနွယ်ကိုဖော်ပြပေးရန် တောင်းဆိုမှုများကို အစိုးရအရာရှိများက ဥပက္ခာပြုကြခြင်းကြောင့် ဗမာလူမျိုး မွတ်စလင်တစ်ဦးသည် 'ပါကစ္စတန်နီအစ္စလာမ်'၊ ရှမ်းနီလူမျိုးတစ်ဦးသည် 'ဗမာ'၊ တအာန်းလူမျိုးတစ်ဦးသည် 'ရှမ်း' စသည်ဖြင့် မှတ်တမ်းတင်ခံရခြင်းများလည်း ရှိသေးသည် (Norwegian Refugee Council and Institute on Statelessness and Inclusion 2018 ; Consult Myanmar 2019)။

ရရှိနိုင်သော အချက်အလက်များ၏ ကန့်သတ်ချက်များ ရှိနေသော်လည်း တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာအခင်းအကျင်း (အခြေအနေ)ကို ခန့်မှန်းတွက်ချက်ရန်အတွက် ထွေအုပ်ဌာန (GAD) မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံသော အချက်အလက်များနှင့် ကိုယ်တိုင်လက်ခံသတ်မှတ်သော တိုင်းရင်းသားမျိုးနွယ်ဆိုင်ရာ အချက်အလက်တို့ကြား မည်မျှကွဲပြားခြားနားပြီး ကိုက်ညီမှုမည်မျှပါဝင်နေသနည်း ဆိုသည်ကို သိရှိနိုင်ရန်ခက်ခဲလျက်ရှိသည်။ ဥပမာအနေနှင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုကို ကြည့်ပါ။ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများတွင် 'ချင်း' ဟု ဖော်ပြထားသော လူဦးရေ၏ ရာခိုင်နှုန်းအချို့သည် ၎င်းတို့၏ဒေသ နှင့်/သို့မဟုတ် ဘာသာစကားအုပ်စုအရ မိမိကိုယ်ကိုယ် အရှိ၊ သို့မဟုတ် ဇိမီး စသည့် လူမျိုးများအဖြစ် သတ်မှတ်ခံယူထားခြင်းမျိုး

---

၁၀ ယာယီသက်သေခံလက်မှတ်(White Card) ကိုင်ဆောင်သူများသည် မြန်မာနိုင်ငံ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိခဲ့သော်လည်း ၎င်းတို့၏ မဲပေးပိုင်ခွင့်မှာ ၂၀၁၅ ခုနှစ် အစောပိုင်းတွင် ရုတ်သိမ်းခံခဲ့ရသည်။ ယာယီသက်သေခံလက်မှတ်(White Card) ကိုင်ဆောင်သူအများစုမှာ ရိုဟင်ဂျာများ ဖြစ်ကြသည်။ Tun(2019) တွင်ကြည့်ပါ။

ရှိနိုင်သည်။ ထိုရာခိုင်နှုန်းသည် အတော်အသင့်သေးငယ်ပါက လက်ရှိတိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်နှင့် ကိုယ်တိုင်သတ်မှတ်လက်ခံထားသော တိုင်းရင်းသားများမျိုးနွယ်စုဆိုင်ရာ အချက်အလက်တို့ကြား ကွဲပြားခြားနားမှုသည် ချင်း သို့မဟုတ် အခြားတိုင်းရင်းသားမျိုးနွယ်စုများကြား လူဦးရေဝေစုအပေါ် ခြုံငုံကောက်ချက်ချမှုများတွင် လမ်းကြောင်းလွဲစေလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ထိုရာခိုင်နှုန်းက ကြီးမားနေလျှင်မူ ကိုက်ညီမှုကွာခြားချက်မှာ ကြီးမားနိုင်ပြီး ရလဒ် အနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အခင်းအကျင်း/အခြေအနေအပေါ် ခန့်မှန်းချက်များမှာ လည်း များစွာလွဲမှားသွားနိုင်သည်။

တိုင်းရင်းသားမျိုးနွယ် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း

စုံလင်ကွဲပြားသော လူဦးရေရှိသည့် အခြားသောနိုင်ငံများစွာမှာကဲ့သို့ပင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက် ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အလေးဂရုပြုရသည့် ကိစ္စမှာ တိုင်းရင်းသားမျိုးနွယ် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းပင် ဖြစ်သည်။ ၁၉၈၂ နိုင်ငံသားဥပဒေ[၁၁]ပြဋ္ဌာန်းပြီး နိုင်ငံသားအဆင့်အတန်းခွဲခြားမှုကို ဖန်တီးလိုက်ချိန်မှစ၍ မြန်မာအစိုးရသည် မြန်မာလူမျိုးစု(တိုင်းရင်းသား) ၁၃၅ မျိုးကို အသိအမှတ်ပြုလက်ခံခဲ့သည်။ (၂၀၁၅ ခုနှစ်တွင် ၁၃၆ မျိုး ဖြစ်လာသည် [Thawnhmung and Yadana 2017])။ ထိုလူမျိုးစု(တိုင်းရင်းသား) များကို ဗမာ၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင် နှင့် ရှမ်း ဟူ၍ အဓိကလူမျိုးစု ၈ မျိုးအဖြစ် ခွဲခြားသတ်မှတ်ထားသည်။ ထိုအငြင်းပွားဖွယ်စာရင်းနှင့် အမျိုးအစား ခွဲခြားမှုကို ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမကောက်ယူမီ ဆိုရှယ်လစ် တစ်ပါတီအာဏာရှင်လက်ထက်တွင် ပြုစုခဲ့ခြင်းဖြစ်သည် (Myint 2013)။

အသိအမှတ်ပြု တိုင်းရင်းသားမျိုးနွယ်စုစာရင်းကြောင့် ကာလရှည်အငြင်းပွားမှုတစ်ရပ် ဖြစ်ရသည့်အကြောင်းရင်း တစ်ခုမကရှိပါသည်။ ပထမအကြောင်းရင်းမှာ လူမျိုးစုတစ်ခုကို အသိအမှတ်ပြုခြင်းက အသိအမှတ်ပြုခြင်းမခံရသော လူမျိုးစုများ၏ နိုင်ငံသားအခွင့်အရေးကို ငြင်းပယ်သည့်ဖြစ်စဉ်များ မြေပြင်တွင်ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးရာရောက်ခြင်းဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားမျိုးနွယ် အဆင့်အတန်းခွဲခြားသတ်မှတ်မှုက တိုင်းရင်းသားမျိုးနွယ် တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေသည်ဟု အချို့က ဆိုကြသည်(Ko and Ford 2022)။ ဒုတိယအကြောင်းရင်းမှာ အဓိက လူမျိုးစု ၈ စု ဟူ၍ ခွဲခြားခြင်းမှာ အငြင်းပွားစရာရှိနေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် (လူမျိုးစု) အမျိုးအစားအများစုမှာ အဓိပ္ပါယ် လုံးဝမရှိ၍ဖြစ်သည် (Wansai 2017)။ လူမျိုးစု-ယဉ်ကျေးမှု ကွဲပြားခြင်းအရရော သမိုင်းဆိုင်ရာနစ်နာမှုများကြောင့်ပါ (အဓိက လူမျိုးစုတစ်ခုခု အောက်ရှိ လူမျိုးစုအဖြစ်သတ်မှတ်ခံရသော) အချို့လူမျိုးစုအခွဲများက ၎င်းတို့ကို သတ်မှတ်ပေးထားသော အဓိကလူမျိုးစုထဲတွင် ၎င်းတို့ပါဝင်သည်ဟု သဘောမတူကြပေ။ ထို့ပြင် အခြားသော လူမျိုးစုခွဲများမှာ နိုင်ငံရေးအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ အရေးပါသည်ဟု သတ်မှတ်ခြင်းမခံကြရပေ။

စိတ်ဝင်စားစရာကောင်းသည်မှာ 'တိုင်းရင်းသား' ဟူသည့် အသုံးအနှုန်းကို FDC 'စစ်တပ်ရေးဆွဲသော ၂၀၀၈ အခြေခံဥပဒေကို အစားထိုးမည့် အခြေခံဥပဒေသစ်တစ်ရပ်အတွက် ရှေ့ပြေးအဖြစ် ရေးသားပြုစုထားသော စာရွက်စာတမ်း/ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် '(Chan and Ford

၁၁ ၁၉၈၂ နိုင်ငံသားဥပဒေတွင် တိုင်းရင်းသားများမျိုးနွယ်စုများကို အမှန်တကယ် စာရင်းပြုစုထားခြင်း မရှိပါ။

2021) တွင် တွေ့ရသော်လည်း ထိုအသုံးအနှုန်းကို အဓိပ္ပါယ်ဖွင့်ဆိုမထားပေ။ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံတွင် နိုင်ငံသားအခွင့်အရေး အပြည့်ရလိမ့်မည်ဟု NUG က ထုတ်ဖော်ပြောဆိုထားသည် (The Irrawaddy 2022)။ သို့သော်ငြားလည်း FDC တွင်အာမခံထားသော အခွင့်အရေးများအတွက် 'တိုင်းရင်းသား' ဟူသည့် အသုံးအနှုန်းကိုအသုံးပြုရာတွင် ရိုဟင်ဂျာလူမျိုးများနှင့် အခြားအသိအမှတ်ပြုခြင်း မခံရသော တိုင်းရင်းသားမျိုးနွယ်စုများ သည် 'တိုင်းရင်းသား' အသုံးအနှုန်းနှင့် မည်ကဲ့သို့ ဆက်နွယ်မှုရှိသနည်းဆိုသည်နှင့် ပတ်သက်၍မူ ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိပါ။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ် အမျိုးအစားခွဲခြားခြင်း အငြင်းပွားဖွယ်ရာ သဘောသဘာဝကြောင့် ရှိရင်းစွဲ စံပုံစံများ (၈ မျိုး၊ သို့မဟုတ် ၁၃၅ မျိုး)ထဲမှ မည်သည့်ပုံစံကို ရယူသည်ဖြစ်စေ ပြေလည်နိုင်စရာ မရှိပေ။

စိတ်ဝင်စားစရာကောင်းသည်မှာ ထွေအုပ်ဌာန (GAD) မြို့နယ် အစီရင်ခံစာများတွင် တိုင်းရင်းသားမျိုးနွယ်စု ၂ ဒါဇင်ကျော် ပါဝင်နေခြင်းဖြစ်သည် (ဇယား ၁–၁ ကိုကြည့်ပါ)။[၁၂] ရှမ်းလူမျိုးထဲမှ လူမျိုးစုခွဲများ ခွဲခြားသတ်မှတ်ရာမှ ထိုကဲ့သို့ စာရင်းဝင်တိုင်းရင်းသားမျိုးနွယ်စုများ တိုးပွားလာခြင်းဖြစ်သည်။[၁၃] ထို့ပြင် အဓိကလူမျိုးစု ၈ ခုနှင့် ကွဲပြားသည်ဟု ယေဘုယျလက်ခံထားသော လူမျိုးစုခွဲ ၂ ဒါဇင်ကျော်ခန့်ကိုလည်း စာရင်းထဲတွင်တွေ့ရသည်။[၁၄] ဥပမာ – ဓနု၊ ကိုးကန့်၊ ပအိုဝ်း၊ ပလောင်[၁၅]နှင့် ဝ တို့ကို 'ရှမ်း' မှနေ၍ သီးခြားခွဲထုတ်၍ စာရင်းသွင်းထားသည်။ ထို့ကြောင့် ထိုလူမျိုးစုများသည် ရှမ်းလူဦးရေ အရွယ်အစားထဲတွင် ပါဝင်ခြင်းမရှိတော့ပါ။ ထို့အတူ 'နာဂ' ကိုလည်း 'ချင်း' မှသီးခြားခွဲ၍ ဖော်ပြထားသည်။

---

၁၂ GAD မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များကို ' မြို့နယ်အတွင်း အခြေချနေထိုင်သောတိုင်းရင်းသားများ' ဟု ခေါင်းစဉ်တပ်ထားသည်။ ထိုဖော်ပြထားသောစာရင်းမှာ မြန်မာနိုင်ငံတွင် 'နိုင်ငံရေးအရသက်ဆိုင်မှုရှိသော မျိုးနွယ်စု' ဟု ယူဆနိုင်သည့် စာရင်းကိုသာ ထပ်တူနီးပါးဖော်ပြထားကြောင်း သတိပြုရန် အရေးကြီးပါသည်။ နိုင်ငံရေးအရသက်ဆိုင်မှုရှိသော မျိုးနွယ်စုဆိုသည်မှာ နိုင်ငံရေးပြိုင်ဆိုင်မှုနှင့် လူမှုရေးပဋိပက္ခအတွက် အရေးပါသည့် ယဉ်ကျေးမှုကွာခြားချက်ရှိသည့် မျိုးနွယ်စုများဖြစ်ပါသည် (Posner 2005 : xv)။ နိုင်ငံတစ်နိုင်ငံတွင် ထိုကဲ့သို့သော မျိုးနွယ်စုစာရင်းမှာ ယဉ်ကျေးမှုအရကွဲပြားသော မျိုးနွယ်စုစာရင်းနှင့် ကွဲပြားမှုရှိပြီး စာရင်းတွင်ပါဝင်သည့် မျိုးနွယ်စုအရေအတွက်မှာလည်း ပိုနည်းလေ့ရှိ ပါသည်။ မြန်မာနိုင်ငံတွင်မူ နိုင်ငံရေးအရ သက်ဆိုင်မှုရှိသော မျိုးနွယ်စုများ ဆိုရာတွင် အစိုးရ၏ အသိအမှတ်ပြုမှု ၊ နိုင်ငံရေးပါတီတစ်ခု၊ သို့မဟုတ် တော်လှန်ရေးအဖွဲ့အစည်းတစ်ခုတည်ထောင်ထားခြင်းတို့ရှိသည့် မျိုးနွယ်စုများကိုရော၊ မရှိသည့် မျိုးနွယ်စုများကိုရော ရည်ညွှန်းပါသည်။

၁၃ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများတွင် အဓိကမျိုးနွယ်စုများကို ခွဲခြားဖော်ပြရာတွင် မျိုးနွယ်စု ၈ ခုထက် ပို၍ပါဝင်နေခြင်းမှာ ၁၉၈၃ နှင့် ၁၉၄၇ သန်းခေါင်စာရင်းများနှင့် သိသာသောကွဲပြားမှုတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ခွဲခြားမှုကို မည်သည့်အတိုင်းအတာထိရွေးချယ်ပြီး လုပ်ဆောင်ထားသနည်း ဆိုသည်မှာမူ ရှင်းရှင်းလင်းလင်းမရှိပါ။ အချို့မျိုးနွယ်စုများ (ဥပမာ – ပအိုဝ်း) ကို GAD မြို့နယ်အစီရင်ခံစာများတွင် ရှမ်းပြည်နယ်နှင့် တိုင်းပြည်၏ အခြားဒေသများမှ ရှမ်းလူမျိုးနှင့် တစ်ပေါင်းတည်းမဖော်ပြဘဲ သီးခြားခွဲ၍ဖော်ပြထားသည်။ သို့သော် အဓိကမျိုးနွယ်စုမှ အခြားမျိုးနွယ်စုများကို ခွဲထုတ်ခြင်းကိုမူ တပြေးညီမဟုတ်ဘဲ ရွေးချယ်၍လုပ်ဆောင်ထားသည်။ ဥပမာ –ရှမ်းပြည်နယ်အတွက် အစီရင်ခံစာများတွင် လီဆူးတို့ကို ကချင်လူမျိုးမှ ခွဲထုတ်၍သီးခြားဖော်ပြထားသော်လည်း ကချင်ပြည်နယ်အတွက် အစီရင်ခံစာများတွင်မူ ထိုသို့ဖော်ပြထားခြင်းမရှိပါ။ ထို့အတူ ရှမ်းပြည်နယ်အတွက် အစီရင်ခံစာများတွင် ကရင်တို့ကို ကယားမှ ခွဲထုတ်ထားသော်လည်း ကယားပြည်နယ်အတွက် အစီရင်ခံစာများတွင်မူ ခွဲထုတ်ထားခြင်း မရှိပြန်ပါ။ ထိုကဲ့သို့ တပြေးညီမဟုတ်ဘဲ ရွေးချယ်လုပ်ဆောင်ရသည့် အကြောင်းရင်းကိုလည်း ရှင်းရှင်းလင်းလင်း မသိရပါ။

၁၄ 'တရုတ်သွေးနှော' နှင့် 'အိန္ဒိယသွေးနှော' (တိုင်းရင်းသား မျိုးနွယ်စုတစ်ခုခုနှင့် သွေးနှောသည်ဟု ယူဆရသည်) ဟူသည့် အမျိုးအစားတို့ကိုလည်း မွန်ပြည်နယ်၊ မုဒုံမြို့နယ် အတွက် ဇယားတွင် တိုင်းရင်းသား ဟူသော ခေါင်းစဉ်ဖြင့် တွေ့ရသည်။

၁၅ GADမြို့နယ်အစီရင်ခံစာများနှင့် ၂၀၀၈အခြေခံဥပဒေတွင်တအာန်းလူဦးရေကို ပလောင်ဟု ရည်ညွှန်းဖော်ပြထားသည်။ သို့သော် ထိုတိုင်းရင်းသား တို့က 'တအာန်း' ကိုသာ ပို၍နှစ်သက်ကြသည်။

ဇယား (၁-၁) GAD မြို့နယ်အစီရင်ခံစာများတွင် ဖော်ပြထားသော တိုင်းရင်းသားမျိုးနွယ်စုများ

အာခါ	ကဒူး	လားဟူ	မုန်းဝန်း	ဆလုံ(မော်ကင်း)
ဗမာ	ကနန်း	လီရှော	မြောင်ဇီး(မုံ)	ရှမ်း
ချင်း	ကယား	လီဆူး	နာဂ	တောင်ရိုး
ဓနု	ကယန်း	လိုင်	ပအိုဝ်း	ဝ
အင်းသား	ကရင်	လိုင်လာ	ပလောင်	ယင်း
ကချင်	ကိုးကန့်	မွန်	ရခိုင်	

မှတ်ချက် ။ ။ ထားဝယ်လူမျိုးများနှင့် ထနော့လူမျိုးများကို တောင်ကြီးမြို့နယ် အစီရင်ခံစာတွင်လည်း ဖော်ပြထားသည်။ သို့သော် ၎င်းတို့ကို မြန်မာနိုင်ငံ၏ အခြားမြို့နယ်များတွင်မူ မှတ်တမ်းမတင်ထားပေ။
ရှင်းမြစ် ။ ။ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ အချက်အလက်များရယူပြီး ဇယားကို အစီရင်ခံစာ ပြုစုသူများက ပြုစုထားသည်။

အာဏာမသိမ်းမီ အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်သည် လူမျိုးစု ၁၃၅ စု ဟု အသိအမှတ်ပြုခြင်းကို အခိုင်အမာ ကိုင်စွဲခဲ့ကြပြီး တကယ်တမ်းတွင် လူမျိုးစု ဆယ်ဂဏန်းကျော်မျှ လောက်သာပါဝင်သော စံပုံစံတစ်ခုကိုသာ အသုံးချခဲ့ကြသည်။ ဤကွဲပြားခြားနားချက်မှာ သတိပြုလောက်စရာပင် ဖြစ်သည်။ ဤအချက်က ယခင်အစိုးရများ၏ တရားဝင်တိုင်းရင်းသားမျိုးနွယ်စုစာရင်းနှင့် ပတ်သက်၍ ယူဆပြောဆိုမှုများမှာ တကယ့်အရှိတရားနှင့် များစွာအလှမ်းကွာနေကြောင်း၊ သို့မဟုတ်ပါကလည်း အနည်းဆုံးအနေဖြင့် လက်တွေ့နှင့်ကင်းကွာနေကြောင်း သွယ်ဝိုက်၍ ပြသနေသည်။

ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားမျိုးနွယ်စုများစာရင်းကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စု အသိုင်းအဝိုင်းအားလုံးက သဘောတူလက်ခံချင်မှ လက်ခံမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုအခင်းအကျင်းကို အတိအကျပုံဖော်ပြနိုင်ရန် ထိုစာရင်းကို များစွာမွမ်းမံရန်လည်း လိုအပ်နိုင်ပါသည်။ သို့ရာတွင် လူနည်းစု တိုင်းရင်းသားမျိုးနွယ်အများစုသည် ထိုစာရင်းကို အဓိကလူမျိုး ၈ မျိုး၊ သို့မဟုတ် လူမျိုး ၁၃၅ မျိုး စာရင်းထက်စာလျှင် ပို၍ လက်ခံနိုင်စရာရှိသည်ဟု မြင်ဖွယ်ရာရှိပါသည်။ ရှေ့တွင် ရှိနှင့်ပြီးသားပုံစံမှ ကွဲပြားမှုကြောင့် ထွေအုပ်ဌာန(GAD) မြို့နယ် အစီရင်ခံစာများထဲတွင် အသုံးပြုထားသော တိုင်းရင်းသားမျိုးနွယ်အမျိုးအစားခွဲခြားသတ်မှတ်ခြင်းသည် မြန်မာနိုင်ငံအကြောင်း လေ့လာသုံးသပ်သူများနှင့် တိုင်းရင်းသားမျိုးနွယ်များထဲမှ အရေးပါ၊ အရာရောက်သောပုဂ္ဂိုလ်များ မျှော်လင့်ထားသည်ထက် အငြင်းပွားစရာနည်းနိုင်သည်ဟု ယူဆရပါသည်။

တိုင်းရင်းသားမျိုးနွယ် ခွဲခြားသတ်မှတ်ခြင်းအပြင် မျိုးရိုးမတူသည့် မိဘနှစ်ပါးမှ ဆင်းသက်လာသော ပုဂ္ဂိုလ်(ကပြား)များကို အချက်အလက်များထဲတွင် မည်ကဲ့သို့မှတ်တမ်းတင်ထားသနည်းဆိုသည့်အချက်မှာလည်း ရှင်းလင်းမှုမရှိပေ။ အသိအမှတ်ပြုထားသော မျိုးနွယ်စုများအပြင် မြို့နယ်အစီရင်ခံစာများထဲတွင် နိုင်ငံခြားသားမျိုးနွယ် (နိုင်ငံခြားသားလူမျိုးများ) အချို့ကိုလည်း စာရင်းသွင်းထားသည်။ မြို့နယ်အနည်းငယ်တွင်သာ 'အခြား' ဟု ခေါင်းစဉ်တပ်ထားသော အမျိုးအစားသတ်မှတ်မှုတစ်ခုပါဝင်ပြီး ထိုအမျိုးအစားထဲတွင် ပါဝင်သောပုဂ္ဂိုလ်များမှာ 'ကပြား'များ ဖြစ်မည်

ဟု ယူဆရသည်။[၁၆] ထိုလိုအပ်ချက်ကြောင့် အချက်အလက်အရင်းအမြစ်နှင့် အချက်အလက်အရည်အသွေးတို့အပေါ် စိတ်မချရမှုများ မြင့်တက်စေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် အစိုးရထုတ်ပေးသော သက်သေခံလက်မှတ်များ၌ တိုင်းရင်းသားမျိုးနွယ် တစ်မျိုးတည်းထက် ဆင်းသက်လာသောမျိုးရိုးကို မှတ်တမ်းတင်ခြင်းကြောင့် ဖြစ်သည်။ ဥပမာ – ကရင်လူမျိုး မိခင်နှင့် ဗမာလူမျိုး ဖခင်တို့မှမွေးဖွားလာသော ပုဂ္ဂိုလ်တစ်ယောက်သည် 'ဗမာ–ကရင်' ဟုသတ်မှတ်ဖော်ပြခံရလိမ့်မည် ဖြစ်သည်။ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများတွင် တိုင်းရင်းသားမျိုးနွယ်ကို တစ်မျိုးတည်းအနေနှင့်သာ စာရင်းသွင်းထားသဖြင့် အထက်တွင်နမူနာပေးခဲ့သော ပုဂ္ဂိုလ်မျိုးမှာ ဗမာ၊ သို့မဟုတ် ကရင်ဟုသာ ရေတွက်ခံရနိုင်ချေရှိသည်။ ထိုဖြစ်စဉ်မျိုးကြောင့် တိုင်းရင်းသားမျိုးနွယ်စုတစ်မျိုးမျိုး – အထူးသဖြင့် 'ဗမာ' လူမျိုး– ၏ လူဦးရေဝေစုမှာ ဖောင်းပွနေခြင်းမျိုး ရှိနိုင်သည်။

ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည်နှင့် အချက်အလက် အရည်အသွေး

ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားဦးရေ ရေတွက်ပုံ အပါအဝင် လူဦးရေဆိုင်ရာ အချက်အလက်များ၏ရင်းမြစ်ကို သေချာအောင် မစိစစ်နိုင်ပါ။ သို့ရာတွင် ထွေအုပ်ဌာန (GAD) နှင့် ပြည်သူ့အင်အားဦးစီးဌာန (DOP) တို့နှင့် နီးစပ်သူများက အချက်အလက်များသည် ရပ်ကွက်/ကျေးရွာ GAD ရုံးများမှဖြစ်စေ၊ ယမန်နှစ် GAD မြို့နယ်အစီရင်ခံစာများ[၁၇] မှ ဖြစ်စေရရှိခြင်း ဖြစ်နိုင်သည်ဟုဆိုကြသည်။ အကယ်၍ လူဦးရေအချက်အလက်များသည် ရပ်/ကျေးရုံးများမှ ရရှိခြင်းဖြစ်ပါက ထွေအုပ်(GAD) မြို့နယ်ဝန်ထမ်းများသည် အရေအတွက်ကို ရေတွက်ရယူထားသည်ဟု ယူဆရသည်။ အစီရင်ခံစာဟောင်းများမှ ရရှိခြင်းဖြစ်ပါက ရှေ့နှစ်မှ ကိန်းဂဏန်းများကို ဖွား/သေ မှတ်တမ်းများ၊ နိုင်ငံသားမှတ်ပုံတင်ကဒ်များ ထုတ်ပေးမှု၊ လူဦးရေ ရွှေ့ပြောင်းမှုနှင့် အခြား ဆီလျော်မှုရှိသော အချက်အလက်များကို ထည့်သွင်းတွက်ချက်ကာ ညှိနှိုင်းထားခြင်းဟု ယူဆရမည်ဖြစ်သည်။ ထို့ကြောင့် အချက်အလက်များ၏ အရည်အသွေးသည် ဗျူရိုကရေစီယန္တရား လက်လှမ်းမီမှု အတိုင်းအတာနှင့် ယင်း၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမှီတည်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရားသည် ထွေအုပ်ဌာန(GAD)မှတဆင့် ကျေးရွာနှင့် ရပ်ကွက်အဆင့်ထိ နေရာအနှံ့ လက်လှမ်းမီရောက်ရှိသော်လည်း လူဦးရေအပေါ် အုပ်ချုပ်ရေးယန္တရားရောက်ရှိမှုမှာမူ ပြည့်စုံမှုမရှိပေ။ လူဦးရေကို မှတ်တမ်းတင်ရန်နှင့်စီမံရန် အစိုးရက အသုံးပြုသော အစိုးရမှတ်ပုံတင်ခြင်းနှင့် အခြားယန္တရားများသည် မြန်မာမိသားစုအများအပြားထံ ရောက်ရှိ

---

၁၆ မုဒုံမြို့နယ်သည် GAD မြို့နယ်အစီရင်ခံစာတွင် 'မြို့နယ်အတွင်း အခြေချနေထိုင်သော တိုင်းရင်းသားများ' ဇယား၌ အမျိုးအစားခွဲဖော်ပြရာတွင် 'တရုတ်သွေးနှော' နှင့် 'အိန္ဒိယသွေးနှော' ဟုဖော်ပြထားခြင်းကြောင့် တမူကွဲလျက်ရှိကြောင်း တွေ့ရသည်။

၁၇ GAD နှင့် DOP တို့မှ ခန့်အပ်ထားသော ဝန်ထမ်းများကို တိုင်းရင်းသားဦးရေ ရေတွက်သည့်လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်စွာနားလည်နိုင်ရန် အင်တာဗျူးရန်လိုအပ်ပါသည်။ သို့ရာတွင် ဤပရောဂျက်ကို ၂၀၂၁ အာဏာသိမ်းပြီးနောက်တွင်မှ စတင်ခြင်းဖြစ်သဖြင့် ထိုကဲ့သို့သောပုဂ္ဂိုလ်များမှာ အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ခြင်းကြောင့် ပုန်းရှောင်နေရခြင်း၊ သို့မဟုတ်ပါကလည်း လက်ရှိတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ဆက်သွယ်နိုင်ခြင်း မရှိခဲ့ပါ။ သို့သော် GAD နှင့်ပတ်သက်ပြီး အစီရင်ခံစာတစ်စောင် ပြုစုသော အလွတ်တမ်းသုတေသီတစ်ဦး၊ ၂၀၁၄ သန်းခေါင်စာရင်းတွင် အကြံပေးအဖြစ်ပါဝင်ခဲ့သူတစ်ဦးနှင့် ၂၀၁၉ ခုနှစ်က DOP ၏မြို့နယ်ရုံးမှ အငယ်တန်းဝန်ထမ်းတစ်ဦးတို့နှင့် ဆွေးနွေးခဲ့ပါသည်။ တိုင်းရင်းသားဦးရေ ရေတွက်မှုနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏နားလည်မှုမှာ ၎င်းတို့၏မှန်းဆချက်များပေါ်တွင် အခြေခံထားပါသည်။

နိုင်ခြင်းမရှိဘဲ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် ဖြစ်သည်။ ထို့ပြင် ပဋိပက္ခဒဏ် သက်ရောက်မှုရှိသော ဒေသများရှိ အစိုးရရုံးများသည် ပုံစံအပြည့်မလည်ပတ်နိုင်ခြင်းမျိုး ရှိနိုင်သည်။ ထိုအကျိုးဆက်အနေဖြင့် အစိုးရမှတ်တမ်းများသည် လူဦးရေကို လျော့နည်းရေတွက်မိခြင်းမျိုး ရှိနိုင်ပြီး ပဋိပက္ခဒဏ်သက်ရောက်မှုရှိသော ဒေသများတွင် ထိုသို့ဖြစ်နိုင်ခြေပိုများသည်။

အစိုးရအုပ်ချုပ်ရေးမှတ်တမ်းများပေါ် အခြေခံထားဖွယ်ရှိသည့် ထွေအုပ်ဌာန (GAD) မြို့နယ် အစီရင်ခံစာများမှ လူဦးရေအချက်အလက်များကို ရေတွက်စာရင်းတင်ခြင်းအပေါ် အခြေခံထားသည့် ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းမှ အချက်အလက်များနှင့် တိုက်ဆိုင်ကြည့်လျှင် လူဦးရေ လျော့နည်းရေတွက်မိထားကြောင်း ထင်သာမြင်သာတွေ့နိုင်သည် (ဇယား ၁-၂ ကိုကြည့်ပါ)။ မှန်းထားသည့်အတိုင်း ၂၀၁၄ သန်းခေါင်စာရင်းနှင့် ၂၀၁၉ ထွေအုပ်ဌာန(GAD)မြို့နယ်အစီရင်ခံစာများကြားတွင် လူဦးရေတိုးတက်မှုကို အတိုင်းအတာတစ်ခုထိ တွေ့ရသည်။ သိသိသာသာလျော့နည်းရေတွက်မိထားသည့် နေရာများမှာ ကချင်(- ၁၉.၆ ရာခိုင်နှုန်း)၊ ရှမ်း(-၁၄.၄ ရာခိုင်နှုန်း) နှင့် ရခိုင် (-၁၀.၅ ရာခိုင်နှုန်း) ပြည်နယ်တို့ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေမှာလည်း လျော့နည်းရေတွက်ထားသည်ဟု ယူဆရသည်။ ထို့သို့ဖြစ်ရခြင်းမှာမူ အုပ်ချုပ်ရေးယန္တရားက လူဦးရေအပေါ် လွှမ်းခြုံမှု ရှိခြင်း၊ မရှိခြင်းထက် စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရန်အတွက် အဆက်မပြတ် လူဦးရေရွှေ့ပြောင်းမှုကြောင့် ပို၍ဖြစ်ဖွယ်ရာရှိသည် (ဇယား ၁-၂ ၏ နောက်ဆုံး ကော်လံအရ ရန်ကုန်တိုင်းဒေသကြီးသည် ပြည်နယ်နှင့်တိုင်းအားလုံးတွင် အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည် အကောင်းဆုံးဖြစ်သည်)။

ဗျူရိုကရေစီယန္တရား၏ စွမ်းဆောင်ရည်ကို ထည့်သွင်းစဉ်းစားရသည့် ဒုတိယအကြောင်းရင်းမှာ အစိုးရမှတ်တမ်းများကိုအခြေခံပြီး စာရင်းအင်းစုဆောင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အစိုးရဝန်ထမ်းအနေဖြင့် စာရေးနှင့် သင်္ချာဆိုင်ရာကျွမ်းကျင်မှု အတိုင်းအတာတစ်ခုထိရှိရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရား၏ ကျွမ်းကျင်မှုကို တိုင်းတာနိုင်မည့်နည်းလမ်း ကျွန်ုပ်တို့တွင် မရှိခြင်းကြောင့် အစားထိုးအနေဖြင့် 'အသက်အရွယ် အစုအဝေး' (Age heaping)ကို ဆန်းစစ်ထားပါသည်။ သန်းခေါင်စာရင်း၏ အရည်အသွေးကို သိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် 'အသက်အရွယ် အစုအဝေးညွှန်းကိန်း' (Myer(မိုင်ယာ) ညွှန်းကိန်း၊ Whipple (ဝှစ်ပယ်လ်) ညွှန်းကိန်း တို့ကဲ့သို့သော) ကို တိုင်းတာခြင်းသည် လူဦးရေဆိုင်ရာ လေ့လာမှုများတွင် အသုံးများသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ လူဦးရေစစ်တမ်းကောက်ယူရာတွင် ဦးစားပေးကောက်ယူသည့် ကိန်းဂဏာန်းများ၏ အလေးပေးခံရသည့် အတိုင်းအတာကိုဖော်ထုတ်ရန်အတွက် ထိုကဲ့သို့သော ညွှန်းကိန်းများကို လူဦးရေဆိုင်ရာပညာရှင်များက အသုံးပြုကြသည်။ အသက်အရွယ်ကွာခြားမှုအမျိုးမျိုးကြားတွင် အများဆုံးဖြစ်နေသည့် အသက်အရွယ်များကိုကြည့်ခြင်းဖြင့် ထိုကဲ့သို့သော ဦးစားပေးမှုများကို ဖော်ထုတ်နိုင်သည်။ ထိုအသက်အရွယ်များမှာ ဝ သို့မဟုတ် ၅ နှင့် ဆုံးသည့် ကိန်းဂဏာန်းများဝန်းကျင် ဖြစ်လေ့ရှိသည်။ ထိုညွှန်းကိန်းများသည် လူဦးရေပညာရှင်များအား အချက်အလက်ကောက်ယူသည့် လုပ်ငန်းစဉ်တွင် အသက်အရွယ်နှင့်ပတ်သက်၍ အလေးဂရုမပြုခြင်း၊ သို့မဟုတ် ရောက်ရန်ခက်ခဲသောနေရာများတွင် နေထိုင်သည့် လူဦးရေထံမှ အချက်အလက်ကောက်ယူရာတွင် အခက်အခဲများကြုံရခြင်းတို့၏ နောက်ဆက်တွဲပြဿနာတစ်ရပ်ရှိနေကြောင်း အချက်ပြကြသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များသည် မကြာသေးမီကမှ ထိုညွှန်းကိန်းများကို နိုင်ငံတစ်နိုင်ငံ၏ ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည်ကိုသိရှိနိုင်ရန် အသုံးချလာကြသည် (Lee and Zhang 2017)။

ဇယား(၁–၂) မှ နောက်ဆုံးကော်လံသည် သန်းခေါင်စာရင်း အချက်အလက်များပေါ် အခြေခံပြီး ဝှစ်ပယ်လ်(Whipple) ပုံသေနည်းဖြင့် တွက်ချက်ထားသော 'အသက်အရွယ်အစုအဝေး' ညွှန်းကိန်းကိုဖော်ပြပါသည်။[၁၈] ကျွန်ုပ်တို့ တွက်ချက်ထားသောညွှန်းကိန်းသည် ထွေအုပ်ဌာန(GAD) အချက်အလက်များ၏ အရည်အသွေးကို တိုက်ရိုက်မညွှန်ပြသော်လည်း ထိုအချက်အလက်များ၏ အရည်အသွေးအပေါ် သက်ရောက်မှုရှိသော တိုင်း/ပြည်နယ်အဆင့် ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည်ကို ဖော်ပြပါသည်။ ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းသည် သီအိုရီအရ '၁၀၀' မှ '၅၀၀' ကြား ကိန်းဂဏန်းတစ်ခုကိုပေးပြီး ဂဏန်းကြီးလေလေ အချက်အလက်တိကျမှု နည်းလေလေဟုဖော်ပြသည်။ ခြုံ၍ကြည့်လျှင် မြန်မာနိုင်ငံ၏ ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းအရ သန်းခေါင်စာရင်း အချက်အလက်များသည် ခန့်မှန်းခြေ ၁၁၀ မှ ၁၂၅ ကြား ရှိကြောင်း တွေ့ရသည်။ သို့ရာတွင် လူနည်းစုတိုင်းရင်းသားဒေသများ (ဥပမာ–ပြည်နယ်များ) နှင့် တိုင်းဒေသကြီးများအကြား သိသိသာသာ ကွာခြားမှုတစ်ရပ် ရှိနေသည်။

ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းရမှတ်အနိမ့်ဆုံးရပြီး ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည် အကောင်းဆုံးဟု ယူဆနိုင်သည့်ဒေသများမှာ ရန်ကုန်(ညွှန်းကိန်းအမှတ် အနည်းဆုံး)၊ ဧရာဝတီ၊ ပဲခူး နှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်သည်။ ဝှစ်ပယ်လ် (Whipple) ညွှန်းကိန်းရမှတ် အမြင့်ဆုံးရရှိပြီး ဗျူရိုကရေစီယန္တရားစွမ်းဆောင်ရည် အားအနည်းဆုံးဟု ယူဆနိုင်သည့် ဒေသများမှာ ရှမ်း (ညွှန်းကိန်းအမှတ် အမြင့်ဆုံး)၊ ရခိုင်၊ ကချင်နှင့် ကရင်ပြည်နယ်တို့ ဖြစ်သည်။ ဤအချက်အလက်များတွင် 'ရည်ရွယ်ချက်ရှိရှိ လျော့နည်းရေတွက်ခြင်း' နှင့်ပတ်သက်၍ ဆွေးနွေးမထားသော်လည်း ထွေအုပ်ဌာန(GAD) မြို့နယ် အစီရင်ခံစာများထဲတွင် လျော့နည်းရေတွက်မိခြင်းများ ပါဝင်နေခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ဗမာများကြီးစိုးသောဒေသများနှင့်ယှဉ်ပါက ပဋိပက္ခဒဏ် သက်ရောက်ခံရသော တိုင်းရင်းသားလူနည်းစုဒေသများတွင် ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည် အားနည်းခြင်းကြောင့်ဖြစ်ကြောင်း အထောက်အထားအချို့ကို ဖော်ပြပေးနိုင်ပါသည်။ ဤလေ့လာစိစစ်ချက်က တိုင်းရင်းသားလူနည်းစုဒေသများမှ အချက်အလက်များသည် အခြားဒေသများမှ အချက်အလက်များနှင့်ယှဉ်ပါက အရည်အသွေးနိမ့်ကြောင်း ဖော်ပြလျက်ရှိသည်။

---

၁၈ ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ မတွက်ချက်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မြို့နယ်လူဦးရေကို အသက်အရွယ်အရ ခွဲခြားဖော်ပြထားခြင်း မရှိ၍ဖြစ်သည်။ ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းကို တွက်ချက်ရန် '၀' သို့မဟုတ် '၅' နှင့်ဆုံးသော အသက်အရွယ်ရှိသည့် လူဦးရေအချိုးအစားကိုသိရှိရန် လိုအပ်ပါသည်။

ဇယား (၁-၂) ၂၀၁၄ သန်းခေါင်စာရင်း၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများနှင့် အသက်အရွယ် အစုအဝေး

ပြည်နယ်/တိုင်း	၂၀၁၄ သန်းခေါင်စာရင်း[က]	GAD မြို့နယ် အစီရင်ခံစာများ	ကိန်းဂဏန်းအရ ကွာခြားချက်	ရာခိုင်နှုန်းအရ ကွာခြားချက်	အသက်အရွယ် အစုအဝေး[ခ]
ချင်း	478,801	532,727	53,926	10.1%	114.7
ကချင်	1,689,441	1,412,157	- 277,284	-19.6%	118.3
ကယား	286,627	282,697	- 3,930	-1.4%	115.6
ကရင်	1,574,079	1,595,210	21,131	1.3%	118.2
မွန်	2,054,393	2,149,501	95,108	4.4%	111.2
ရခိုင်	3,188,807	2,885,835	- 302,972	-10.5%	120.5
ရှမ်း[ဂ]	5,824,432	5,090,862	- 733,570	-14.4%	148.6
ပြည်နယ်စုစုပေါင်း	13,890,227	13,948,989	58,762	0.4%	121
ဧရာဝတီ	6,184,829	6,354,312	169,483	2.7%	108
ပဲခူး	4,867,373	4,963,294	95,921	1.9%	108.3
မကွေး	3,917,055	4,230,048	312,993	7.4%	109.1
မန္တလေး	6,165,723	5,951,666	- 214,057	-3.6%	113.4
နေပြည်တော်	1,160,242	1,118,989	- 41,253	-3.7%	111.4
စစ်ကိုင်း	5,325,347	5,542,269	216,922	3.9%	116.2
တနင်္သာရီ	1,408,401	1,505,161	96,760	6.4%	111
ရန်ကုန်	7,360,703	6,579,444	- 781,259	-11.9%	103.1
တိုင်းစုစုပေါင်း	36,389,673	36,245,183	- 144,490	-0.4%	110.1
မြန်မာစုစုပေါင်း[ဃ]	**51,486,253**	**50,194,172**	**- 1,292,081**	**-2.6%**	**115.5**

က ဂဏန်းများသည် တစ်ခုချင်းရေတွက်ထားသော လူဦးရေနှင့် ခန့်မှန်းလူဦးရေ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ကချင်နှင့် ကရင် ပြည်နယ်တို့မှ ပဋိပက္ခများနှင့်၊ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူမျိုးတို့၏ အခြေအနေတို့ကြောင့် ယင်းပြည်နယ်များမှ 46,600 ၊ 69,735 နှင့် 1,090,000 အသီးသီးသော လူဦးရေတို့သည် ထိုဒေသများတွင် ထည့်သွင်းရေတွက်ထားခြင်းမရှိဟု ခန့်မှန်းရသည်။

ခ အသက်အရွယ်အစုအဝေး ဂှစ်ပယ်လ် (Whipple) ညွှန်းကိန်းသည် ယေဘုယျအားဖြင့် ယခုကဲ့သို့အဓိပ္ပါယ်ရသည် => <105 အလွန်တိကျ ၊ 105 – 109.9 အသင့်အတင့်တိကျ ၊ 110 – 124.9 ခန့်မှန်းခြေ၊ 125–174.9 အကြမ်းဖျင်းနှင့် > 175 အလွန်အကြမ်းဖျင်း ။

ဂ GAD မြို့နယ်အစီရင်ခံစာများ၌ ရှမ်းပြည်နယ်မှ ပြည်နယ် ၄ ခု - မိုင်းမော၊ နားဖန်း၊ ပန်ဆန်း၊ ပန်ဝိုင်တို့ မပါဝင်ပါ။ ထိုမြို့နယ်များရှိ လူဦးရေသည် ၂၀၁၄ သန်းခေါင်စာရင်းအရ 388,289 ဖြစ်မည်ဟု ခန့်မှန်းရသည်။

ဃ ကမ္ဘာ့ဘဏ်က မြန်မာ့လူဦးရေကို ၂၀၁၄ ခုနှစ်တွင် ၅၂.၃ သန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၅၄ သန်းဟု ခန့်မှန်းထားသည်။ ကမ္ဘာ့ဘဏ် အချက်အလက်များကို https://data.worldbank.org/indicator/SP.POP.TOTL?locations=MM တွင် မည်သူမဆို ရယူနိုင်ပါသည်။

ရှင်းလင်း ။ ။ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ အချက်အလက်များရယူပြီး ဇယားကိုအစီရင်ခံစာပြုစုသူများက ပြုစုထားသည်။ ကွာခြားချက်များနှင့် အသက်အရွယ်အစုအဝေးတို့ကို အစီရင်ခံစာပြုစုသူများ ကိုယ်တိုင်တွက်ချက်သည်။

အထက်တွင်ဖော်ပြခဲ့သော ကွဲလွဲမှုများနှင့် စိတ်မချရမှုများကြောင့် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများထဲတွင် ညွှန်ပြထားသော ပကတိကိန်းဂဏန်းများကို ပုံသေကိန်းဂဏန်း တစ်ခုအဖြစ် မမှတ်ယူသင့်ပါ။ သို့ဖြစ်စေကာမူထိုခန့်မှန်းလူဦးရေအချို့ (ရာခိုင်နှုန်း)သည် လက်တွေ့

မြေပြင်ရှိ လူဦးရေကိန်းဂဏာန်းများကို နီးနီးစပ်စပ် ခန့်မှန်းပေးနိုင်ပေသည်။ အထက်တွင် ဆွေးနွေးခဲ့သလိုပင် အချက်အလက်အရည်အသွေးပေါ်သက်ရောက်မှုရှိသော အချက်များသည် တိုင်းရင်းသားမျိုးနွယ်များ၏ ဖြစ်စဉ်ဖြစ်ရပ်များကြောင့်ထက် ဒေသတွင်းဗျူရိုကရေစီယန္တရား၏ စွမ်းဆောင်ရည်ကြောင့်သာ ပို၍ဖြစ်ဖွယ်ရာရှိပါသည်။ တစ်နည်းပြောရလျှင် မြို့နယ်တစ်ခုရှိ ဗျူရိုကရေစီယန္တရား စွမ်းဆောင်ရည်နိမ့်ပါးခြင်းသည် လူအုပ်စုအချို့ပေါ်တွင်သာကျက်၍ သက်ရောက်ခြင်းမျိုးမဟုတ်ဘဲ ထိုမြို့နယ်ရှိ လူဦးရေအားလုံးပေါ်သို့ သက်ရောက်နိုင်ပါသည်။ ဥပမာအနေနှင့် ဇယား(၁-၃)မှ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ကိုကြည့်ပါ။ ဒုတိယကော်လံရှိ အုပ်စုအားလုံးအတွက် ကိန်းဂဏာန်းများ(လူဦးရေအရွယ်အစား)သည် လက်တွေ့မြေပြင် ကိန်းဂဏာန်းများထက် လျော့နည်းနေနိုင်ခြေအများဆုံးဖြစ်သည်။ သို့သော် တတိယကော်လံ(အချိုးအစား)ရှိ ရာခိုင်နှုန်းများမှာမူ လူဦးရေအရွယ်အစားကို အမှန်တန်ဖိုးများနှင့် ချိန်ညှိလိုက်ပါက အတိမ်းအစောင်းမှာ အနည်းငယ်သာ ရှိနိုင်ပါသည်။ ဤအစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြထားသော လေ့လာဆန်းစစ်မှုကို တိုင်းရင်းသားမျိုးနွယ်စုတစ်ခုစီ၏ လူဦးရေဝေစု၊ သို့မဟုတ် အချိုးအစားအပေါ်တွင် အဓိကအခြေခံပြီး ဆန်းစစ်ထားပါသည်။

ဇယား (၁-၃) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် တိုင်းရင်းသားမျိုးနွယ်စု အခင်းအကျင်းပြဇယား (GAD ၂၀၁၉ မြို့နယ်အစီရင်ခံစာများ)

	လူဦးရေ အရွယ်အစား	အချိုး
ဗမာ	29,047	13%
ကရင်	47,230	21%
မွန်	109,426	48%
အခြား	41,522	18%

ရင်းမြစ် ။ ။၂၀၁၉ ကျိုက်မရော GAD မြို့နယ်အစီရင်ခံစာမှ အချက်အလက်များ ရယူသည်။

အခန်း (၂)

မြန်မာ့ စုံလင်ကွဲပြားမှုအပေါ် ခြုံငုံသုံးသပ်ခြင်း

၂၀၁၉ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများက တိုင်းရင်းသားမျိုးနွယ်စု ၂ ဒါဇင် ကျော်ကို ဖော်ထုတ်သတ်မှတ်ထားသည် (ဇယား ၁-၁ ကိုကြည့်ပါ)။ ထိုမျိုးနွယ်စုများထဲတွင် ဗမာလူဦးရေအရွယ်အစားသည် အကြီးဆုံးဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် နိုင်ငံလူဦးရေ၏ ၆၉ ရာခိုင်နှုန်းရှိသည်။ အခြားမျိုးနွယ်စုများမှာ တစ်စုလျှင် နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ ကိုယ်စားပြုသည် (ဇယား ၂.၁ ကိုကြည့်ပါ)။ ကရင်လူဦးရေအရွယ်အစားသည် လူနည်းစု တိုင်းရင်းသားများထဲတွင် အကြီးဆုံးဖြစ်ပြီး လူဦးရေ၏ ၇ ရာခိုင်နှုန်းနီးပါး ကိုယ်စားပြုသည်။ 'ရှမ်း' မှာ ၅ ရာခိုင်နှုန်းနီးပါးရှိပြီး၊ 'ရခိုင်' က ၄.၃ ရာခိုင်နှုန်းရှိသည်။ ကျန်တိုင်းရင်းသားမျိုးနွယ်စုများမှာမူ တစ်စုလျှင် လူဦးရေ၏ ခန့်မှန်းခြေ ၂ ရာခိုင်နှုန်း၊ သို့မဟုတ် ထို့ထက်လျော့နည်း၍သာ ကိုယ်စားပြုသည်။

လူနည်းစုတိုင်းရင်းသားများ၏ လူဦးရေဝေစုနှင့်ပတ်သက်ပြီး ဇယား(၁-၂)မှ အထူးမှတ်သားရသည်မှာ ပြည်နယ်အမည်တပ်ခြင်းမခံရသော လူနည်းစုတိုင်းရင်းသား အများအပြားသည် လူဦးရေအရွယ်အစားအရ ပြည်နယ်အမည်တပ်ခံရသော လူနည်းစုတိုင်းရင်းသားအချို့နှင့် တူညီနေခြင်းပင်ဖြစ်သည်။ ဥပမာ- ပအို့ဝ်း လူဦးရေသည် အနည်းဆုံးအနေဖြင့် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများအရဆိုလျှင် ကယားနှင့် ကချင် လူဦးရေအရွယ်အစားထက် ပို၍ကြီးမားသည်ကို တွေ့ရသည်။ နောက်ထပ်မှတ်သားသင့်သည်မှာ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများ၏ အချက်အလက်အရ ရိုဟင်ဂျာများသည် ခန့်မှန်းခြေအားဖြင့် တိုင်းပြည်လူဦးရေ၏ အနည်းဆုံး ၁.၂ ရာခိုင်နှုန်းရှိသည်။[၁၉]

---

၁၉ ရိုဟင်ဂျာနှင့်ပတ်သက်သော မှတ်ချက်အတိုလေးမှာ စနစ်တကျကိုးကား ဖော်ပြထားခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွက် မြို့နယ်အစီရင်ခံစာများတွင် လူပေါင်း ၅၇၀,၀၀၀ ခန့်ကို 'နိုင်ငံခြားသား' အဖြစ်သတ်မှတ်ပြီး 'ဘင်္ဂလားဒေ့ရှ်' ဟုဖော်ပြထားသည်။ ယင်းတို့အနက်မှ '၂၅၀,၀၀၀' မှာ မြောက်ပိုင်းပြည်နယ် ၃ ခုမှ ဖြစ်သည်။ UNHCR ၏ ခန့်မှန်းချက်အရ ၂၀၁၆-၁၇ တွင် စစ်တပ်က ရခိုင်ပြည်နယ်မြောက်ပိုင်းကို ထိုးစစ်ဆင်မှုများအတွင်း ရိုဟင်ဂျာ '၇၀၀,၀၀၀' ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ရခိုင်မြောက်ပိုင်းအတွက် GAD ခန့်မှန်းချက်များနှင့် UNHCR ၏ အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ခန့်မှန်းချက်များပေါ်အခြေခံ၍ လူအမြောက်အများ အိုးအိမ်စွန့်ခွာထွက်ပြေးရမှု မတိုင်မီက ရခိုင်မြောက်ပိုင်းရှိ ရိုဟင်ဂျာဦးရေကို စုစုပေါင်း ၁ သန်းခန့်ဟု လျှော့ချနိုင်သည်။ ဤလူဦးရေနှင့် ရခိုင်ပြည်နယ် အခြားဒေသများ(မြောက်ပိုင်း ၃ မြို့နယ်ပြင်ပ) ရှိ ရိုဟင်ဂျာဦးရေ တို့ကိုပေါင်းပြီး အိုးအိမ်စွန့်ခွာထွက်ပြေးရမှု မတိုင်မီက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူမျိုး ၁.၃ သန်းခန့်ဟု ခန့်မှန်းရသည်။ ဤခန့်မှန်းချက်သည် အခြားရင်းမြစ်များပေါ်အခြေခံသော ရိုဟင်ဂျာလူဦးရေ အရွယ်အစားအတွင်းတွင် ရှိပါသည်။ UNHCR(n.d.a;n.d.b) ကို ကြည့်ပါ။

လူနည်းစုတိုင်းရင်းသားအများစု၏ လူဦးရေဝေစုမှာ ၁၉၇၃ သန်းခေါင်စာရင်းနှင့် ယှဉ်ကြည့်ပါက အပြောင်းအလဲမရှိ တည်ငြိမ်နေခြင်းမှာလည်း စိတ်ဝင်စားစရာပင်ဖြစ်သည်။ ထူးထူးခြားခြား ခြွင်းချက်အနေဖြင့် 'ရှမ်း' လူဦးရေမှာမူ လျော့ကျသွားခဲ့သည်။ ထိုသို့လျော့ကျရခြင်းမှာ ၂၀၁၉ ထွေအုပ်ဌာန (GAD)မြို့နယ် အစီရင်ခံစာများတွင် 'ရှမ်း' ဟူသည့်ခေါင်းစဉ်အောက်မှ မျိုးနွယ်စုခွဲများ ခွဲထုတ်လိုက်ခြင်းကြောင့်ဟု မှတ်ယူရသည်။

ဗမာလူဦးရေ အချိုးအစားမှာ ၁၉၃၁ ဗြိတိသျှ–ဘားမား သန်းခေါင်စာရင်းတွင် ၆၁ ရာခိုင်နှုန်း ရှိရာမှ ၁၉၇၃ တွင် ၆၈ ရာခိုင်နှုန်းထိ ခုနှစ်တက်သွားခဲ့သည်။ လူမျိုးစုတစ်စု၏ လူဦးရေတိုးပွားမှုမှာ ထိုမျှလောက်ထိ ခုနှစ်တက်သွားခြင်းမှာ သဘာဝအတိုင်းဆိုလျှင် ဖြစ်လေ့မရှိပေ။ ထို့အတူ အစိုးရ ယန္တရား၏ အုပ်ချုပ်ရေးစွမ်းဆောင်ရည် အပြောင်းအလဲကြောင့်လည်း ဖြစ်နိုင်ဖွယ်ရာမရှိပါ။ အခြား လူမျိုးစုများ၏အချိုးအစားမှာ နှိုင်းယှဉ်ကြည့်ပါက အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ဖြစ်သည်။ ဗမာ လူဦးရေ အချိုးအစား ခုနှစ်တက်သွားခြင်းအတွက် အကြောင်းရင်းတိတိကျကျပြနိုင်ရန် ခက်ခဲသော်လည်း ၁၉၇၃ သန်းခေါင်စာရင်း၏ သမိုင်းနောက်ခံအခြေအနေကိုကြည့်ပါက အဖြေအချို့ ရရှိနိုင်စရာ ရှိပါသည်။[၂၀]

၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီစနစ်မှ နေဝင်း၏ ဆိုရှယ်လစ်အစိုးရ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ဟုခေါ်ခဲ့ကြသည်) သို့ ပြောင်းလဲခဲ့ပြီးနောက်တွင် ပြည်သူပိုင်သိမ်းမှုများ လုပ်ဆောင်ခဲ့ကာ ထိုပြည်သူပိုင်သိမ်းမှုများက အများအခေါ် 'ဗမာဇောတ်သွင်းခြင်း'နှင့် တိုင်းပြည်ကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဆက်အသွယ်ဖြတ်ကာ တံခါးပိတ်ဝါဒကျင့်သုံးခြင်း တို့ အပါအဝင် မူဝါဒချမှတ်ခြင်း နယ်ပယ်အသီးအသီးအပေါ် ရိုက်ခတ်မှုရှိခဲ့သည် (Holmes 1967)။ နေဝင်းအစိုးရသည် အမျိုးသားရေးဝါဒတည်ဆောက်မှုအပေါ်တွင်လည်း အာရုံစိုက်ခဲ့သည်။ အုပ်ချုပ်ရေးပိုင်းသည် အစိုးရ၏ အမျိုးသားရေးဝါဒကိုမြှင့်တင်ရန် အချို့နိုင်ငံသားများအပေါ်တွင် တိုင်းရင်းသားမျိုးနွယ်စုသတ်မှတ်ခြင်းကို အင်အားသုံးလုပ်ဆောင်ခဲ့ဖွယ်ရာရှိသည်။ သို့ရာတွင် မည်သည့်အတိုင်းအတာထိ ထိုသို့လုပ်ဆောင်ခဲ့သနည်း ဆိုသည်မှာမူ မြန်မာ့အရေးလေ့လာမှုတွင် အသိခက်သောပုစ္ဆာတစ်ပုဒ် အဖြစ်ကျန်ရှိနေဆဲဖြစ်သည်။[၂၁] 'ဗမာ' မဟုတ်သူအများအပြား– အထူးသဖြင့် ကပြားများ – မှာလည်း ငင်းတို့ကိုယ်ငင်းတို့ကာကွယ်ရန်၊ သို့မဟုတ် အဆင့်မြင့်ပညာသင်ကြားခွင့်ရရေး၊ မြို့ပြတွင် အခြေချနေထိုင်ရေးတို့ကဲ့သို့သော အချို့သောအကျိုးခံစားခွင့်များကိုရရှိရန်အတွက် ငင်းတို့၏ တိုင်းရင်းသားမျိုးနွယ်ကို ရည်ရွယ်ချက်ရှိရှိ ပြောင်းလဲခဲ့ခြင်းမျိုးလည်းရှိနိုင်သည်။[၂၂] တစ်နည်းအားဖြင့် မြန်မာနိုင်ငံထဲကျန်ရှိနေသော တိုင်းရင်းသားမဟုတ်သူ အချို့သည် ငင်းတို့၏တရားဝင် တိုင်းရင်းသားမျိုးနွယ်သတ်မှတ်ချက်ကို ပြောင်းလဲခြင်းဖြင့် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်း၊ သို့မဟုတ် ပညာရေး ဆိုင်ရာအခွင့်အလမ်းများရရှိခံစားခွင့် ကန့်သတ်ချက်များကို ပါးပါးနပ်နပ် ရှောင်ရှားခဲ့ကြဖွယ်ရာရှိသည်။[၂၃]

---

၂၀ ဤဗမာလူဦးရေ အချိုးအစား ခုနှစ်တက်မှုအတွက် အစီရင်ခံအပြင် ထပ်ဆောင်းသုတေသနများ လိုအပ်ပါသည်။

၂၁ BSPP ၏ ရည်ရွယ်ချက်များနှင့် နေဝင်း မူဝါဒ၏ ဆိုးကျိုးများနှင့်ပတ်သက်၍ သုံးသပ်ချက် ကို Taylor(2005: 278–79) တွင်ကြည့်ပါ။

၂၂ ဤဖြစ်စဉ်ကို တိုင်းရင်းသားမျိုးနွယ်စု သတ်မှတ်ချက်အား နားလည်ခြင်းအပေါ် အခြေခံသည့် နှိုင်းချိန်ရွေးချယ်မှုပုံစံတစ်ရပ်အဖြစ် ရည်ညွှန်းလေ့ရှိသည်။ Laitin(1995) တွင်ကြည့်ပါ။

၂၃ ဆိုရှယ်လစ်ခေတ် မြန်မာနိုင်ငံတွင် 'နိုင်ငံခြားသား' မျိုးနွယ်များသည် အသက်မွေးဝမ်းကျောင်း ပညာသင်(ဥပမာ – ဆေးပညာ၊ အင်ဂျင်နီယာ) ကျောင်းများ အဝံနှံခွင့်မရပါ။ Lwi(2000) တွင် ကြည့်ပါ။

ဇယား (၂-၁) မြန်မာ့ တိုင်းရင်းသားမျိုးနွယ်စု ပျံ့နှံ့နေထိုင်မှု

	GAD မြို့နယ် အစီရင်ခံစာများ	CIA Factbook	သန်းခေါင်စာရင်း		
	၂၀၁၉	n/a	၁၉၈၃	၁၉၇၃	၁၉၃၁
ဗမာ	68.5%	68%	69.0%	68.0%	61.2%
ချင်း	2.1%		2.2%	2.3%	2.4%
ခနု	0.6%				
ကချင်	1.5%		1.4%	1.5%	1.0%
ကယား/ကရင်နီ	0.4%		0.4%	0.4%	
ကရင်	6.6%	7%	6.2%	6.6%	9.5%
ကိုးကန့်	0.4%				
လားဟူ	0.5%				
မွန်	2.1%	2%	2.4%	2.3%	2.4%
ပလောင်/တအာန်း	0.8%				
ပအိုဝ်း	1.7%				
ရခိုင်	4.3%	4%	4.5%	4.4%	3.7%
ရှမ်း	4.7%	9%	8.5%	8.9%	8.3%
စုစုပေါင်း	**94.2%**	**90.0%**	**94.6%**	**94.4%**	**88.5%**

မှတ်ချက် ။ ။ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများတွင် ရှမ်းလူဦးရေကို တစ်ခုချင်းခွဲခြမ်းဖော်ပြထားသည်။ ကဏ္ဍစုံစုစုပေါင်းတွင် မပါဝင်သော လူဦးရေသည် 'အခြား' သို့မဟုတ် 'နိုင်ငံခြားသား' မျိုးနွယ်အမျိုးမျိုးအဖြစ် စာရင်းသွင်းထားသည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများ၊ CIA Factbook နှင့် ၁၉၃၁၊ ၁၉၇၃နှင့် ၁၉၈၃ သန်းခေါင်စာရင်းများမှ ရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ပြုစုထားသည်။

တိုင်းရင်းသား-ဘာသာစကား ကွဲပြားမှု

ဤအစီရင်ခံစာထဲတွင် စာရင်းအင်းကိန်းဂဏန်း ၃ မျိုးကို ကိုးကားထားပါသည်။ ၎င်းတို့မှာ (က) ဒေသအဆင့်အုပ်ချုပ်မှုနယ်မြေ အမျိုးမျိုးရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေဝေစု၊ (ခ) ဒေသအဆင့်အုပ်ချုပ်မှုနယ်မြေအမျိုးမျိုးတွင် အခြေချနေထိုင်သော သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ အချိုးအစား၊ (ဂ) တိုင်းရင်းသား-ဘာသာစကား ကွဲပြားမှု(ELF) ညွှန်းကိန်းတို့ ဖြစ်သည်။ ပထမအမျိုးအစား ကိန်းဂဏန်းများသည် မြို့နယ်၊ ခရိုင်၊ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးလူဦးရေ၏ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုတစ်ခုက ကိုယ်စားပြုသော ရာခိုင်နှုန်းကို ဖော်ပြသည်။ ဒုတိယတစ်မျိုးမှာ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးတစ်ခုတွင်နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ စုစုပေါင်းလူဦးရေ၏ ရာခိုင်နှုန်းကို ဖော်ပြသည်။ ELF ညွှန်းကိန်းမှာမူ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး

တစ်ခုတွင် တိုင်းရင်းသားမျိုးနွယ်စုများ ရောနှောနေထိုင်မှု အတိုင်းအတာကို ဖော်ပြပါသည်။

ELF ညွှန်းကိန်းသည် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများ၏ အချက်အလက်များမှ ရရှိသော တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ လူဦးရေဝေစုပေါ်တွင် အခြေခံပြီး နယ်မြေတစ်ခုတည်းမှ ကျပန်းရွေးချယ်ထားသော လူနှစ်ဦး၏ တိုင်းရင်းသား မျိုးနွယ်တူညီနေနိုင်ခြေနှင့်အလားတူသော ဟာဖင်ဒဲလ် ပါဝင်မှုညွှန်းကိန်း(Herfindahl Concentration Index (HCI))ကို အသုံးပြု တိုင်းတာထားပါသည်။ ပုံသေနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

$$ELF = 1-\sum_{i=1}^{n} Si^2$$

ထိုပုံသေနည်းတွင် ELF ညွှန်းကိန်းသည် နယ်မြေတစ်ခုအတွင်း တိုင်းရင်းသားမျိုးနွယ် ကွဲပြားမှုကိုဖော်ပြသည်၊ 'n ' မှာ တိုင်းရင်းသားမျိုးနွယ်စုအရေအတွက် စုစုပေါင်းကို ကိုယ်စားပြုသည် ပြီး 'i ' မှာ သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ညွှန်းကိန်းများကို ကိုယ်စားပြုသည်။ 'S' မှာမူ နယ်မြေတစ်ခုအတွင်း 'i ' တိုင်းရင်းသားမျိုးနွယ်စု၏ အချိုးအစားကိုကိုယ်စားပြုပါသည်။ တစ်နည်းပြောရလျှင် ELF ညွှန်းကိန်းသည် ၁ ထဲမှ တိုင်းရင်းသားမျိုးနွယ်စုများ၏ အချိုးများကို နှစ်ထပ်ကိန်းပြုကာ ပေါင်းထားသောပေါင်းလဒ်ကိုနှုတ်ခြင်း ဖြစ်သည်။ ညွှန်းကိန်းသည် ၀ မှ ၁ အတွင်းရှိပြီး '၀' မှာ ကွဲပြားမှုလုံး၀မရှိ (အမျိုးအစားတစ်မျိုးတည်း၊ သို့မဟုတ် စုံလင်ကွဲပြားမှုမရှိ) ဟု ဆိုလိုပြီး '၁' မှာ ကွဲပြားမှုအမြင့်ဆုံး (လုံးလုံးလျားလျား ရောနှောနေမှု) ဟု ဆိုလိုသည်။ ဤအစီရင်ခံစာတွင် ELF တန်ဖိုး '၀' မှ '၀.၃၃' အတွင်းကို ကွဲပြားမှု 'နိမ့်'၊ '၀.၃၃' မှ '၀.၆၆' ကို ကွဲပြားမှု 'အလယ်အလတ်'နှင့် '၀.၆၆' မှ '၁' ကို ကွဲပြားမှု 'မြင့်' ဟု သတ်မှတ်ထားသည်။

၂၀၁၉ ထွေအုပ်ဌာန (GAD) မြို့နယ်အစီရင်ခံစာများနှင့် ELF ပုံသေနည်းတို့အပေါ် အခြေခံတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ ယေဘုယျ ကွဲပြားမှုညွှန်းကိန်း တန်ဖိုးမှာ ၀.၅၂ ဖြစ်သည်။ 'ဘာသာရေးနှင့် တိုင်းရင်းသားမျိုးနွယ်အုပ်စုများ ပေါင်းစပ်ဖွဲ့စည်းပုံ (Composition of Religious and Ethnic Groups (CREG)) ပရောဂျက်အပေါ် အခြေခံ၍ ဒါရာဇာနိုဗာ(Drazanova) (၂၀၂၀)က မြန်မာနိုင်ငံ၏ ELF ညွှန်းကိန်း တန်ဖိုးကို ၀.၅၉ ဟု ခန့်မှန်းသည်။ ဒါရာဇာနိုဗာ (Drazanova)၏ အချက်အလက်များမှတဆင့် အရှေ့တောင်အာရှနိုင်ငံများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ နှိုင်းယှဉ်ကြည့်၍ ရပါသည်။ ဇယား (၂-၂) တွင် ပြထားသကဲ့သို့ပင် မြန်မာနိုင်ငံနှင့်ယှဉ်လျှင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှာ စုံလင်ကွဲပြားမှုပိုမြင့်မားပြီး၊ ကမ္ဘောဒီးယား၊ စင်္ကာပူနှင့် ထိုင်းတို့မှာမူ စုံလင်ကွဲပြားမှုပိုနည်းပါသည်။ ဤအချက်အလက်များအရ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ် စုံလင်ကွဲပြားမှုတွင် လာအို၊ မလေးရှားတို့နှင့် တူညီပါသည်။

ပုံ (၂-၁) တွင် အုပ်ချုပ်မှုနယ်မြေအဆင့်အသီးသီး(ပြည်နယ်/တိုင်း၊ ခရိုင် နှင့် မြို့နယ်)၌ တိုင်းရင်းသားမျိုးနွယ် စုံလင်ကွဲပြားမှုကွာခြားပုံကို ပုံဖော်ပြထားပါသည်။ ထိုမြေပုံများအရ ချင်းပြည်နယ်မှလွဲ၍ အခြားပြည်နယ်နှင့် တိုင်းများ နှိုင်းယှဉ်ပါက ပြည်နယ်များသည် တိုင်းဒေသကြီးများထက် 'စုံလင်ကွဲပြားမှု' ပိုမြင့်သည်ကို တွေ့နိုင်ပါသည်။ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ် တို့သည် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားမှု အမြင့်ဆုံးဒေသအဆင့် အုပ်ချုပ်ရေးနယ်မြေများဖြစ်ကြသည်။ သို့ရာတွင် ထိုဒေသများရှိ 'ခရိုင်များ' ကြားတွင် နှင့် 'မြို့နယ်များ' ကြားတွင် ကွဲပြားခြားနားမှု မြင့်မားသည်ကို လည်း တွေ့နိုင်သည်။

ပုံ (၂-၁) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်တို့တွင် တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည်(စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ အချက်အလက်များရယူပြီး မြေပုံများကို လက်ရှိဒေသများ၏ နယ်နိမိတ်များအပေါ် အခြေခံကာ စာရေးသူများကိုယ်တိုင် ရေးဆွဲထားသည်။ ELF ကို စာရေးသူများကိုယ်တိုင် တွက်ချက်သည်။

ဇယား (၂-၂) မြန်မာ့ ELF ရမှတ်ကို အခြား အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်း

နိုင်ငံ	၂၀၁၃ ခုနှစ် ELF ရမှတ်	တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားမှု အခြေအနေ
ကမ္ဘောဒီးယား	0.158	နိမ့်
အင်ဒိုနီးရှား	0.803	မြင့်
လာအို	0.634	အလယ်အလတ်
မလေးရှား	0.57	အလယ်အလတ်
မြန်မာ	0.59 (0.52)	အလယ်အလတ်
ဖိလစ်ပိုင်	0.807	မြင့်
စင်္ကာပူ	0.395	အလယ်အလတ်
ထိုင်း	0.352	အလယ်အလတ်

မှတ်ချက် ။ ။ Drazanova ၏ ELF ရမှတ် (0.59) နှင့် ကျွန်ုပ်တို့၏ ELF ရမှတ် (0.52) ကြား ကွာဟချက်ရှိရခြင်းမှာ အဓိကအားဖြင့် ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ ပို၍တိကျသော အချက်အလက်များ ရရှိခြင်းကြောင့် ဖြစ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို Drazanova(2020)နှင့် ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများထံမှ ရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ပေါင်းစပ်ပြုစုထားပါသည်။

အခန်း (၃)

အုပ်ချုပ်ရေးနယ်မြေများနှင့် တိုင်းရင်းသားမျိုးနွယ်စု ပုံနှံနေထိုင်မှု

မြန်မာ့မဲဆန္ဒနယ်များ၊ တစ်နည်းအားဖြင့် ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများ (ဥပမာ – ပြည်နယ်/တိုင်း၊ ခရိုင် နှင့် မြို့နယ်) သည် လွတ်လပ်ရေးရပြီးကတည်းက ပြည်သူ့အုပ်ချုပ်ရေးနှင့် မဲဆန္ဒနယ်များအတွက် အခြေခံအဖြစ်သတ်မှတ်ခံခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် အုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများပေးအပ်ရေးနှင့် နိုင်ငံရေးကိုယ်စားပြုမှုများအတွက် အရေးပါသော သက်ရောက်မှုများရှိလာခဲ့သည်။ ယင်းကြောင့်ပင် အားလုံးပါဝင်ခွင့်ရမှုနှင့် သာတူညီမျှမှုတို့ကိုဖော်ဆောင်နိုင်သော အင်စတီကျူးရှင်းများ ပုံဖော်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံကို မျှော်မှန်းပုံဖော်ရာတို့တွင် ထိုနယ်မြေများဖြစ်ပေါ်လာပုံနှင့် ၎င်းနယ်မြေများရှိတိုင်းရင်းသားမျိုးနွယ်စုနယ်မြေအခင်းအကျင်း/အခြေအနေများကို လေ့လာဆန်းစစ်မှုတစ်ရပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။

သမိုင်းကြောင်းအရ ယနေ့ခေတ်မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများကို အနောက်ဘက်တွင် အာရကန် ဘာသာစကားပြော ဘုရင်များ (ဥပမာ – မြောက်ဦးနိုင်ငံတော်)၊ အလယ်ပိုင်းခြောက်သွေ့ဒေသတွင် ဗမာစကားပြော ဘုရင်များ(ဥပမာ – ပုဂံ နိုင်ငံတော်) နှင့် တောင်ဘက်တွင် မွန်စကားပြော ဘုရင်များ (ဥပမာ – ဟံသာဝတီနိုင်ငံတော်) က အုပ်ချုပ်ခဲ့သည်။ အရှေ့ဘက်ကုန်းပြင်မြင့်ကိုမူ 'ရှမ်း' အပါအဝင် ဘာသာစကားအမျိုးမျိုးပြောသော စော်ဘွားများ (မျိုးရိုးအလိုက် ဆက်ခံအုပ်ချုပ်သူများကို ခေါ်သည့် တော်ဝင်ဘွဲ့) နှင့် မင်းသားများက အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ထိုအစိတ်အပိုင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက တိုင်းပြည်၏တောင်တန်းထူထပ်သော ဒေသများသည် အစောပိုင်းနိုင်ငံဖွဲ့စည်းတည်ထောင်မှုတွင် မပါဝင်ခဲ့ဘဲ ယင်းဒေသများတွင်မူ ဒေသခံအကြီးအကဲများကသာ အုပ်ချုပ်ခဲ့သည်။[၂၄]

မလွတ်လပ်မီခေတ်ဗြိတိသျှပိုင်ဗမာပြည်တွင် တိုင်း ၇ တိုင်းနှင့် ပဒေသရာဇ်ရှမ်းပြည်နယ်စုတို့အဖြစ် ဖွဲ့စည်းထားသော ခရိုင် ၃၉ ခုပါဝင်သည်။ တိုင်းများမှာ အာရကန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတို့ဖြစ်သည် (Tinker 1959)။ တိုင်းအချို့၏ အစိတ်အပိုင်း

၂၄ မြန်မာနိုင်ငံ၏ တောင်ကုန်း၊တောင်တန်းထူထပ်သောဒေသများကို ဇိမီယာ သို့မဟုတ် အရှေ့တောင်အာရှကုန်းမြင့်ဒေသများ၏ အစိတ်အပိုင်းအဖြစ် ပညာရှင်များကယူဆကြသည်။ ဇိမီယာအကြောင်း ပိုမိုသိရှိနိုင်ရန် Scott(2009) ကို ကြည့်ပါ။

များမှာ နယ်ခြားဒေသဟုခေါ်သော ဒေသများဖြစ်ခဲ့ကြရာ ရှမ်း၊ ကရင်နီပြည်တို့နှင့်အတူ မကွေးနှင့် စစ်ကိုင်းတိုင်း အပိုင်းများလည်းပါဝင်သည်။ 'ဗမာပြည်မ'[၂၅] ကို ဖြတိသျှအုပ်ချုပ်မှုအောက်သို့ သွတ်သွင်းပြီး နောက်တွင်မှ ထိုဒေသများ သိမ်းပိုက်ခံခဲ့ရခြင်းဖြစ်ပြီး ယင်းတို့ကို တောင်ပေါ်လူမျိုးစုများ၏ ဓလေ့ထုံးတမ်းများမှတဆင့် သွယ်ဝိုက်အုပ်ချုပ်ခဲ့သည် (နောက်ပိုင်းတွင် ဆွေးနွေးသွားပါမည်)။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ တိုင်းပြည်ကို ပြည်နယ်နှင့် တိုင်းများအဖြစ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ တိုင်းပြည်ကို ထိုကဲ့သို့ပြန်တည်ဆောက်ခဲ့သည်ဆိုသော်လည်း လက်ရှိဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေများသည် (အထူးသဖြင့် ခရိုင်နယ်နိမိတ်များ) များသောအားဖြင့် ကိုလိုနီခေတ် ခရိုင်နယ်နိမိတ်များအတိုင်း မပြောင်းလဲဘဲတူညီလျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ ပြည်နယ်များကို လှိုင်းနှစ်လှိုင်းဖြင့် ဖွဲ့စည်းခဲ့သည်။ ပထမလှိုင်းမှာ ဖြတိသျှတို့ထံမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၇ ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံဥပဒေ စတင်အသက်ဝင်ချိန်တွင်ဖြစ်သည်။ ထိုအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ ပထမဆုံးပြည်နယ် ၃ ခုဖြစ်သော ကချင်၊ ကရင်နီနှင့် ရှမ်းပြည်နယ်တို့ကို စတင်တည်ထောင်ခဲ့သည်။ ပင်လုံစာချုပ်(၁၉၄၇)၊ နယ်ခြားဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ (၁၉၄၇) နှင့် တိုင်းပြုပြည်ပြုလွှတ်တော် (၁၉၄၇)တို့တွင် ဆွေးနွေးမှုများနှင့် နိုင်ငံရေးသဘောတူညီနှိုင်းမှုများ၏ နိဂုံးရလဒ်အနေနှင့် ထိုပြည်နယ် ၃ ခုကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအုပ်ချုပ်ရေးဒေသများသည် ဒေသခွဲ မဟုတ်ရုံမျှသာမကဘဲ ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရသော ပြည်နယ်များ ဖြစ်ခဲ့ကြသည် (ဥပမာ – ပင်လုံစာချုပ်အရ ဒေသတွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိကြသည်)။ ၁၉၄၇ အခြေခံဥပဒေအရ ချင်းဝိသေသတိုင်းဒေသများကို ဖွဲ့စည်းခဲ့ပြီး ကရင်ပြည်နယ် တည်ထောင်ခွင့်ကိုလည်း အာမခံခဲ့သည်။ သို့ရာတွင် ကရင်ပြည်နယ် နယ်နိမိတ်များကို ၁၉၅၁ ခုနှစ် ရောက်သည်အထိ ပိုင်းခြားသတ်မှတ်ခဲ့ခြင်းမရှိပေ။ ကိုလိုနီခေတ်ခရိုင်များတွင် ပါဝင်ခဲ့ပြီး ပြည်နယ်များအသစ်ဖွဲ့စည်း တည်ထောင်ရာတွင် ပါဝင်မလာတော့သော ကျန်သည့်နယ်မြေများသည် တိုင်းဒေသများ၏ အစိတ်အပိုင်းအဖြစ် ဆက်ရှိခဲ့သည်။

ဒုတိယလှိုင်းမှာ ဗိုလ်ချုပ်နေဝင်းဦးဆောင်သော ဆိုရှယ်လစ်အစိုးရရေးဆွဲသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၇၄ အခြေခံဥပဒေ စတင်အသက်ဝင်ချိန်တွင် ဖြစ်သည်။ ထိုအခြေခံဥပဒေအရ ချင်းဝိသေသတိုင်းဒေသများကို ချင်းပြည်နယ်အဖြစ် ပြန်လည်ဖွဲ့စည်းလိုက်ပြီး ခရိုင်အနည်းငယ်ကို မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အဖြစ် ဖွဲ့စည်းလိုက်သည်။ ရလဒ်အနေနှင့် ပြည်နယ် ၇ ခု၊ တိုင်း ၇ ခု ရှိလာခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေတွင် တိုင်း ၇ ခုကို တိုင်းဒေသကြီးများဟု အမည်ပြောင်းလဲခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၏ တောင်ဘက်အစိတ်အပိုင်းကို နေပြည်တော်ပြည်ထောင်စုနယ်မြေအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၂၀၂၁ အာဏာသိမ်းချိန်၌ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးနယ်မြေ ၁၅ ခု ရှိခဲ့သည်။

အာဏာသိမ်းပြီးနောက်တွင် ယခင် နယ်နိမိတ်အဖွဲ့အစည်းသည် မည်သည့်အတိုင်းအတာအထိ အသက်ဝင်နေသေးသနည်းဆိုသည်မှာ မသေချာလှပေ။ ၂၀၂၂ ခုနှစ်၊ ဧပြီတွင် စစ်ကောင်စီ (SAC) က နိုင်ငံတဝှမ်း ခရိုင် ၄၆ ခု အသစ်ထပ်မံဖွဲ့စည်းကြောင်း ကြေညာခဲ့သည်(MITV 2022)။[၂၆]

---

၂၅ ဖြတိသျှအုပ်ချုပ်ရေးက တိုက်ရိုက်အုပ်ချုပ်သောနယ်မြေများကို စုပေါင်းပြီး 'မြန်မာပြည်မ' (Ministerial Burma / Burma Proper) ဟုခေါ်ခဲ့သည်။ ၎င်းတွင် တနင်္သာရီ၊ အာရကန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းတို့ပါဝင်သည်။

၂၆ ၂၀၂၂ ခုနှစ်၊ ဧပြီ ၃၀ ရက်နေ့တွင် စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီးဌာနသည် တနင်္သာရီတိုင်းတွင် ခရိုင်အသစ် ၁ ခု၊

တစ်ချိန်တည်းမှာပင် အာဏာသိမ်းပြီး မကြာမီမှာပင် CRPH ကထုတ်ပြန်ခဲ့ပြီး ၂၀၂၂၊ ဧန်နဝါရီတွင် ပြည်သူ့ညီလာခံမှ အတည်ပြုခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်(FDC) တွင် အာဏာသိမ်းမှုအလွန် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ တည်ထောင်ခြင်းအတွက် လမ်းပြမြေပုံတစ်ခုနှင့် မူဝါဒအများအပြားကို ဖော်ပြထားသည်။ FDC တွင် ပြည်နယ်များကို ဒေသအဆင့်မဲဆန္ဒနယ်များအဖြစ် သတ်မှတ်ပြီး ပြည်နယ်များသည် 'အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်များ' ဖြစ်သည်ဟု ဖော်ပြထားသည် (CRPH 2021)။ သို့ရာတွင် ထိုအဆင့်၌ ပြည်နယ်များ၏ သဘောသဘာဝကို တိတိကျကျသတ်မှတ် ထားခြင်းမရှိပေ (International IDEA 2022; 13)။ အခြေခံဥပဒေမူဘောင်သစ်တွင် နယ်နိမိတ် အဖွဲ့အစည်း၏ သဘောသဘာဝမှာ ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်သော်လည်း ဤအစီရင်ခံစာကိုပြုစုရန်နှင့် ရှိရင်းစွဲကိန်းဂဏန်းအချက်အလက်များကို အသုံးချနိုင်ရန်အတွက် အာဏာမသိမ်းမီကာလအုပ်ချုပ်ရေးပုံစံပေါ်အခြေခံ၍သာ လေ့လာဆန်းစစ်မှုကို လုပ်ဆောင်ထားပါသည်။ ဇယား (၃-၁)တွင် နောက်ဆုံးကောက်ယူထားသော သန်းခေါင်စာရင်း ၃ ခုတွင် ဖော်ပြထားသော ကိန်းဂဏန်းများနှင့် ဆီလျော်မှုရှိသော လူဦးရေတိုးပွားမှုခန့်မှန်းချက်များအရ ပြည်နယ်/တိုင်းတစ်ခုစီ၏ ခန့်မှန်းလူဦးရေအရွယ်အစားကို ဖော်ပြထားပါသည်။ (ပြည်နယ်/တိုင်း အဆင့် လူဦးရေတိုးပွားမှု အပေါ်သက်ရောက်မှုရှိသည့် အကြောင်းရင်းများမှာမူ ဤအစီရင်ခံစာက လေ့လာထားသည့် ဘောင်ထဲတွင် မပါဝင်ပါ)

ယခုအခန်း၏ နောက်ပိုင်းစာမျက်နှာများကို မြန်မာနိုင်ငံရှိ ပြည်နယ်များ တည်ထောင်ဖွဲ့စည်းမှုအစီအစဉ်အတိုင်း အစဉ်လိုက်ဖော်ပြထားပါသည်။ ပြည်နယ်တစ်ခုစီအတွက် ကဏ္ဍခွဲတစ်ခုစီ တိုင်းတွင် ယင်းပြည်နယ်တည်ထောင်ပုံ၊ ယနေ့ခေတ် တိုင်းရင်းသား စုံလင်ကွဲပြားမှုတို့ကိုသာမက ပြည်နယ်အမည်တပ်ထားသော တိုင်းရင်းသားမျိုးနွယ်စုများ ယင်းပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပတို့တွင် ပျံ့နှံ့နေထိုင်ပုံတို့ကို ခြုံငုံသုံးသပ်ပြထားပါသည်။

ဇယား (၃-၁) ပြည်နယ်/ တိုင်း အလိုက် လူဦးရေ

	၁၉၇၃ သန်းခေါင်စာရင်း	၁၉၈၃ သန်းခေါင်စာရင်း	၂၀၁၄ သန်းခေါင်စာရင်း	တိုးပွားမှု ရာခိုင်နှုန်း (၁၉၇၃ – ၂၀၁၄)
ကချင်ပြည်နယ်	737,939	904,794	1,689,441	128.9
ချင်းပြည်နယ်	323,295	368,949	478,801	48.1
ကယားပြည်နယ်	126,574	168,429	286,627	126.5
ကရင်ပြည်နယ်	858,429	1,055,359	1,574,079	83.4
မွန်ပြည်နယ်	1,314,224	1,680,157	2,054,393	56.3
ရခိုင်ပြည်နယ်	1,712,838	2,045,559	3,188,807	86.2
ရှမ်းပြည်နယ်	3,179,546	3,716,841	5,824,432	83.2
ဧရာဝတီတိုင်းဒေသကြီး	4,156,673	4,994,061	6,184,829	48.8

နေပြည်တော်ကောင်စီဧရိယာ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်နှင့် ရခိုင်ပြည်နယ်တို့နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂ ခုစီ၊ မန္တလေးတိုင်းဒေသကြီးတွင် ၄ ခု၊ ရှမ်းပြည်နယ်တွင် ၉ ခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၀ ခု တို့ကြေညာခဲ့သည်။ ဤအပြောင်းအလဲကြောင့် မြန်မာနိုင်ငံရှိ ခရိုင်အရေအတွက်မှာ ၇၅ မှ ၁၂၁ သို့ သိသိသာသာ တိုးသွားခဲ့သည်။

	၁၉၇၃ သန်းခေါင်စာရင်း	၁၉၈၃ သန်းခေါင်စာရင်း	၂၀၁၄ သန်းခေါင်စာရင်း	တိုးပွားမှု ရာခိုင်နှုန်း (၁၉၇၃ – ၂၀၁၄)
ပဲခူးတိုင်းဒေသကြီး	3,179,604	3,799,791	4,867,373	53.1
မန္တလေးတိုင်းဒေသကြီး (နှင့် နေပြည်တော်)	3,668,493	4,577,762	7,325,966*	99.7*
မကွေးတိုင်းဒေသကြီး	2,634,757	3,243,166	3,917,055	48.7
စစ်ကိုင်းတိုင်းဒေသကြီး	3,119,054	3,862,172	5,325,347	70.7
တနင်္သာရီတိုင်းဒေသ ကြီး	719,917	917,247	1,408,401	95.6
ရန်ကုန်တိုင်းဒေသကြီး	3,190,359	3,973,626	7,360,703	130.7

မှတ်ချက် ။ ။ ၂၀၁၄ သန်းခေါင်စာရင်းတွင် ရေတွက်ထားသည့် လူဦးရေရော ခန့်မှန်းလူဦးရေပါ ထည့်သွင်းထားသည်။ ယနေ့ခေတ် နေပြည်တော်သည် ယခင်က မန္တလေးတိုင်းတွင် ပါဝင်ခဲ့ပြီး ၂၀၀၈ အခြေခံဥပဒေတွင်မှ ခွဲထုတ်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော် လူဦးရေသည် ၂၀၁၄ သန်းခေါင်စာရင်းတွင် ၁,၁၆၀,၂၄၂ ရှိသည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃၊ ၁၉၈၃နှင့် ၂၀၁၄ သန်းခေါင်စာရင်းများမှ ရယူပြီး အစီရင်ခံစာပြုစုသူများက ဇယားကို ပြုစုထားသည်။ တွက်ချက်မှုများကို ကျွန်ုပ်တို့ ကိုယ်တိုင် တွက်ချက်ထားသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အကျဆုံး အုပ်ချုပ်မှုနယ်မြေဖြစ်ပြီး တရုတ်၊ အိန္ဒိယတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ပြည်နယ်၏ မြောက်ဘက်ခြမ်း ထက်ဝက်ခန့်သည် တောင်များထူထပ်ပြီး တောင်ဘက်ခြမ်းတဝက်တွင်မူ ယေဘုယျအားဖြင့် မြေပြန့်လွင်ပြင်များရှိသည်။ ဤပြည်နယ်အတွင်းပါဝင်သော နယ်မြေများ– အထူးသဖြင့် မြောက်ဘက်ပိုင်းသည် ကိုလိုနီခေတ်မတိုင်မီ ကာလတလျှောက် ကုန်းဘောင်ဘုရင်များ၏ အုပ်ချုပ်မှုမှကင်းလွတ်ခဲ့ကာ ကိုလိုနီအာဏာပိုင်များ၏ ထိပါးကျူးကျော်မှုကို အစဉ်တစိုက် ခုခံတော်လှန်ခဲ့သည့် ဒေသလည်းဖြစ်သည်။

ကချင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

၁၉၄၇ အခြေခံဥပဒေအရ စတည်ဖွဲ့စည်းတည်ထောင်ခဲ့သော ကချင်ပြည်နယ်သည် ဖြိတိသျှပိုင် ဗမာပြည်တွင် မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်ဟုခေါ်ခဲ့သောဒေသများမှ နယ်မြေများနှင့် ချင်းတွင်းအထက်ပိုင်းခရိုင်၏အစိတ်အပိုင်းများ (အထူးသဖြင့် ဟူးကောင်းချိုင့်ဝှမ်းအရှေ့ဘက်ခြမ်းဒေသများ၊ သို့မဟုတ် ယနေ့ခေတ် တနိုင်းမြို့နယ်) ပါဝင်သည်။ မြစ်ကြီးနားခရိုင်သည် ကချင်တောင်တန်းနှင့် ဟူးကောင်းချိုင့်ဝှမ်းအပါအဝင် ပြည်နယ်၏ပိုင်နက်နယ်မြေ အများအပြားဖြစ်လာခဲ့ပြီး ဗန်းမော်ခရိုင်မှာမူ ရွှေကူမြို့နယ်အပါအဝင် ပြည်နယ်၏ တောင်ဘက်စွန်းဖြစ်ခဲ့သည်။

သီပေါမင်း ပါတော်မူပြီး ကုန်းဘောင်မင်းဆက်(၁၇၅၂ –၁၈၈၅) အဆုံးသတ်သွားခဲ့သော တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၈၅) အပြီးတွင် ဖြိတိသျှတို့က ဗန်းမော်ကို ၁၈၈၅၊ ဒီဇင်ဘာတွင် စတင်သိမ်းပိုက်ခဲ့သည်။ ဖြိတိသျှတို့ရောက်လာပြီး မကြာမီမှာပင် ကချင်တို့က အထူးသဖြင့် မြစ်ကြီးနားခရိုင်၊ ကချင်တောင်တန်းဒေသတွင် ဖြိတိသျှအုပ်ချုပ်မှုကို အစဉ်တစိုက်ခုခံတော်လှန်ခဲ့ကြသည်။ ခုခံတော်လှန်မှုများမှာ ၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်းလူမျိုးစု ဥပဒေပြဋ္ဌာန်းခြင်းနှင့်အတူ

လျော့ကျသွားခဲ့သည်။ ထိုဥပဒေမှာ မလိခ-မေခ မြစ်ဆုံမြောက်ပိုင်းတွင် ဖြိတိသျှတို့၏ ဝင်ရောက်စွက်ဖက်မှု မပါဘဲ လူမျိုးစုအကြီးအကဲများကို အုပ်ချုပ်ခွင့်ပြုခဲ့သည့် ဥပဒေဖြစ်သည် (Government of Burma 1947)။

ကချင်လူဦးရေကို လျော့နည်းရေတွက်ထားသည်ဟု မှတ်ချက်ပေးထားသော်လည်း ကိုလိုနီခေတ်မှတ်တမ်းများတွင် ဗမာ၊ ကချင်နှင့် ရှမ်းတို့သည် - အထူးသဖြင့် ဗန်းမော်ခရိုင်တွင် - အတူတကွ တည်ရှိခဲ့ကြသည်ဟု ဖော်ပြထားသည်။[၂၇] ကချင်လူမျိုးတို့သည် မြစ်ကြီးနားခရိုင်တွင် အဓိကလူမျိုးစုဖြစ်ပြီး ဗန်းမော်ခရိုင်တွင်လည်း အများဆုံးလူမျိုးစုဖြစ်သော်လည်း ထိုခရိုင်နှစ်ခုလုံးတွင် ရှမ်းလူမျိုးလူဦးရေမှာလည်း မနည်းလှပေ။ထိုကဲ့သို့တိုင်းရင်းသားမျိုးနွယ်စုရောနှောနေထိုင်မှုသည် ကချင်ပြည်နယ် ဖွဲ့စည်းတည်ထောင်ပုံအပေါ် သက်ရောက်မှုများ ရှိခဲ့သည်။

ကချင်ခေါင်းဆောင်များက ၁၉၄၇ ပင်လုံညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်နှင့် သီးခြားကချင်ပြည်နယ်တည်ထောင်ရန် သဘောတူခဲ့ကြသော်လည်း ဗန်းမော်ခရိုင်အတွင်းရှိ ကချင်လူမျိုးမဟုတ်သူများက မကြာမတင်ကာလအတွင်း ကချင်ပြည်နယ်သားဖြစ်လာရမည့်အရေးအပေါ် တွန့်ဆုတ်ခဲ့ကြဟန်ရှိသည် (Government of Burma 1947)။ ၁၉၄၇ တိုင်းပြုပြည်ပြု ညီလာခံတွင် ညှိနှိုင်းမှုများအတွင်းတွင် ကချင်ခေါင်းဆောင်များက ဗန်းမော်ခရိုင်ကို ကချင်ပြည်နယ်အတွင်း ထည့်သွင်းပေးခြင်းအတွက် အပေးအယူအနေနှင့် ကချင်ပြည်နယ်ခွဲထွက်ပိုင်ခွင့်ကို လက်လွှတ်ပေးခဲ့သည် (Smith 1991)။ ကချင်ကဲ့သို့မဟုတ်ဘဲ ကရင်နီနှင့် ရှမ်းပြည်နယ်တို့မှာမူ ၁၉၄၇ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ထံမှ ခွဲထွက်ပိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

ပုံ (၃-၁) ၁၉၄၈ မတိုင်မီနှင့် နောက်ပိုင်း ကချင်အုပ်ချုပ်ရေးနယ်မြေ နယ်နိမိတ်များ



ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၃၁ အိန္ဒိယသန်းခေါင်စာရင်း၊ အတွဲ (၁၁)- ဗမာပြည်နှင့် ဗမာပြည်အခြေခံဥပဒေ ၁၉၄၈ တို့မှ ရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲသည်။

၂၇ နယ်ခြားဒေသစုံစမ်းရေးကော်မတီ၏ အစီရင်ခံစာ၌ သန်းခေါင်စာရင်းကောက်ယူရာတွင် ကချင်တောင်တန်းဒေသကို ပထဝီအနေအထားခက်ခဲမှုကြောင့် ပြီးစီးအောင် မကောက်ယူနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ကချင်ပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုစုံလင်ကွဲပြားမှုသည် မြို့နယ်အဆင့်၌ သိသာထင်ရှားသော ကွဲပြားမှုတစ်ရပ်ရှိသည်။ ယေဘုယျပြောရလျှင် ဖြိတိသျှဗားမား၏ နယ်ခြားဒေသရှိ ကချင်တောင်တန်းဒေသကို ဖွဲ့စည်းတည်ထောင်ထားသော ပြည်နယ်မြောက်ပိုင်းမြို့နယ်များသည် ပြည်နယ်၏ အခြားဒေသများနှင့် နှိုင်းယှဉ်ပါက မျိုးနွယ်တူများ စုစည်းနေထိုင်မှုပိုများသည် (ပုံ ၃-၂ ကိုကြည့်ပါ)။ ဆန့်ကျင်ဘက်အနေဖြင့် တောင်ပိုင်းနှင့် အနောက်ပိုင်း မြို့နယ်များမှာမူ တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားမှု သိသိသာသာပိုများပြီး ဗမာနှင့် ရှမ်းလူဦးရေ အများအပြားနေထိုင်ကြသည်။

ကချင်ပြည်နယ်တွင် အများဆုံး တိုင်းရင်းသားမျိုးနွယ်စုများမှာ ကချင်[၂၈] (ပြည်နယ်လူဦးရေ၏ ၄၀ ရာခိုင်နှုန်း)၊ ဗမာ (၃၃ ရာခိုင်နှုန်း)နှင့် ရှမ်း(၂၃ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ကချင် ပြည်နယ်တွင် တိုင်းပြည်အတွင်းရှိ ရှမ်းလူမျိုးဦးရေ စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းနေထိုင်ခြင်းကြောင့် မြန်မာနိုင်ငံရှိ ရှမ်းလူမျိုးများ စုဝေးနေထိုင်မှု ဒုတိယအများဆုံးဒေသလည်းဖြစ်သည် (စုဝေးနေထိုင်မှုအများဆုံးမှာ ရှမ်းပြည်နယ်ဖြစ်သည်)။ အောက်တွင် ဆွေးနွေးဖော်ပြထားသကဲ့သို့ပင် ကချင်လူမျိုးများသည် ပြည်နယ်တဝှမ်း ပျံ့နှံ့တည်ရှိပြီး ဗမာနှင့် ရှမ်းလူမျိုးတို့မှာမူ ပြည်နယ်တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် စုဝေးတည်ရှိကြသည်။

ကချင်လူဦးရေ

ကချင်တို့သည် ပထဝီဝင်အနေအထားအရ ၎င်းတို့၏ ပြည်နယ်အတွင်းတွင်သာ စုဝေးနေထိုင်ကြသည်။ ကချင်လူမျိုး ၇၃ ရာခိုင်နှုန်းမှာ ကချင်ပြည်နယ်တွင် အခြေချနေထိုင်ပြီး ကျန် ၄ ပုံ ၁ ပုံခန့်ကို ရှမ်းပြည်မြောက်ပိုင်း (၁၇ ရာခိုင်နှုန်း)၊ မန္တလေးတိုင်းဒေသကြီး(၇ ရာခိုင်နှုန်း)နှင့် ရန်ကုန်တိုင်းဒေသကြီး(၀.၉ ရာခိုင်နှုန်း) တို့တွင်တွေ့ရသည်။ ကချင်ပြည်နယ်အတွင်းတွင် ကချင်လူမျိုးများသည် ပြည်နယ်အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စုဝေးနေထိုင်ကြပြီး အထူးသဖြင့် ယနေ့ခေတ် မြစ်ကြီးနားနှင့် ပူတာအိုခရိုင်တို့တွင် နေထိုင်ကြသည်။ ကချင်လူဦးရေသည် ထိုခရိုင်များတွင် အများဆုံးလည်း ဖြစ်သည်။

မြို့နယ်အဆင့်တွင် ကချင်လူဦးရေသည် မြို့နယ် ၁၈ မြို့နယ်အနက် ၁၃ မြို့နယ်တွင် လူဦးရေအများဆုံး လူမျိုးအဖြစ် ရပ်တည်နေသည်(ပုံ ၃-၂ တွင်ကြည့်ပါ)။ ကချင်တောင်တန်းများထူထပ်ရာ မြန်မာနိုင်ငံ မြောက်ဖျားအကျဆုံး ခရိုင်ဖြစ်သည့် ပူတာအိုခရိုင်သည် ကချင်လူမျိုးများလူဦးရေအလွန်ထူထပ်ပြီး ခရိုင် မြို့နယ် ၅ ခုလုံးတွင်ရှိသည့် လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ကျော်အထိ ရှိသည် (ခေါင်လန်ဖူးမြို့နယ်တွင်ဆိုလျှင် ၉၉ ရာခိုင်နှုန်းအထိ ရှိသည်)။

---

၂၈ ကချင်ပြည်နယ်အတွက် GAD မြို့နယ်အစီရင်ခံစာများထဲမှ 'ကချင်' ဟုအမျိုးအစားဖော်ပြမှုသည် ကချင်လူမျိုးခွဲများအားလုံးပါဝင်သည်ဟု ယူဆရသည်။ သီးခြားခွဲ၍ဖော်ပြထားခြင်းမျိုး မရှိ၍ဖြစ်သည်။ ရှမ်းပြည်နယ်အတွက် အစီရင်ခံစာများတွင်မူ 'ကချင်' မှ သီးသန့်ခွဲ၍ 'လီဆူး' ဟု ဖော်ပြသည်ကိုတွေ့ရသည်။ ကချင်-လီဆူ ပတ်သက်ဆက်နွယ်မှုဆိုင်ရာ အချက်အလက်များကို Fishbein(2019)နှင့် Pelletier(2021) တို့တွင် ကြည့်ပါ။

ဇယား (၃-၂) ကချင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စုများ ပုံနှံနေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ကချင်	39.6	38.1	39.1
ဗမာ	32.6	29.3	24.2
ချင်း	0.2	0.7	0.8
ကရင်	0.3	0.3	0.3
ရခိုင်/အာရကန်	0.4	0.2	0.1
ရှမ်း	22.6	24.2	26.6
စုစုပေါင်း	**95.7**	**92.8**	**91.1**

မှတ်ချက် ။ ။ ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ (ဥပမာ -အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြားတိုင်းရင်းသားများ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ ရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

ပုံ (၃-၂) ကချင်ပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံးမျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည် (စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- ပြည်နယ်အတွင်း လူဦးရေအများဆုံးဖြစ်သည့် ကချင်လူမျိုးများသည် ကချင်ပြည်နယ်တခုမ်း ပျံ့နှံ့နေထိုင်ကြပြီး ၁၈ မြို့နယ်ရှိသည့်အနက် ၁၃ မြို့နယ်တွင် လူဦးရေအများဆုံးလူမျိုးစု ဖြစ်သည်။
- ရှမ်းလူမျိုးများသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြို့နယ်များတွင် စုဝေးနေထိုင်ကြပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်တလျှောက် ကွဲပြားသည့် လူဦးရေစာရင်းပုံစံကို ဖြစ်ပေါ်စေသည်။
- ရှမ်းနှင့် ဗမာလူမျိုးတို့သည် ရှမ်းမြောက်ပိုင်းနှင့် ထိစပ်နေသော ကချင်ပြည်နယ် တောင်ပိုင်းတွင် အတူတကွ တည်ရှိကြသည်။

ကယားပြည်နယ်

ကယားပြည်နယ်သည် ကရင်တောင်တန်း မြောက်ဘက်စွန်းအပိုင်းတွင် တည်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ အရှေ့ဘက်တွင်မူ ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြစ်သည်။ ဗမာ၊ ရှမ်း နှင့် ယိုးဒယား ဘုရင့်နိုင်ငံများက သိမ်းပိုက်ရန် ကြိုးပမ်းမှုများနှင့် ကြုံခဲ့ရသော်လည်း ပြည်နယ်၏ တောင်ကုန်းတောင်တန်း ထူထပ်ပြီး မညီညာ ကြမ်းတမ်းသည့် သဘာဝကြောင့် ကိုလိုနီခေတ်မတိုင်မီ အချိန်ကာလအများစုတွင် ပတ်ဝန်းကျင်ဘုရင့်နိုင်ငံများ၏သိမ်းပိုက်ခံရခြင်းမှ ကင်းဝေးခဲ့သည်။

ကယားပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

သမိုင်းကြောင်းအရ အနောက်ပိုင်း ကရင်နီပြည်နယ်များတွင် ကရင်နီပြည်နယ် ၄ ခု (ဘော်လခဲ၊ ကြယ်ဖိုးကြီး၊ နန့်မယ်ခုံ၊ နောင်ပုလဲ) ပါဝင်ပြီး အရှေ့ဘက်ကရင်နီပြည်နယ်မှာမူ ကန္တာရဝတီဖြစ်ကာ ပဒေသရာဇ်ရှမ်းပြည်နယ်စု၊ ယိုးဒယားနိုင်ငံတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ထိစပ်လျက်ရှိသည်။ ယနေ့ခေတ် ကယားပြည်နယ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသော သံလွင်မြစ်နှင့် တည်နေရာအနေအထားပေါ်မူတည်ပြီး အရှေ့နှင့် အနောက် ကရင်နီပြည်နယ်များသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနား သွားကြသည်။ ကုန်းဘောင်မင်းများက ကရင်နီပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိပါးရန်ကြိုးပမ်းမှုများ ကြီးထွားလာခြင်းကြောင့် ကရင်နီအုပ်ချုပ်သူများသည် ဗြိတိသျှအာဏာပိုင်များထံ အကာအကွယ်ပေးရန် စတင်ချဉ်းကပ်ခဲ့ကြသည်။ ၁၈၇၅ ခုနှစ်တွင် ကရင်နီပြည်နယ်များ၏ လွတ်လပ်မှုကိုအသိအမှတ်ပြုသော သဘောတူညီမှုတစ်ရပ်ကို ဗြိတိသျှ-အိန္ဒိယအစိုးရက မင်းတုန်းမင်းနှင့် လက်မှတ်ရေးထိုးခဲ့သည်(Renard 1987)။ 'ဂေဇက်တီးယား' ရေးသားပြုစုသည့် စာရေးဆရာသုံးနှုန်းခဲ့သကဲ့သို့ " ကန္တရဝတီပြည်နယ်တွင် ၁၈၈၈ ၌ တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်းများ" နှင့် ယိုးဒယားတို့ဘက်မှ နယ်မြေပိုင်ဆိုင်ခွင့်တောင်းဆိုမှုတို့က အန်ဂလို-ယိုးဒယားနယ်နိမိတ် ကော်မရှင် ၁၈၉၂-၁၈၉၃ ဟူသည့် အဖွဲ့အစည်းကို ပေါ်ပေါက်စေခဲ့သည်။ ထိုကာလတွင် အနောက်ဘက် ကရင်နီပြည်နယ်များမှာ ဗြိတိသျှဘားမား၏ အစောင့်ရှောက်ခံအဖြစ် ပေါင်းစည်းခံလိုက်ရသည်။ ကန္တာရဝတီပြည်နယ်မှာ ဒဏ်ငွေချမှတ်ခံခဲ့ရသော်လည်း ၎င်း၏အနေအထားမှာ ရှင်းရှင်းလင်းလင်း မရှိခဲ့ပေ။

၁၉၂၂ ခုနှစ်တွင် ကရင်နီပြည်နယ်များသည် ပဒေသရာဇ်ရှမ်းပြည်နယ်စုများအောက်သို့ ထည့်သွင်းခံလိုက်ရပြီး ဖြတိသျှကော်မရှင်နာမင်းကြီးတစ်ဦးတည်း၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။

ခြုံ၍ပြောရလျှင် ကိုလိုနီခေတ် အချိန်အများစုတွင် ကရင်နီပြည်နယ်များသည် ဖြတိသျှဘာဘးမား၏ ဒေသတစ်ခုမဖြစ်ခဲ့ဘဲ ကာကွယ်ပေးရန်အတွက် အခွန်ဘဏ္ဍာဆက်သသော ပြည်နယ်တစ်ခုအဖြစ်ရှိခဲ့သည်။ ထိုကဲ့သို့သော အနေအထားကြောင့် ယနေ့ခေတ်မြန်မာနိုင်ငံ၏ အခြားနယ်မြေများကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် ကွဲပြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ကိုလိုနီအစိုးရသည် ဒေသတဝှမ်း ၎င်း၏စစ်တပ်နှင့် အုပ်ချုပ်ရေးပိုင်းတည်ရှိမှုကိုမူ ထိန်းသိမ်းထားခဲ့သည်။

ပင်လုံညီလာခံနှင့် လွတ်လပ်ရေးရပြီးနောက်တွင် ယခင် အစောင့်ရှောက်ခံ နယ်နိမိတ်များအပေါ် အခြေခံထားသော ကရင်နီပြည်နယ်သစ် ပေါ်ထွက်လာခဲ့သည်။ ၁၉၅၁ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေက ပြည်နယ်ကို ကယားပြည်နယ်ဟု အမည်ပြောင်းလဲခဲ့သည်။

ပုံ(၃-၃) ၁၉၄၈ မတိုင်မီ ကယားပြည်နယ်



မှတ်ချက် ။ ။ ဖော်ပြထားသော နယ်နိမိတ်များမှာ ခန့်မှန်းခြေ ဖြစ်ပါသည်။ ကရင်နီပြည်နယ် ၄ ခု၏ နယ်နိမိတ်များကို ၁၉၃၁ Imperial Gazetteer of India ကိုအခြေခံ၍ ခန့်မှန်းထားသည်။

ရင်းမြစ် ။ ။ အချက်အလက်များကို Linn Atlas ၏ မူလစိတ်ကူးပေါ်အခြေခံ၍ The Imperial Gazetteer of India, volume 26: Atlas and Maule (1993) မှ ရယူသည်။ မြေပုံများကို အစီရင်ခံစာပြုစုသူများကရေးဆွဲထားခြင်းဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း ၁၄ ခုထဲတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအရ အသေးဆုံးဖြစ်သည်။ ကယားပြည်နယ်အတွင်း အများဆုံး မျိုးနွယ်စုများမှာ ကရင်နီလူမျိုး[၂၉] (ပြည်နယ် လူဦးရေ၏ ၆၁ ရာခိုင်နှုန်း)၊ ဗမာ(၁၅ ရာခိုင်နှုန်း)နှင့် ရှမ်း(၁၄

၂၉ ကယားပြည်နယ်အတွက် GAD မြို့နယ်အစီရင်ခံစာများထဲမှ 'ကယား' ဟူသော အမျိုးအစားထဲတွင် ကယားမျိုးနွယ်စုခွဲများပါဝင်မည်ဟု ယူဆရသည်။ မျိုးနွယ်စုခွဲများကို သီးခြားခွဲ၍မဖော်ပြထားသောကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်အတွက် အစီရင်ခံစာများတွင်မူ 'ကယား' မှသီးခြားခွဲ၍ 'ကယန်း' ဟူသည့် အမျိုးအစားပါဝင်သည်ကို သတိပြုပါ။

ရာခိုင်နှုန်း) တို့ဖြစ်သည်။ ပြည်နယ်အမည်ပေးထားသော လူမျိုးလည်းဖြစ်၊ လူဦးရေအများဆုံး လည်းဖြစ်သော ကရင်နီလူမျိုးတို့သည် ပြည်နယ်မြောက်ပိုင်း လွှိုင်ကော်ခရိုင်တွင် များစွာစုဝေး နေထိုင်ကြသည်။ ပြည်နယ်အတွင်းရှိ ဗမာလူမျိုးများမှာလည်း လွှိုင်ကော်ခရိုင်တွင် စုဝေးနေထိုင် ကြသည်။ ပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသော ဘော်လခဲခရိုင်တွင် ကရင်လူမျိုး အတော်များများရှိသည်။[၃၀]

ကယား/ကရင်နီ လူဦးရေ

ကရင်နီလူမျိုးများသည် ၎င်းတို့၏ဇာတိပြည်နယ်တွင်သာ အဓိက စုဝေးနေထိုင်ကြသည်။ မြန်မာနိုင်ငံအတွင်းရှိ ကရင်နီလူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြည်နယ်အတွင်းတွင် အခြေချ နေထိုင်ကြသည်။ ထို့ကြောင့် ကျန် ၁၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံ၏ အခြားဒေသများတွင် ပျံ့နှံ့ နေထိုင်ကြသည့် သဘောဖြစ်သည်။ ကယားပြည်နယ်အပြင်တွင် နေထိုင်ကြသော ကရင်နီ ၁၀ ရာခိုင်နှုန်းထဲမှ အတော်များများသည် မြောက်ဘက် ကီလိုမီတာအနည်းငယ်မျှသာ ကွာဝေးသော ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်တွင်နေထိုင်ကြသည်။ ထိုမြို့နယ် လူဦးရေ၏ ၇၆ ရာခိုင်နှုန်းမှာ ကရင်နီ လူမျိုးများဖြစ်သည်။ ကယားပြည်နယ်အတွင်းတွင်မူ မြို့နယ် ၂ ခုမှလွဲ၍ ကျန်မြို့နယ် အားလုံးတွင် ကရင်နီလူမျိုးများသည် လူဦးရေအများဆုံး မျိုးနွယ်စုဖြစ်သည်။

ဇယား (၃-၃) ကယားပြည်နယ်၏ တိုင်းရင်းသားမျိုးနွယ်စု ပျံ့နှံ့နေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ကယား/ကရင်နီ	61.3	55.9	57.4
ဗမာ	14.8	17.5	13.9
ကရင်/ကယန်း	7.8	6.4	5.9
မွန်	0.1	0.4	0.4
ရှမ်း	14.3	16.6	18.5
စုစုပေါင်း	**98.3**	**96.8**	**96.1**

မှတ်ချက် ။ ။ ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသား မဟုတ်သူများ (ဥပမာ –အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြား တိုင်းရင်းသား များ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

၃၀ ကရင်တို့သည် ကယားပြည်နယ်တွင် လူဦးရေအရွယ်အစား အကြီးဆုံးတိုင်းရင်းသားမျိုးနွယ်စု ၃ ခုထဲတွင် မပါဝင်သော်လည်း ၎င်းတို့သည် ဖားဆောင်းမြို့နယ်တွင် စုဝေးနေထိုင်ကြပြီး မြို့နယ်လူဦးရေ၏ ထက်ဝက်ကျော်ရှိသည်။

ပုံ (၃-၄) ကယားပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည်(မိတ်ဆက်တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစိုးရင်ခံစာများမှရယူပြီး မြေပုံများကို အစိုးရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- ကယားတိုင်းရင်းသားများသည် လွိုင်ကော်ခရိုင်တွင် အများဆုံးစုဝေးနေထိုင်ကြပြီး စုစုပေါင်း ကယားလူဦးရေ၏ ၈၆ ရာခိုင်နှုန်းကျော်သည် ထိုခရိုင်နှင့် ဖယ်ခုံမြို့နယ်(ရှမ်းတောင်) တို့တွင် နေထိုင်ကြသည်။
- ဘော်လခဲခရိုင်တွင် ကရင်၊ ကယားနှင့် ရှမ်းတို့နေထိုင်ပြီး စုံလင်ကွဲပြားမှု အရှိဆုံး ခရိုင်ဖြစ်ကာ ရှမ်းလူမျိုးတို့သည် ခရိုင်၏ မြို့နယ် ၃ ခုအနက်မှ တစ်ခုတွင် လူဦးရေအများဆုံး မျိုးနွယ်စု ဖြစ်သည်။



ရှမ်းပြည်နယ်

ဧရိယာအရ တိုင်းပြည်၏ အကြီးဆုံးအုပ်ချုပ်ရေးနယ်မြေဖြစ်သော ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ အကွဲပြားဆုံးနှင့် တိုင်းရင်းသားမျိုးနွယ်စု အစုံလင်ဆုံး ပြည်နယ်ဖြစ်သည်။ ပထဝီအနေအထားအရ ရှမ်းပြည်နယ်သည် ရှမ်းကုန်းပြင်မြင့်၏ နယ်မြေအများဆုံးကို ခြုံလွှမ်းထားပြီး အနောက်မြောက်ဘက်တွင် ရှမ်းရိုးမ၊ အနောက်ဘက်တွင် ဗမာလူမျိုးများ အဓိကနေထိုင်ရာ အလယ်ပိုင်းမြေပြန့်လွင်ပြင်များနှင့် အနောင်တောင်ဘက်တွင် ကယားပြည်နယ်တို့ တည်ရှိသည်။ ရှမ်းပြည်နယ်သည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေသည်။

ရှမ်းပြည်နယ်ကို ကိန်းဂဏန်းအချက်အလက်ကောက်ယူရန်နှင့် အုပ်ချုပ်ရေး ရည်ရွယ်ချက်များနှင့် ရှမ်းမြောက်၊ ရှမ်းအရှေ့နှင့် ရှမ်းတောင်ဟု ဒေသကြီး ၃ ခုခွဲခြားလေ့ရှိကာ လာရှိး၊ ကျိုင်းတုံနှင့် တောင်ကြီးတို့သည် ထိုဒေသကြီး ၃ ခု၏ လူစည်ကားထူထပ်ရာ မြို့ပြများအသီးသီး ဖြစ်ကြ

သည်။ ပထဝီအနေအထားအရ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုအရှိဆုံးမှာ ရှမ်းအရှေ့ဒေသ ဖြစ်ပြီး ရှမ်းတောင်မှာမူ ဒေသကြီး ၃ ခုအနက် စုံလင်ကွဲပြားမှု အနည်းဆုံး ဖြစ်သည်။

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ၂၀၀၈ အခြေခံဥပဒေအရ တည်ထောင်ခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(SAZ) ၆ ခုအနက် ၅ ခုတည်ရှိရာ ပြည်နယ်လည်း ဖြစ်သည်။ ယင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ[၃၁] တို့ဖြစ်သည်။ ထိုဒေသများသည် ရှမ်းပြည်နယ်ရှိ မြို့နယ် ၅၅ ခုအနက်မှ ၁၅ ခုတွင် ပါဝင်သည်။

ရှမ်းပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

ရှမ်းလူမျိုး အများစုက ၎င်းတို့သည် ၆ ရာစုနှစ်ကတည်းက ဒေသတစ်လျှောက်ရွှေ့ပြောင်းအခြေချလာခဲ့သော ရှမ်း–တိုင် (tai) လူမျိုးများမှ ဆင်းသက်လာသည်ဟု လက်ခံထားကြသည် (Aung Tun 2009)။ ထိုအချိန်ကတည်းက နိုင်ငံရေးအရကွဲပြားသော ပဒေသရာဇ်နိုင်ငံ အများအပြား တည်ရှိလာခဲ့ကာ အများအားဖြင့် 'စော်ဘွား' ဟုခေါ်သော အကြီးအကဲများက ခေါင်းဆောင်ခဲ့ကြသည်။ ထိုပဒေသရာဇ်နိုင်ငံများသည် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်တွင် တည်ရှိသော ဘုရင်နိုင်ငံအမျိုးမျိုးနှင့် စစ်ပွဲများဆင်နွှဲခြင်းအရဖြစ်စေ၊ အခွန်ဘဏ္ဍာဆက်သပြီး ပူးပေါင်းဆောင်ရွက်ခြင်းအရဖြစ်စေ မကြာခဏဆိုသလို ထိတွေ့ပတ်သက်မှုများ ရှိခဲ့သည်။

ရှမ်းပြည်နယ် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှကိုလိုနီလက်အောက်သို့ တရားဝင်ကျရောက်ခဲ့သည်။ ထိုသို့ကျရောက်ပြီးနောက်ပိုင်း ဆယ်စုနှစ်အတွင်းတွင် ပြည်နယ်တဝှမ်း အပြင်းအထန် ခုခံတော်လှန်မှုများရှိခဲ့သည်(အောင်သွင် ၁၉၈၅/Aung Thwin 1985)။ မြန်မာနိုင်ငံကို ဗြိတိသျှ–အိန္ဒိယထဲသို့ ထည့်သွင်းခြင်းနှင့်အတူ ကိုလိုနီအာဏာပိုင်များသည် ရှမ်းပြည်နယ်ဒေသအများအပြားကို စော်ဘွားများမှတဆင့် သွယ်ဝိုက်၍အုပ်ချုပ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ဗြိတိသျှအာဏာပိုင်များက အမျိုးမျိုးကွဲနေသော ရှမ်းပြည်နယ်များအပေါ် ၎င်းတို့၏ ကိုလိုနီအုပ်ချုပ်မှု လွှမ်းမိုးနိုင်ရေးအတွက် ပဒေသရာဇ် ရှမ်းပြည်နယ်စုကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းမှုက ကိုလိုနီအစိုးရနှင့် ရှမ်းစော်ဘွားများကြား ဆက်ဆံရေးတွင် အရေးပါသောပြောင်းလဲမှုတစ်ရပ် ဖြစ်စေခဲ့သည်။ ပဒေသရာဇ်ရှမ်းပြည်နယ်စုမဖွဲ့စည်းမီက ကိုလိုနီအစိုးရအရာရှိများနှင့် ဆက်ဆံရေးပေါ်မူတည်၍ အခြားဒေသများနှင့်ယှဉ်လျှင် ဒေသတွင်းအရေးကိစ္စများ၌ ကိုယ်ပိုင်ဆုံးဖြတ်အုပ်ချုပ်ခွင့် မြင့်မြင့်မားမားရရှိခဲ့သောကြောင့် စော်ဘွားအချို့က ထိုအခြေအနေအပေါ် သဘောကျခဲ့ကြသည်။ သို့ရာတွင် ပဒေသရာဇ်ရှမ်းပြည်နယ်စု ဖွဲ့စည်းပြီးနောက်တွင်မူ ဥပဒေသစ်အရ ၎င်းတို့ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို ဗဟိုဘက်ဂျက်အတွက်ကောက်ယူပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှ ပညာရေးအထိ အဓိကကျသောဌာနများကိုလည်း ဗမာအစိုးရ၏ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့သည်(Tzang Yawnghwe 1987: 76–77)။

---

၃၁ တိုင်းပြည်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စုစုပေါင်း ၆ ခုရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်သည့် 'ဝ' ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(SAD) ဟု ရည်ညွှန်းခေါ်ဆိုသော ခရိုင် ၂ ခုဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်/တိုင်းတစ်ခုအတွင်း လူဦးရေ သိသိသာသာများပြားသော တိုင်းရင်းသားမျိုးနွယ်စုတစ်ခုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့ကို ပုံဖော်ထားခြင်းဖြစ်သည်။ သို့သော် လက်တွေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မည်မျှရရှိသနည်းဆိုသည်မှာမူ အငြင်းပွားစရာရှိသည်။

ပင်လုံဆွေးနွေးညှိနှိုင်းမှုများ(၁၉၄၆ - ၄၇)နှင့် တိုင်းပြုပြည်ပြုလွှတ်တော်(၁၉၄၇) တို့တွင် ရှမ်းလူမျိုးတို့က ဗမာပြည်ထောင်စုထဲတွင် ၁၀ နှစ် ပူးပေါင်းပြီးပါက ပြည်နယ်ဆက်ခံပိုင်ခွင့်ကို ညှိနှိုင်းရယူခဲ့ကြပြီးနောက်တွင် ရှမ်းပြည်နယ်သည် ၁၉၄၇ အခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်နယ် ၄ ခုအနက်မှ ၁ ခုဖြစ်လာခဲ့သည်။ ပြည်ထောင်စုထဲတွင် ဆယ်စုနှစ်တစ်ခု ပူးပေါင်းနေထိုင်ပြီးနောက်တွင်မူ ဆက်ခံပိုင်ခွင့် တောင်းဆိုမှုများနှင့်အတူ လက်နက်စွဲကိုင် ပုန်ကန်မှုများ ရှမ်းပြည်နယ်ထဲတွင် အုံကြွလာခဲ့သည်။ ထိုအချိန်မှစ၍ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားရာ ဒေသတစ်ခုဖြစ်လာခဲ့သည်။

ပုံ (၃-၅) ၁၉၄၈ မတိုင်မီ ရှမ်းပြည်နယ် - ရှမ်းပြည်နယ်များ၏ ခန့်မှန်းခြေ နယ်နိမိတ်နှင့် တည်နေရာများ



ရင်းမြစ် ။ ။ အချက်အလက်များကို Linn Atlas ၏ မူလစိတ်ကူးပေါ် အခြေခံ၍ The Imperial Gazetteer of India, volume 26: Atlas and Maule (1993) မှရယူသည်။ မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ရှေ့တွင် ဖော်ပြခဲ့သကဲ့သို့ပင် ရှမ်းအရှေ့သည် ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုလင်ကွဲပြားမှုအများဆုံးဖြစ်ပြီး ရှမ်းတောင်မှာမူ မျိုးနွယ်စုတူညီမှု ပိုများသည်။ သို့ရာတွင် ပုံ(၃-၆) တွင် တွေ့မြင်ရသည့်အတိုင်း ရှမ်းပြည်နယ်၏ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုမှာ မြို့နယ်အဆင့်တွင် သိသာထင်ရှားပြီး မြို့နယ်များအကြားတွင် သိသာထင်ရှားသော ကွဲပြားမှုများ ရှိသည်။

ရှမ်းသည် ပြည်နယ်အမည်တပ်ခံရသော လူမျိုးဖြစ်ကာ ပြည်နယ်အတွင်း လူဦးရေအများဆုံးမျိုးနွယ်စုဖြစ်ပြီး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိသည်။ ဒုတိယနှင့် တတိယလူဦးရေအများဆုံးမျိုးနွယ်စုများမှာ ပအိုဝ်း(၁၃ ရာခိုင်နှုန်း) နှင့် ဗမာ(၁၂ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ဓနု၊ အင်းသား၊ တအောင်း၊ ကချင်၊ ကယား၊ ကိုးကန့်၊ ဝ တို့ကဲ့သို့သော အခြားမျိုးနွယ်စု အများအပြားသည် ပြည်နယ်တဝှမ်း ပျံ့နှံ့နေထိုင်ကြသည်။

ရှမ်းလူဦးရေ

ရှမ်းလူဦးရေသည် မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တလျှောက်တွင် ပျံ့နှံ့တည်ရှိသော်လည်း အဓိကအားဖြင့် ရှမ်းပြည်နယ်အတွင်းတွင်သာ စုဝေးနေထိုင်ကြပြီး တိုင်းပြည်အတွင်းရှိ စုစုပေါင်း ရှမ်းလူဦးရေ၏ ခန့်မှန်းခြေ ၆၆ ရာခိုင်နှုန်းသည် ပြည်နယ်အတွင်း စုဝေးနေထိုင်ကြသည်။ ရှမ်းလူမျိုးများသည် ရှမ်းပြည်နယ်၏ မြို့နယ် ၅၅ မြို့နယ်အနက် ၃၃ မြို့နယ်တွင် လူဦးရေအများဆုံး မျိုးနွယ်စုဖြစ်သည်(ပုံ ၃-၆ ကိုကြည့်ပါ)။

ရှမ်းပြည်နယ်ပြင်ပတွင်ဆိုလျှင် ရှမ်းလူမျိုး (ရှမ်းနီဟုသတ်မှတ်သော) အများအပြား စုဝေးနေထိုင်မှုကို ကချင်ပြည်နယ် (စုစုပေါင်း ရှမ်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်း) နှင့် စစ်ကိုင်းတိုင်း (၁၁ ရာခိုင်နှုန်း)[၃၂] တို့တွင်လည်း တွေ့နိုင်သည်။ ကချင်ပြည်နယ်အတွင်းတွင် ရှမ်းလူမျိုးများသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အနောက်တောင်ပိုင်းဒေသများတွင် စုဝေးနေထိုင်ကြသည်။ မိုးညှင်းခရိုင်တွင်ဆိုလျှင် ရှမ်းလူမျိုးများသည် ခရိုင်လူဦးရေစုစုပေါင်း၏ ၃ ပုံ ၁ ပုံ နီးပါး(၃၀ ရာခိုင်နှုန်း) အထိပင်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်မူ ရှမ်းလူမျိုးများသည် ကချင်ပြည်နယ်နှင့် ထိစပ်နေသော မြို့နယ်များတွင် စုဝေးနေထိုင်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဟုမ္မလင်းမြို့နယ်သည် မြန်မာနိုင်ငံတွင် ရှမ်းလူမျိုးများ စုဝေးနေထိုင်မှု အများဆုံးမြို့နယ်ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များထက်ပင် ရှမ်းလူဦးရေ ပိုများသည်။ ဟုမ္မလင်းမြို့နယ်ရှိ ရှမ်းလူဦးရေသည် စုစုပေါင်း ရှမ်းလူဦးရေ၏ ၇ ရာခိုင်နှုန်းအထိရှိကာ ထိုမြို့နယ်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းရှိသည်။ ထို့အတူ ကပ်လျက်မြို့နယ်များတွင်လည်း မြို့နယ်လူဦးရေ၏ အတော်ပင်များပြားသော ရာခိုင်နှုန်းကို နေရာယူထားပြီး ဗန်းမောက်တွင် ၇၀ ရာခိုင်နှုန်းနှင့် ခန္ဓီးတွင် ၂၀ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ

ရှမ်းပြည်နယ်ထဲတွင် အခြေချနေထိုင်သော တိုင်းရင်းသားမျိုးနွယ်စု ၅ ခု(ပအိုဝ်း၊ ဓနု၊ တအောင်း၊ ဝနှင့် ကိုးကန့်) သည် ၂၀၀၈ အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသည်။ ဤအခန်းတွင် ပအိုဝ်း၊ ဓနုနှင့် တအောင်းတို့၏ မြို့နယ်အဆင့် စုဝေးနေထိုင်မှုကို ဖော်ပြသွားမည်ဖြစ်သည်။ 'ဝ' နှင့် 'ကိုးကန့်' တို့မှာမူ ဤနေရာတွင် မပါသေးပါ။ အဘယ်ကြောင့်ဆိုသော် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းမှ မြို့နယ် ၆ မြို့နယ်အတွက် GAD အချက်အလက်များ မရှိခြင်းကြောင့် ဖြစ်ပါသည်။[၃၃] ထို့အတူ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကိုးကန့်လူဦးရေမှာလည်း လောက်ကိုင်မြို့နယ်ရှိ 'အခြား' ခေါင်းစဉ်အောက်တွင် ပေါင်းဝင်နေသောကြောင့် တိတိကျကျ မသတ်မှတ်နိုင်ပေ။

---

၃၂ ကချင်ပြည်နယ်နှင့် စစ်ကိုင်းအတွင်းရှိ ရှမ်းလူမျိုး အများအပြားကို ရှမ်းနီ ဟု သတ်မှတ်ကြသည်။ ဥပမာ – Tun(2019) ကို ကြည့်ပါ။

၃၃ ထိုမြို့နယ်များမှာ မိုင်းမော၊ ပန်ဝိုင်(ဟိုပန်းခရိုင်) နားဖန်းနှင့် ပန်ဆန်း(မက်မန်းခရိုင်) တို့ဖြစ်သည်။ လက်ရှိ မူဝါဒများအရ 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (မြန်မာပြည်၏ အကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဟု သတ်မှတ်ကြသည့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့၊ 'ဝ'ပြည်နယ်သွေးစည်းညီညွတ်ရေးတပ်မတော်)သည် 'ဝ' SAD တွင် နယ်မြေအများစုကိုထိန်းချုပ်ထားပြီး အားကောင်းသော နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ဖက်ရေးရာတို့တွင်ခိုင်မာ အားကောင်းမှုကို ထိန်းသိမ်းထားသည်။ 'ဝ' SAD အကြောင်း အသေးစိတ်သိလိုလျှင် Lintner(2019) တွင်ကြည့်ပါ။

ပအိုဝ်း လူဦးရေ

ပအိုဝ်းလူမျိုးများသည် ရှမ်းပြည်နယ်တွင် ဒုတိယမြောက် လူဦးရေအများဆုံး မျိုးနွယ်စု ဖြစ်ပြီး ရှမ်းတောင်ပိုင်းတွင် အများဆုံးစုဝေးနေထိုင်ကြကာ မြန်မာနိုင်ငံရှိ ပအိုဝ်းလူဦးရေ၏ ၈၂ ရာခိုင်နှုန်းမှာ ထိုဒေသတွင် နေထိုင်ကြသည်။ ကျန် ၁၈ ရာခိုင်နှုန်းသော ပအိုဝ်းတို့မှာမူ ရှမ်းပြည်နယ် ပြင်ပ ကရင်နှင့် မွန်ပြည်နယ်တို့တွင်ရှိသည်။ ရှမ်းပြည်နယ်အတွင်းတွင် ၎င်းတို့သည် မြို့နယ် ၆ မြို့နယ်၌ လူဦးရေအများဆုံး မျိုးနွယ်စုအဖြစ် နေရာယူထားသည်။[၃၄] ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို ထိုမြို့နယ် ၆ မြို့နယ်အနက်မှ ၃ မြို့နယ်တွင် တည်ထောင်ထားခြင်းဖြစ်ပြီး ထိုမြို့နယ် များမှာ – ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်း တို့ဖြစ်သည်။

ထူးခြားသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်သော ပအိုဝ်းလူဦးရေထက် ထိုဒေသပြင်ပတွင် နေထိုင်သော လူဦးရေက ပိုများခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပအိုဝ်းလူဦးရေ၏ ၃၇ ရာခိုင်နှုန်းသာရှိပြီး ရှမ်းတောင်ပိုင်းရှိ အခြားမြို့နယ်များတွင် ၄၃ ရာခိုင်နှုန်းထိ ရှိကာ အများအားဖြင့် လွိုင်လင်နှင့် တောင်ကြီးမြို့နယ်များတွင်(၃၀ ရာခိုင်နှုန်း ဝန်းကျင်) စုဝေး နေထိုင်ကြသည်။ သို့ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ပအိုဝ်း လူမျိုးများဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပြင်ဘက်တွင်မူ ပအိုဝ်းလူမျိုးတို့သည် မောက်မယ် မြို့နယ်တွင် မြို့နယ်၏ အဓိကလူဦးရေအဖြစ် စုဝေးနေထိုင်ကြခြင်းအပါအဝင် အနီးဝန်းကျင်မြို့နယ် များတွင် မြို့နယ်လူဦးရေ၏ အတော်ပင်များသော ရာခိုင်နှုန်းအဖြစ် တည်ရှိနေကြသည်။

ဓနုလူဦးရေ

ဓနုတို့သည် ရှမ်းပြည်တွင် ဗမာမဟုတ်သောလူမျိုးစုများထဲ၌ တတိယလူဦးရေအများဆုံး မျိုးနွယ်စုဖြစ်ပြီး ရှမ်းတောင်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြို့နယ်များတွင် အများအပြား စုဝေးနေထိုင်ကြသည်။ ဓနုလူဦးရေ၏ ၁ ရာခိုင်နှုန်းသာ ရှမ်း ပြည်နယ်ပြင်ပတွင် နေထိုင်ကြသည်။

ဓနုလူမျိုးတို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အများဆုံးစုဝေးနေထိုင်ကြပြီး ဓနုလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့နယ် ၂ ခုဖြစ်သော ပင်းတယ နှင့် ရွာငံမြို့နယ်တို့အနက်မှ တစ်ခုတွင် နေထိုင်ကြသည်။ ဓနုလူဦးရေ၏ အတော်များပြားသော ရာခိုင်နှုန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနီးဝန်းကျင်ရှိ ရှမ်းတောင်နှင့် ရှမ်းမြောက် မြို့နယ် များတွင်နေထိုင်ကြရာ ဓနုလူဦးရေ၏ ၃၇ ရာခိုင်နှုန်းမှာ ရှမ်းတောင်၊ ၁၆ ရာခိုင်နှုန်းမှာ ရှမ်းမြောက် တို့တွင်နေထိုင်ကြသည်။ ရှမ်းတောင်တွင် ဓနုလူမျိုးတို့အများဆုံးစုဝေးနေထိုင်ကြသည်မှာ တောင်ကြီး နှင့် လင်းခေးခရိုင်တို့တွင် အသီးသီးတည်ရှိသော ကလောနှင့် ရပ်စောက်မြို့နယ်များဖြစ်သည်။ ရှမ်းမြောက်တွင်မူ ဓနုလူမျိုးများသည် အများအားဖြင့် ကျောက်မဲခရိုင်ရှိ နောင်ချိုမြို့နယ်တွင် အများဆုံး နေထိုင်ကြသည်။

ဓနုလူမျိုးများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လူဦးရေအများဆုံးမျိုးနွယ်စု ဖြစ်ပြီး ဒေသလူဦးရေ၏ ၈၀ ရာခိုင်နှုန်း ရှိသည်။ ဓနုတို့သည် ကလောနှင့် နောင်ချိုမြို့နယ်တို့တွင် လည်း မြို့နယ်လူဦးရေ၏ လူဦးရေအများဆုံး မျိုးနွယ်စုဖြစ်သည်။

---

၃၄ ထိုမြို့နယ်များမှာ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း(ပအိုဝ်း SAZ)၊ လွိုင်လင်နှင့် မောက်မယ်(လွိုင်လင်ခရိုင်၊ ရှမ်းတောင်) နှင့် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးတို့ ဖြစ်သည်။

ပလောင်/တအာန်း လူဦးရေ

မြန်မာနိုင်ငံရှိ တအာန်းလူဦးရေ အားလုံးနီးပါး (၉၉ ရာခိုင်နှုန်း)သည် ရှမ်းပြည်နယ်တွင် နေထိုင်ကြသည်။ ၎င်းတို့သည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေအများဆုံး မျိုးနွယ်စုလည်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲတွင် နေထိုင်သော တအာန်းလူဦးရေထက် ပြင်ပတွင်နေထိုင်သော လူဦးရေကပိုများသည်။ တအာန်း လူဦးရ၏ ၂၂ ရာခိုင်နှုန်းသာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲတွင် နေထိုင်ပြီး ၇၇ ရာခိုင်နှုန်းမှာ ရှမ်းပြည်နယ်၏ အခြားဒေသများတွင် နေထိုင်ကြသည်။ အထူးသဖြင့် ကွတ်ခိုင်၊ ကျောက်မဲ၊ လာရှိုးနှင့် တန့်ယန်း မြို့နယ်တို့တွင် နေထိုင်ကြသည်။ ၎င်းတို့သည် ထိုမြို့နယ်များတွင် လူဦးရေများသော မျိုးနွယ်စုဖြစ်သော်လည်း အများဆုံးတော့မဟုတ်ပေ။ ဥပမာ–ကွတ်ခိုင်မြို့နယ်တွင် တအာန်း လူဦးရေသည် မြို့နယ်လူဦးရေ၏ ၂၅ ရာခိုင်နှုန်းသာရှိသော်လည်း မုန်းဝန်းလူဦးရေမှာ ၂၉ ရာခိုင်နှုန်းရှိသည်(ကချင်လူဦးရေပင် ၂၄ ရာခိုင်နှုန်း ရှိသည်)။

ဇယား (၃-၄) ရှမ်းပြည်နယ် တိုင်းရင်းသားမျိုးနွယ်စု ပုံနှံ့နေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ရှမ်း	30.1	76.4	77.0
အာခါ	2.0		
ဗမာ	12.2	11.1	9.5
ဓနု	5.7		
အင်းသား	2.7		
ကချင်	2.6	3.8	5.3
ကယား/ကရင်နီ	0.2	1.2	1.3
ကယန်း	1.7		
ကိုးကန့်	3.6		
လားဟူ	5.0		
မုန်းဝန်း	1.5		
ပအိုဝ်း	13.4		
ပလောင်/တအာန်း	8.2		
တောင်ရိုး	1.0		
ဝ	2.1		
စုစုပေါင်း	**92.0**	**92.5**	**93.1**

မှတ်ချက် ။ ။ ၁၉၈၃ သန်းခေါင်စာရင်းနှင့် ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများကြားတွင် ရှမ်းလူဦးရေ အချိုးအစား လျော့ကျရခြင်းမှာ အဓိကအားဖြင့် ရှမ်းလူမျိုးစာရင်းမှနေပြီး မျိုးနွယ်စုခွဲများ သီးခြားခွဲထုတ်လိုက်ခြင်းကြောင့်ဖြစ်သည်။ ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ (ဥပမာ –အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြားတိုင်းရင်းသားများ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

ပုံ(၃-၆) ရှမ်းပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းအား အသုံးပြုတွက်ချက်ထားသည်(စာမျက်နှာ ၂၆ တွင်ကြည့်ပါ) ။၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ဒေသအဆင့်အုပ်ချုပ်ရေး နယ်မြေများထဲတွင် တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှု အရှိဆုံးပြည်နယ် ဖြစ်သည်။
- ရှမ်းလူမျိုးများသည် ရှမ်းပြည်နယ်၏ အချက်အချာဖြစ်သော ရှမ်းတောင်၏ အရှေ့ပိုင်းနှင့် ရှမ်းမြောက်၏ တောင်ပိုင်းတို့တွင် အများဆုံး စုဝေးနေထိုင်ကြသည်။
- ဗမာလူဦးရေ၏ ၂ ရာခိုင်နှုန်းသာ ရှမ်းပြည်နယ်တွင် နေထိုင်ကြသော်လည်း ၎င်းတို့သည် မိုးမိတ်ခရိုင်၏ အဓိကလူမျိုးစု ဖြစ်သည်။
- ကချင်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်တွင် နေထိုင်ကြပြီး အများအားဖြင့် ရှမ်းမြောက်ပိုင်းရှိ လားရှိုးနှင့် မူဆယ်ခရိုင်များတွင် စုဝေးနေထိုင်ကြသည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိသော တိုင်းရင်းသားမျိုးနွယ်စုများသည် အများအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စုဝေးနေထိုင်ကြသော်လည်း ထိုဒေသတစ်ခုတည်းတွင် နေထိုင်ခြင်းတော့ မဟုတ်ပေ။

ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တည်ရှိသည်။ ၎င်းသည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်လျက်ရှိပြီး အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ် တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ ကရင်ပြည်နယ်၏ တောင်ဘက်တွင်မူ တနင်္သာရီတိုင်း ဒေသကြီးရှိသည်။ မြောက်ဘက်တွင် နေပြည်တော်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဖြစ် သည်။ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ကရင်ပြည်နယ်နှင့် ပြည်နယ်အမည်တပ်ထားသော လူမျိုးစု ဖြစ်သည့် ကရင်လူမျိုးတို့၏ လွတ်လပ်ရေးရပြီးချိန်ကတည်းကစတင်ခဲ့သည့် တော်လှန်ရေးဖြင့် လူသိများသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာစစ်တပ်တို့ကြား ပဋိပက္ခကို 'အရှည်ကြာဆုံး ပြည်တွင်းစစ်' ဟု ကင်ပွန်းတပ်ကြသည် (South 2011)။ ကရင်ပြည်နယ်၏ မြေ မျက်နှာသွင်ပြင်မှာ ခြုံ၍ကြည့်လျှင် တောင်ကုန်း၊ တောင်တန်းထူထပ်ပြီး အထူးသဖြင့် ပြည်နယ် မြောက်ပိုင်းတွင်ရော ထိုင်းနိုင်ငံနှင့် နယ်စပ်တွင် တောင်ကုန်း၊ တောင်တန်းများ ထူထပ်လှသည်။ ထိုဒေသများသို့ အနည်းငယ်မျှသောလမ်းကြောင်းများကို ဖြတ်သန်း၍သာ သွားလာနိုင်ပြီး အခြား နည်းလမ်းဖြင့် ရောက်ပေါက်ရန်မလွယ်ကူလှဘဲ မြဝတီမှာ ယင်းတို့အနက်မှတစ်ခုဖြစ်သည်။

ကရင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း

ယနေ့ခေတ် ကရင်ပြည်နယ်၏ ပိုင်နက်နယ်မြေများသည် မတူညီသည့် အချိန်ကာလ အသီးသီး၌ အိမ်နီးချင်း ဗမာ၊ ယိုးဒယားနှင့် ရှမ်း ပြည်တို့၏ လွှမ်းမိုးမှုအောက် ကျရောက်ခဲ့သည် (Rogers 1910)။ သို့ရာတွင် မြန်မာနိုင်ငံ၏ ဤနယ်စပ်ဒေသသည် ခက်ခဲကြမ်းတမ်းသော ပထဝီ အနေအထားကြောင့် နယ်မြေအစိတ်အပိုင်း အများအပြားတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှင်သန်ခဲ့သည်။ ဗြိတိသျှတို့သည် ဤဒေသတစ်ခုလုံးကို နှစ်ကြိမ်ကျူးကျော်ပြီးမှ သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ၁၈၂၆ တွင်ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးနောက် ဤဒေသ၏ တောင်ဘက်စွန်းဒေသ (ယနေ့ခေတ် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးခရိုင်) သည် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီလက်အောက်သို့ ကျရောက်ခဲ့ပြီး ကျန်နယ်မြေများမှာ ၁၈၅၂ ခုနှစ်တွင် ကျရောက်ခဲ့သည်။

ကရင်ပြည်နယ်ကို ၁၉၅၂ ခုနှစ်တွင်မှ ပထမဆုံးအနေဖြင့် ကရင်ပြည်နယ်အဖြစ် စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည် (Thawnghmung 2012)။ ထိုမတိုင်ခင်က ၁၉၄၇ အခြေခံဥပဒေတွင် 'လက်ရှိအချိန်ထိ သံလွင်ခရိုင်ဟုခေါ်တွင်ခဲ့သော ပိုင်နက်နယ်မြေကို ပြည်ထောင်စုဗမာနိုင်ငံ၏ မဲဆန္ဒနယ်တစ်ခုအဖြစ်ဖွဲ့စည်းပြီးကရင်ပြည်နယ်ဟုခေါ်တွင်ရမည်' ဟုဖော်ပြခဲ့သည် (ဗမာတိုင်းပြု၊ ပြည်ပြုလွှတ်တော် ၁၉၄၇)။ အနီးဝန်းကျင်ပိုင်နက်နယ်မြေများကို ထည့်သွင်းခြင်းနှင့် ပတ်သက်၍ မူ ပါလီမန်တွင် ဆက်လက်ဆွေးနွေးရန် ချန်ရစ်ခဲ့သည်။ သို့ရာတွင် သံလွင်ခရိုင်တစ်ခုတည်းမှာ ကရင်လူမျိုးများ မျှော်လင့်ထားသည့် ကရင်ပြည်နယ်ထက် များစွာသေးငယ်ခဲ့သည်။

၁၉၅၁ (နံပါတ် ၆၂) နှင့် ၁၉၅၂ (နံပါတ် ၁၄) ပါလီမန်ဥပဒေများနှင့်အညီ ကရင်ပြည်နယ်ကို ဗြိတိသျှပိုင်ဗမာပြည်ခေတ် ခရိုင် ၄ ခု၏ အစိတ်အပိုင်းများ – တောင်ငူခရိုင်၏ အရှေ့မြောက်ဘက်စွန်း၊ သံလွင်ခရိုင်၊ သထုံခရိုင်၏ အရှေ့ဘက်ခြမ်းအပိုင်းနှင့် ကျိုက္ခမီခရိုင်၏ အရှေ့ဘက်ခြမ်းအပိုင်း –တို့နှင့် ဖွဲ့စည်းတည်ထောင်ခဲ့သည် (ဗမာတိုင်းပြု၊ ပြည်ပြုလွှတ်တော် ၁၉၄၇:၃၂)။ အသစ်တည် ထောင်ဖွဲ့စည်းလိုက်သော ကရင်ပြည်နယ်သည် သံလွင်ခရိုင်ကို ကျော်လွန်ကျယ်ပြန့်သော်လည်း နယ်နိမိတ် သတ်မှတ်ချက်နှင့်ပတ်သက်၍ မကျေနပ်သော ကရင်ခေါင်းဆောင်ပိုင်းက ၁၉၄၇ နှင့်

၁၉၅၂ ကြားတွင် တရားဝင် တော်လှန်ရေးတစ်ရပ် ဆင်နွှဲထားပြီး ဖြစ်သည်။ ကရင်ခေါင်းဆောင်ပိုင်း၏ ကော့သူးလေး[၃] ရည်မှန်းချက်တွင် အိမ်နီးချင်းတနင်္သာရီတိုင်းမှ ကရင်လူမျိုးများသာမက ဧရာဝတီတိုင်းအတွင်းရှိ 'အရေးပါသော မြစ်ဝကျွန်းပေါ်ကရင်' (Fong 2008) လူဦးရေပါ ပါဝင်သည်။ ၁၉၆၂ တွင် အာဏာသိမ်းပြီးနောက် နေဝင်းအစိုးရက ကရင်တို့၏ တော်လှန်ပုန်ကန်မှု အားပျော့သွားစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၄ ၌ ကရင်ပြည်နယ်ကို ကော့သူးလေပြည်နယ်ဟု အမည်ပြောင်းလဲခဲ့သည်။ ၁၉၇၄ ခုနှစ်တွင်မူ ကရင်ပြည်နယ်ဟု ပြန်လည်အမည်ပြောင်းခဲ့သည်။

ပုံ(၃-၇) ၁၉၄၈ နှင့် ၁၉၅၂ ကရင်ပြည်နယ်၏ အုပ်ချုပ်ရေးနယ်နိမိတ်များကို KNU ကော့သူးလေ တောင်းဆိုချက်များနှင့် နှိုင်းယှဉ်ပြပုံ



မှတ်ချက် ။ ။ ဤပုံများတွင်ပြထားသော နယ်နိမိတ်များမှာ ကိုလိုနီခေတ် ခရိုင်နယ်နိမိတ်များဖြစ်သည်။ ကော့သူးလေမြေပုံမှာ သဘောထားတင်းမာသည့် ကရင်ခေါင်းဆောင်ပိုင်းကတောင်းဆိုသော နိုင်ငံရေးနယ်နိမိတ်ကိုဖော်ပြသည်။ သို့သော် ထိုနယ်နိမိတ်များအတိုင်း တစ်ခါမျှ လက်တွေ့အကောင်အထည် မဖော်ဖူးပါ။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၃၁ အိန္ဒိယသန်းခေါင်စာရင်း၊ အတွဲ-၁၁; ဘားမား၊ CADY(1958) နှင့် ၂၀၀၈ မြန်မာဖွဲ့စည်းပုံ အခြေခံဥပဒေ တို့မှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားသည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် မျိုးနွယ်စုစုံလင်ကွဲပြားမှုအများဆုံး ပြည်နယ်များထဲမှ တစ်ခုဖြစ်သည်။ မွန်နှင့် ရှမ်းပြည်နယ်တို့ပြီးလျှင် ELF အမှတ် အမြင့်ဆုံးဖြစ်သည်။ ကရင်ပြည်နယ်အတွင်းတွင် လူဦးရေအများဆုံး မျိုးနွယ်စုများမှာ ကရင် (၆၃ ရာခိုင်နှုန်း)၊ ဗမာ (၁၄ ရာခိုင်နှုန်း)နှင့် မွန် (၁၁ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ကျန်လူဦးရေမှာ အဓိကအားဖြင့် ပအိုဝ်းနှင့် ရှမ်းလူမျိုးများဖြစ်သည်။

ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတိုင်းရင်းသားမျိုးနွယ် ပျံ့နှံ့နေထိုင်ပုံမှာ သိသိသာသာ ကွဲပြားခြားနားသည်။ မြောက်ပိုင်းဒေသများ(ဘားအံနှင့် ဖာပွန်ခရိုင်) တို့သည် ဗမာနှင့် မွန်လူမျိုး

၃၅ Thawnghmung (2012) က ကော့သူးလေကို 'ဒေ၄၀ နောက်ပိုင်းနှစ်များကတည်းက KNU ကတည်ထောင်ရန် ကြိုးစားလာခဲ့သော နိုင်ငံအတွက် ကရင်အမည်' ဟုအဓိပ္ပါယ်ဖွင့်ဆိုသည်။

အများအပြားနေထိုင်ကြသော တောင်ပိုင်းဒေသများ(ကော့ကရိတ်နှင့် မြဝတီ ခရိုင်) နှင့် ယှဉ်လျှင် တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားခြားနားမှု နည်းသည်။

ကရင်လူဦးရေ

ကရင်တို့သည် မြန်မာနိုင်ငံ၏ ဒုတိယအများဆုံး တိုင်းရင်းသားမျိုးနွယ်စုဖြစ်ပြီး တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ပြည်နယ်/တိုင်းများတွင် ပျံ့နှံ့နေထိုင်ကြသည်။ ပြည်နယ်/တိုင်း အဆင့်တွင် ကရင်လူမျိုးများ အများဆုံးစုဝေးနေထိုင်သည့် ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး(ကရင်စုစုပေါင်း လူဦးရေ၏ ၄၁ ရာခိုင်နှုန်း)၊ ကရင်ပြည်နယ်(၃၀ ရာခိုင်နှုန်း)၊ မွန်ပြည်နယ်(၉ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီး(၈ ရာခိုင်နှုန်း)နှင့် ပဲခူးတိုင်းဒေသကြီး (၇ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ထို့ကြောင့် ကရင်လူဦးရေမှာ ကရင်ပြည်နယ်တွင်ထက် ဧရာဝတီတိုင်းဒေသကြီးတွင် ပိုများလျက်ရှိသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်လူမျိုးများသည် မြို့နယ်တစ်ခုတွင်မှလွဲ၍ ကျန်မြို့နယ်အားလုံးတွင် မြို့နယ်လူဦးရေ၏ တဝက်ကျော်ရှိသည်။ ၎င်းတို့သည် ကရင်ပြည်နယ်၏ မြို့နယ်အားလုံးတွင် လူဦးရေအများဆုံးမျိုးနွယ်စုလည်း ဖြစ်သည်။ ကရင်ပြည်နယ်အပြင်ဘက်တွင် ကရင်တို့သည် များသောအားဖြင့် ကျောက်ကြီးနှင့် ကျောက်တံခါး မြို့နယ်များ(ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း)နှင့် အိမ်မဲ၊ ပန်းတနော်နှင့် ဝါးခယ်မမြို့နယ်များ (ဧရာဝတီတိုင်းဒေသကြီး) တို့တွင် စုဝေးနေထိုင်ကြပြီး ထိုမြို့နယ်များတွင် ၎င်းတို့သည်လူဦးရေအများဆုံး မျိုးနွယ်စုလည်း ဖြစ်သည်။ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ထိုနယ်မြေများသည် ကရင်ပြည်နယ်အတွင်းပါဝင်သင့်သည်ဟု ၁၉၄၀ လွန်နှစ်များတွင် ကရင်ခေါင်းဆောင်များက တောင်းဆိုခဲ့သောနယ်မြေများ ဖြစ်ကြသည်။

ပုံ(၃-၈) ကရင်ပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု

မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည်(စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

ဇယား (၃-၅) ကရင်ပြည်နယ် တိုင်းရင်းသားမျိုးနွယ်စု ပုံနှံနေထိုင်မှုမှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ကရင်	62.8	57.1	65.8
ဗမာ	13.6	14.1	10.5
ကရင်နီ	0.01	1.4	0.1
မွန်	11.2	17.7	14.1
ပအိုဝ်း	4.8		
ရှမ်း	2.9	3.0	4.1
စုစုပေါင်း	**95.3**	**93.3**	**94.6**

မှတ်ချက် ။ ။ ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ (ဥပမာ -အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြားတိုင်းရင်းသားများ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

အနှစ်ချုပ်

- ကရင်လူဦးရေ ၃၀ ရာခိုင်နှုန်းသည် ကရင်ပြည်နယ်တွင် နေထိုင်ပြီး ကျန် ၇၀ ရာခိုင်နှုန်းမှာ အခြားဒေသများတွင် နေထိုင်ကြသည်။
- ကရင်လူမျိုး ၂၀ ရာခိုင်နှုန်းသည် ဘားအံနှင့် ဖာပွန်ခရိုင်များတွင် နေထိုင်ပြီး ထိုခရိုင်များတွင် ပအိုဝ်းလူဦးရေ၏ ၇ ရာခိုင်နှုန်းလည်း နေထိုင်သည်။
  ဗမာ၊ မွန်နှင့် ရှမ်းတို့သည် အများအားဖြင့် ကရင်ပြည်နယ်တောင်ပိုင်းခရိုင်များတွင် နေထိုင်ကြသည်။



ချင်းပြည်နယ်

မြန်မာနိုင်ငံ အနောက်ပိုင်းတွင်တည်ရှိပြီး အိန္ဒိယနိုင်ငံ မိဇိုရမ်ပြည်နယ်၊ မဏိပူရ်ပြည်နယ် တို့နှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသော ချင်းပြည်နယ်သည် အလွန်တရာ တောင်ကုန်း၊ တောင်တန်း ထူထပ်သောဒေသဖြစ်သည်။ တိုင်းပြည်၏ နေရာဒေသအများစုမှနေ၍ ဤပြည်နယ်သို့ သွားလာရခက်ခဲမှုကြောင့် ဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းမှုအခက်အခဲများ ဖြစ်ပေါ်စေသည်။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတစ်ခုလည်း ဖြစ်သည်။

ချင်းပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

ချင်းတောင်တန်းများကို ဗြိတိသျှတို့က တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးနောက် ၁၀ နှစ်အကြာတွင် ထိန်းချုပ်နိုင်ခဲ့သည်။ မြေပြင်အနေအထားခက်ခဲမှုနှင့် ဒေသခံတို့၏ခုခံမှုများကြောင့် ကိုလိုနီအစိုးရသည် ၁၈၈၆ ချင်းတောင်တန်း အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ရသည်။ ဤဒေသကို ကျန် ဗြိတိသျှပိုင်ဗမာပြည်နှင့် သီးခြားခွဲ၍ နယ်မြေများကို လူမျိုးစုအကြီးအကဲများမှတဆင့် သွယ်ဝိုက်

သောနည်းဖြင့်သာ အုပ်ချုပ်မည်ဟု ထိုဥပဒေတွင်ဖော်ပြထားသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းမှုက ခုခံမှုများကို ရပ်တန့်နိုင်ခြင်းမရှိခဲ့ဘဲ ၁၉ ရာစု၏ နောက်ဆုံး ဆယ်စုနှစ်ကာလများတလျှောက် ပြင်းထန်သော ဖိနှိပ်ချုပ်ချယ်မှုဖြစ်စဉ်များသာ ပေါ်ပေါက်စေခဲ့သည်။ သို့ရာတွင် ဗြိတိသျှအစိုးရသည် ၁၉၀၀ ပြည့်နှစ်တွင် လူမျိုးစုအများစုကို လက်နက်ဖြုတ်သိမ်းနိုင်ခဲ့သည်။ ချင်းခေါင်းဆောင်များသည် ပင်လုံညီလာခံကို တက်ရောက်ခဲ့သော်လည်း ထူးခြားချက်အနေဖြင့် ပြည်နယ်တောင်းဆိုခြင်း မရှိခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက်တွင် ချင်းတောင်တန်းနှင့် အာရကန်တောင်တန်း(ရခိုင်ရိုးမ) တကြော ဒေသများ(ယနေ့ခေတ် ပလက်ဝခရိုင်)ကိုပေါင်းစည်းပြီး ချင်းဝိသေသတိုင်းဟု သတ်မှတ်ခဲ့သည်။ ယနေ့ခေတ် ချင်းပြည်နယ်ကို ၁၉၇၄ ခုနှစ်တွင်မှ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ချင်းပြည်နယ်၏ လူဦးရေအားလုံးမှာ ချင်းလူမျိုးချည်းသာဖြစ်သည်ဟု ဆိုနိုင်လုနီးပါးပင်ဖြစ်ပြီး ပြည်နယ်လူဦးရေ၏ ၉၆ ရာခိုင်နှုန်းနီးပါးမှာ ချင်းလူမျိုးများဖြစ်ကြသည်။[၃၆] ထိုသို့ တိုင်းရင်းသားမျိုးနွယ်စု တသားတည်းဖြစ်ရခြင်းမှာ ချင်းပြည်နယ်ကို ဗြိတိသျှပိုင်ဗမာပြည်၊ နယ်ခြားဒေသများထဲမှ ချင်းတောင်တန်းဒေသပေါ်တွင်အခြေခံ၍ ဖွဲ့စည်းထားခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ထိစပ်နေသော ပြည်နယ်တောင်ပိုင်းရှိ ပလက်ဝမြို့နယ်တွင် ရခိုင်လူမျိုးအတော်များများလည်းရှိသည်။ ထိုမြို့နယ်သို့ ချင်းပြည်နယ် တောင်တန်းများထံမှထက် ရခိုင်ပြည်နယ်မှ သွားလာရ ပို၍လွယ်ကူသည်။ ယနေ့ခေတ် ချင်းပြည်နယ်တောင်ပိုင်းသည် ကိုလိုနီခေတ်က အာရကန်တောင်တန်း(ရခိုင်ရိုးမ)ခရိုင် ဖြစ်သဖြင့် ချင်းပြည်နယ်၏ ထိုအပိုင်းတွင် ရခိုင်လူမျိုးများရှိခြင်းမှာ မဆန်းလှပေ။ သို့ရာတွင် ပလက်ဝမြို့နယ်တွင် ချင်းလူမျိုးမှာ လူဦးရေအရ အဓိကမျိုးနွယ်စုကြီးအဖြစ် ရှိနေဆဲဖြစ်သည်။

ပုံ(၃-၉) ၁၉၇၄ မတိုင်မီ ချင်းဝိသေသတိုင်း

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၃၁ အိန္ဒိယသန်းခေါင်စာရင်း၊ အတွဲ-၁၁၊ ဘားမားနှင့် ခေတ်ပြိုင် အုပ်ချုပ်ရေးနယ်မြေများမှ ရယူပြီး မြေပုံကို အစီရင်ခံစာပြုစုသူများက ရေးဆွဲသည်။

၃၆ GAD မြို့နယ်အစီရင်ခံစာများထဲမှ 'ချင်း' ဟူသော မျိုးနွယ်စုထဲတွင် ချင်းမျိုးနွယ်စုခွဲများအားလုံးပါဝင်သည်ဟု ယူဆရသည်။ မျိုးနွယ်စုခွဲတစ်ခုကိုမျှ သီးခြားခွဲ၍ ဖော်ပြထားခြင်းမရှိ၍ ဖြစ်သည်။

ချင်းလူဦးရေ

ချင်းလူမျိုးများသည် မြန်မာနိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းတလျှောက်တွင် ပျံ့နှံ့နေထိုင်ကြသည်။ တိုင်းပြည်အတွင်းရှိ ချင်းလူဦးရေ၏ ထက်ဝက်ခန့်သာ ချင်းပြည်နယ်တွင်နေထိုင်ကြသည်။ ပြည်နယ်/တိုင်းအဆင့်တွင် ချင်းလူမျိုးများ အဓိကစုဝေးနေထိုင်ရာ ဒေသ ၄ ခုရှိပြီး ၎င်းတို့မှာ - ချင်းပြည်နယ်(စုစုပေါင်း ချင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်း)၊ စစ်ကိုင်းတိုင်း ဒေသကြီး (၂၂ ရာခိုင်နှုန်း)၊ မကွေးတိုင်းဒေသကြီး (၁၁ ရာခိုင်နှုန်း)၊ ရခိုင်ပြည်နယ်(၁၁ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ချင်းပြည်နယ်နှင့်ထိစပ်နေသော မြို့နယ်များဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး-ကလေးနှင့် တမူးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး- စေတုတ္တရာမြို့နယ်တို့တွင် ချင်းလူမျိုးများသည် မြို့နယ်လူဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့်အထိရှိသည်။ ထိုသို့ ချင်းလူမျိုးအများအပြား စုဝေးနေထိုင်ကြသော်လည်း ထိုနယ်မြေများသည် ချင်းပြည်နယ်အတွင်းတွင် ပါဝင်ခြင်း မရှိပေ။

ဇယား (၃-၆) ချင်းပြည်နယ်၏ တိုင်းရင်းသားမျိုးနွယ်စု ပျံ့နှံ့နေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ချင်း	95.7	94.6	93.8
ဗမာ	0.8	0.8	1.0
ရခိုင်	3.4	4.4	4.8
စုစုပေါင်း	**99.9**	**99.8**	**99.6**

မှတ်ချက် ။ ။ ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ (ဥပမာ -အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြားတိုင်းရင်းသားများ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

အနှစ်ချုပ်

- ချင်းလူမျိုးများသည် ပြည်နယ်လူဦးရေ၏ အများစုဖြစ်သော်လည်း ချင်းလူဦးရေစုစုပေါင်း၏ ထက်ဝက်ခန့်သာ ပြည်နယ်အတွင်း နေထိုင်ကြသည်။
- ချင်းပြည်နယ်အတွင်းနေထိုင်သော ရခိုင်လူမျိုးအများစုသည် ပလက်ဝမြို့နယ်တွင် နေထိုင်ကြပြီး မြို့နယ် လူဦးရေ၏ ၁၇ ရာခိုင်နှုန်း ရှိသည်။

မွန်ပြည်နယ်



မုတ္တမကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော မွန်ပြည်နယ်သည် မွန်လူမျိုးများ (ကိုလိုနီခေတ်မှတ်တမ်းများတွင် တလိုင်းလူမျိုးများဟုလည်း ဖော်ပြခဲ့သည်) အခြေချနေထိုင်ရာ ဖြစ်သည်။ ဤဒေသသည် သမိုင်းတလျှောက် မွန်စကားပြော ဘုရင့်နိုင်ငံများ အဓိကတည်ရှိခဲ့ရာ ဒေသဖြစ်ခဲ့သော်လည်း ယနေ့ခေတ် မွန်ပြည်နယ်ကို ၁၉၇၄ ခုနှစ်အခြေခံဥပဒေအရ ဖွဲ့စည်းတည် ထောင်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

ပြည်နယ်၏ ယနေ့ခေတ် နယ်နိမိတ်များသည် သမိုင်းတလျှောက် ထိုဒေသရှိ ဘုရင့်နိုင်ငံ များကြား အငြင်းပွားမှုအများဆုံး နယ်မြေဖြစ်ခဲ့သည်။ ဤပိုင်နက်နယ်နိမိတ်အတွင်း ပေါ်ပေါက်ခဲ့ သော ဘုရင့်နိုင်ငံအချို့သည် နောက်ပိုင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း (အထက်ဗမာပြည် ဟုလည်း ခေါ်သည်) ခြောက်သွေ့သောဒေသတွင် အခြေစိုက်သည့် ဘုရင့်နိုင်ငံများ၏ တိုက်ခိုက် သိမ်းပိုက် ခြင်းကို ခံခဲ့ကြရသည်။ အစောဆုံးသိမ်းပိုက်ခံခဲ့ရသည်မှာ ပုဂံထီးနန်းတန်ခိုးဩဇာအမြင့်ဆုံး အချိန် ဖြစ်သည့် ၁၀၁၀ ခုနှစ်တွင်ဖြစ်သည်။ ၁၃ ရာစုတွင် ပုဂံထီးနန်းကျဆုံးပြီးနောက် ပဲခူးတွင်အခြေစိုက် ပြီး ပဲခူးနှင့် ရန်ကုန်တိုင်း အပါအဝင် ယနေ့ခေတ် မြန်မာနိုင်ငံတောင်ပိုင်း (အောက်မြန်မာပြည် ဟုလည်းခေါ်သည်) ဒေသအများစုကို သိမ်းပိုက်အုပ်ချုပ်ခဲ့သော မွန်စကားပြော ဟံသာဝတီ ဘုရင့် နိုင်ငံသည် ယိုးဒယားလက်အောက်ခံပြည်နယ်တစ်ခု[၃၇]အဖြစ်သို့ကျရောက်ခဲ့သည်။ နောက်ပိုင်းတွင် ယိုးဒယားတို့လက်အောက်မှ လွတ်မြောက်ခဲ့ပြီး ၁၅ ရာစုအလယ်တွင်မူ တောင်ငူထီးနန်း၏ သိမ်း ပိုက်ခြင်းကို ခံခဲ့ရသည်(South 2003)။ မွန်လူမျိုးတို့နှင့် ပတ်သက်သော ဒဏ္ဍာရီအများစုမှာလည်း ဟံသာဝတီခေတ်တွင် ပေါ်ထွက်ခဲ့ကြသည်(Aung-Thwin 2005)။

လက်ရှိပြည်နယ်၏ နယ်မြေများအားလုံး ကိုလိုနီလက်အောက်သို့ တစ်ပြိုင်တည်းကျရောက် ခဲ့ခြင်းမဟုတ်ဘဲ မတူညီသောအချိန်ကာလ အပိုင်းအခြားတို့တွင် သီးခြားစီခွဲ၍ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ပြည်နယ်တောင်ပိုင်း (ယနေ့ခေတ် မော်လမြိုင်ခရိုင်)သည် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ အပြီး (၁၈၂၆) တွင် ကိုလိုနီဘဝရောက်ရှိခဲ့သည်။ ထိုအချိန်က ဤနယ်မြေကို အုပ်ချုပ်နေသော ကုန်းဘောင်ထီးနန်းက ရန်ကုန်ပိစာချုပ်အရ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီလက်သို့ နယ်မြေကို ထိုးအပ် လိုက်ရခြင်းဖြစ်သည်။ပြည်နယ်မြောက်ပိုင်း (ယနေ့ခေတ်သထုံခရိုင်)မှာမူ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ(၁၈၅၂) အပြီးတွင်မှ ကိုလိုနီပြုခံခဲ့ရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဤနယ်မြေများကို ကျိုက္ခမီ နှင့် သထုံခရိုင်များအနေနှင့် ဗြိတိသျှတို့က အုပ်ချုပ်ခဲ့သည်။ ၁၉၅၂ ပါလီမန်အက်ဥပဒေအရ ကျိုက္ခမီ နှင့် သထုံခရိုင်များ၏ ကမ်းရိုးတန်းမဟုတ်သော မြို့နယ်များသည် အသစ်တည်ထောင်ဖွဲ့စည်း လိုက်သော ကရင်ပြည်နယ်၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ အနောက်ဘက် ကမ်းရိုးတန်းမြို့နယ် များ (ကမ်းရိုးတန်းမဟုတ်သော ကျိုက်မရောမြို့နယ်နှင့်အတူ)သည် တနင်္သာရီတိုင်း အမှတ် (၁) ဖြစ်လာပြီး ၁၉၇၄ ခုနှစ်တွင် မွန်ပြည်နယ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

---

၃၇ အထက်မြန်မာပြည် ခြောက်သွေ့ဒေသမှ ဗမာစကားပြော ဘုရင့်နိုင်ငံများနှင့် အောက်မြန်မာပြည် ကမ်းရိုးတန်းဒေသ မွန်စကားပြော ဘုရင့်နိုင်ငံများကြား ပတ်သက်ဆက်နွယ်မှု အကြောင်းပိုမိုသိရှိနိုင်ရန် Aung Thwin (2005) တွင် ကြည့်ပါ။

ပုံ(၃-၁၀) ၁၉၇၄ မွန်ပြည်နယ် နယ်နိမိတ်များကို ကိုလိုနီခေတ်ခရိုင်များနှင့် ယှဉ်တွဲပြပုံ



ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၃၁ အိန္ဒိယသန်းခေါင်စာရင်း၊ အတွဲ-၁၁၊ ဘားမားနှင့် ခေတ်ပြိုင် အုပ်ချုပ်ရေးနယ်မြေများမှ ရယူပြီး မြေပုံကို အစီရင်ခံစာပြုစုသူများက ရေးဆွဲသည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

မွန်ပြည်နယ်သည် တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားသော ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ' တိုင်းရင်းသား မျိုးနွယ်ကွဲပြားမှု ညွှန်းကိန်းအမှတ်' ဒုတိယအမြင့်ဆုံး(၀.၅၁) ဖြစ်သည်။ ဤပြည်နယ်တွင် အဓိကမျိုးနွယ်စု ၃ ခု နေထိုင်ကြရာ ၎င်းတို့မှာ - မွန်(ပြည်နယ်လူဦးရေ၏ ၃၉ ရာခိုင်နှုန်း)၊ ဗမာ (၃၆ ရာခိုင်နှုန်း) နှင့် ကရင် (၁၄ ရာခိုင်နှုန်း) တို့ဖြစ်သည်။ အထက်တွင် ဆွေးနွေးခဲ့သော သမိုင်းနောက်ခံအချက်အလက်များအရ ယနေ့ခေတ် မွန်ပြည်နယ်တွင် ထိုမျိုးနွယ်စု ၃ ခု ယှဉ်တွဲနေထိုင်ကြခြင်းမှာ အံ့သြစရာမရှိလှပေ။ ယေဘူယျအားဖြင့် ဗမာလူဦးရေသည် မွန်ပြည်နယ်တဝှမ်း ပျံ့နှံ့တည်ရှိပြီး မွန်တို့မှာ ပြည်နယ်တောင်ပိုင်းတွင် ပို၍စုဝေးတည်ရှိကြကာ ကရင်တို့မှာမူ မြောက်ပိုင်းတွင် အဓိကနေထိုင်ကြသည်။

မွန်လူဦးရေ

မွန်လူဦးရေသည် ပထဝီအနေအထားအရ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသတွင် စုစည်းနေထိုင်ကြပြီး ၇၇ ရာခိုင်နှုန်း ဝန်းကျင်သည် မွန်ပြည်နယ်တွင် အခြေချနေထိုင်ကာ ၁၇ ရာခိုင်နှုန်းမှာ ကရင်ပြည်နယ်တွင် နေထိုင်ကြသည်။ မွန်တို့သည် မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ ခု အနက် ၅ ခု (ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သိမ်ဖြူဇရပ်နှင့် ရေး) တွင် လူဦးရေအများဆုံး မျိုးနွယ်စု ဖြစ်သည်။

မွန်စကားပြော ဘုရင့်နိုင်ငံများမှာ သမိုင်းကြောင်းအရ ပဲခူးတွင် အခြေစိုက်ခဲ့သော်လည်း ယနေ့ခေတ် ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မွန်လူဦးရေမှာ ကျဲပါးလှပြီး ထိုတိုင်းဒေသကြီးများ၏ ၀.၁၆ ရာခိုင်နှုန်းနှင့် ၀.၃၆ ရာခိုင်နှုန်းသာ အသီးသီးရှိသည်။ ထိုတိုင်းဒေသကြီးများတွင် မွန်လူဦးရေ သိသိသာသာလျော့ကျခြင်းနှင့်ပတ်သက်၍ မြန်မာ့အရေး လေ့လာသူပညာရှင်များက ဖြေရှင်းချက် ၂ မျိုး ထုတ်ကြသည်။ သန့်မြင့်ဦးက - ကုန်းဘောင်ထီးနန်းက အောက်မြန်မာပြည်ကို အောင်နိုင်ပြီးနောက်တွင် မွန်စကားပြောသူများကို ဆန့်ကျင်သောဘာသာစကားတူ ပြောဆိုရေး လှုံ့ဆော်လှုပ်ရှားမှု တစ်ရပ်ရှိခဲ့သည်။ ရလဒ်အနေဖြင့် မွန်လူဦးရေသည် (က) ယနေ့ခေတ် မြန်မာ

နိုင်ငံတွင် ၎င်းတို့အခြေချနေထိုင်ရာဖြစ်သည့် တနင်္သာရီ၊ သို့မဟုတ် ယိုးဒယားသို့ ပြောင်းရွှေ့အခြေချခဲ့ခြင်း (ခ) ဗမာ ဘာသာစကား၊ အဝတ်အစားနှင့် ဆံပင်ပုံစံနှင့် အမည်၊ လေယူလေသိမ်းတို့ကို ခံယူကာ ဗမာဖြစ်လာခြင်း (Myint-U 2001: 85) ဖြစ်ဖွယ်ရာရှိသည် ဟု ရေးသားထားသည်။ အက်ရှ်လေ ဆောက် (Ashley South) ကမူ – ဗမာလူဦးရေ သိသိသာသာပြောင်းလဲမှုမှာ ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်မှု မတိုင်ခင်ကမဖြစ်ပေါ်ခဲ့ဘဲ ဗြိတိသျှကျူးကျော်မှု နောက်တွင်မှသာ အထက်ဗမာပြည်မှ ဗမာအများအပြား အောက်ဗမာပြည်သို့ ပြောင်းရွှေ့လာခဲ့ပြီး လူဦးရေအရ ဒေသခံမွန်လူမှုအသိုင်းအဝိုင်းကို ကျော်လွန်သွားခဲ့ခြင်း ဖြစ်သည်။ (South 2003: 21)

ဇယား (၃-၇) မွန်ပြည်နယ်၏ တိုင်းရင်းသားမျိုးနွယ်စု ပျံနှံ့နေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
မွန်	38.7	38.2	38.7
ဗမာ	36.4	37.2	36.6
ကရင်	14.2	15.7	15.3
ပအိုဝ်း	3.1		
ရှမ်း	0.2	0.6	1.1
စုစုပေါင်း	**92.6**	**91.7**	**91.7**

မှတ်ချက် ။ ။ပြည်နယ်လူဦးရေ၏ ကျန်ရာခိုင်နှုန်းတွင် သွေးနှောတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ (ဥပမာ -အိန္ဒိယ၊ တရုတ်) ဖြစ်သည့် အခြားတိုင်းရင်းသားများ ပါဝင်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ ရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

ပုံ(၃-၁၁) မွန်ပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည်(စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- မွန်ပြည်နယ်အတွင်းရှိ မွန်အများစုသည် ပြည်နယ်၏တောင်ပိုင်းခရိုင်တွင် အခြေချနေထိုင်ကြပြီး ထိုဒေသတွင် ၎င်းတို့မှာ လူများစုလည်း ဖြစ်သည်။
- မွန်ပြည်နယ် မြောက်ပိုင်းခရိုင်မှာ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုမြင့်မားပြီး ဗမာ၊ ကရင်နှင့် မွန်လူမျိုးများရှိကာ မျိုးနွယ်စုတစ်ခုစီတိုင်းသည် လူဦးရေအရွယ်အစားအတော်အသင့် ရှိကြသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး အုပ်ချုပ်ရေးနယ်မြေဖြစ်ပြီး ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက်တည်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းခရိုင်နှင့် နတ်မြစ်သာခြားပြီး နယ်နိမိတ်ချင်း ထိစပ်နေသည်။ ထို့အတူ ချင်းပြည်နယ်၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့နှင့်လည်း ထိစပ်လျက်ရှိသည်။ ရခိုင်ရိုးမ တောင်တန်းများသည် ပြည်နယ်ကို မြန်မာနိုင်ငံ၏ ကျန်အစိတ်အပိုင်းများနှင့် ပိုင်ခြားထားခြင်းကြောင့် ကူးသန်းသွားလာရေး မလွယ်ကူပေ။

ရခိုင်မြောက်ပိုင်း၊ စစ်တွေသည် လက်ရှိပြည်နယ်မြို့တော်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ထိုဒေသသည် ရိုဟင်ဂျာလူမျိုးများ နေထိုင်ရာဒေသဖြစ်ပြီး ဗမာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းကတည်းက မတည်ငြိမ်မှုများ ဖြစ်ပွားလာခဲ့သည့် ဒေသလည်းဖြစ်သည်။ ၁၉၆၂ အာဏာသိမ်းမှုပြီးကတည်းက စတင်ခဲ့သော ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(BSPP) ခေတ်ကတည်းက ခွဲခြားဆက်ဆံသော မူဝါဒများနှင့် ရိုဟင်ဂျာလူမျိုးများကို ဖယ်ထုတ်ခြင်း တို့မြင့်တက်ခဲ့ပြီး ၎င်းတို့၏ မြန်မာနိုင်ငံသားဖြစ်မှုကို ပိတ်ပင်ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်မှစ၍ ထိုဒေသရှိ လူများသည် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်လာရကာ ဒုက္ခသည်စခန်းများတွင် နေထိုင်သော ရိုဟင်ဂျာလူဦးရေ၏ သိသိသာသာများပြားသော ရာခိုင်နှုန်းတစ်ခုမှာ ပြည်နယ်တဝှမ်း ပြန့်ကျဲသွားခဲ့သည်။ ထို့နောက်တွင် မြောက်ဘက်အကျဆုံး မြို့နယ် ၃ ခုဖြစ်သည့် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်တို့သည် ဝင်၊ ထွက် သွားလာခွင့် တင်းတင်းကျပ်ကျပ် ကန့်သတ်ခံခဲ့ရသည်။

ရခိုင်ပြည်နယ် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

ပထဝီဝင်အနေအထားအရ သီးခြားဖြစ်မှုကြောင့် ယနေ့ခေတ် ရခိုင်ပြည်နယ်တွင် ကိုလိုနီခေတ်မတိုင်မီက တည်ထောင်ခဲ့သော ဘုရင့်နိုင်ငံများသည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ဘုရင့်နိုင်ငံများ၏ လက်အောက်မကျရောက်ဘဲ များသောအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခဲ့ကြသည်။ ကုန်းဘောင်ဘုရင်များ၏ ကျူးကျော်မှုမတိုင်မီ နောက်ဆုံးလွတ်လပ်သည့် ဘုရင့်နိုင်ငံဖြစ်ခဲ့သည်မှာ မြောက်ဦးဘုရင့်နိုင်ငံတော်(၁၄၂၉ – ၁၇၈၅) ဖြစ်သည် (Myint-U 2001: 13–14)။

ပြည်တွင်းနိုင်ငံရေးပဋိပက္ခကို အခွင့်ကောင်းယူကာ ကုန်းဘောင်ဘုရင် ဘိုးတော်ဘုရားက ၁၇၈၄ ခုနှစ်တွင် တိုင်းပြည်ကို တိုက်ခိုက်သိမ်းလိုက်ပြီးနောက်တွင် မြောက်ဦးဘုရင့်နိုင်ငံတော်၏ လွတ်လပ်မှုမှာ အဆုံးသတ်သွားခဲ့သည်။ကျူးကျော်တိုက်ခိုက်မှုအတွင်း၌နောက်ပိုင်းကာလတို့တွင် ဒေသခံအများအပြားသည် စစ်တကောင်းသို့ ထွက်ပြေးခဲ့ကြသည်။ ၁၈၂၄ ခုနှစ်တွင် ကုန်းဘောင်

ထီးနန်းသည် ဤပိုင်နက်နယ်မြေအား ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် ချုပ်ဆိုသော ရန်ကုန်စာချုပ်အရ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့ရသည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ဤနယ်မြေများကို အာကျပ်၊ ကျောက်ဖြူနှင့် သံတွဲဟူ၍ ခရိုင် ၃ ခု ပိုင်းခြားသတ်မှတ်ခဲ့သည်။

၁၈၆၅ ခုနှစ်တွင် အာကျပ်ခရိုင်၏ မြောက်ပိုင်း တောင်တန်းထူထပ်သော ဒေသများကို မြောက်ပိုင်း အာရကန် ခရိုင် (အာရကန်တောင်တန်း(ရခိုင်ရိုးမ) ခရိုင်ဟုလည်း ရည်ညွှန်းဖော်ပြသည်။) ဟူသောအမည်ဖြင့် ခရိုင်အသစ်တစ်ခု ထပ်မံဖွဲ့စည်းခဲ့သည်(Spearman 1880: 7)။ ကိုလိုနီအရာရှိများ အုပ်ချုပ်၍မရဖြစ်နေသော နေရာများတွင် ဗြိတိသျှတို့၏ အုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ထိုကဲ့သို့ အပြောင်းအလဲလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ခရိုင်အသစ်ကို အဓိကအားဖြင့် ဒေသခံအကြီးအကဲများဖြင့် ပူးပေါင်းပြီးအုပ်ချုပ်ခဲ့သည်။

ဗြိတိသျှအုပ်ချုပ်မှု အဆုံးသတ်သွားချိန်တွင် ဗြိတိသျှပိုင်ဗမာပြည်၏ အာရကန်တိုင်းသည် ၁၉၄၇ အခြေခံဥပဒေအရ နှစ်ပိုင်းကွဲသွားခဲ့သည်။ အာရကန်တောင်တန်း(ရခိုင်ရိုးမ) ခရိုင်(ယနေ့ခေတ် ပလက်ဝခရိုင်)သည် ချင်းဝိသေသတိုင်း၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ ကျန်ခရိုင်များဖြစ်သော အာကျပ်၊ ကျောက်ဖြူ နှင့် သံတွဲတို့ကို အာရကန်(ရခိုင်) တိုင်း အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ထိုဒေသကိုပင် ၁၉၇၄ အခြေခံဥပဒေအရ ရခိုင်ပြည်နယ်အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မှတ်သားစရာတစ်ခုမှာ ကာလတိုတစ်ခုအနေနှင့် ၁၉၆၁ မှ ၁၉၆၄ ခုနှစ် အတွင်းတွင် ကုလားတန်မြစ်မြောက်ပိုင်းဒေသများ (အကြမ်းဖျင်းအားဖြင့် ယနေ့ခေတ် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် မြို့နယ်များ)အတွက် မေယုနယ်ခြားခရိုင်ဟု အမည်ရသော အထူးဒေသတစ်ခုကို ဖွဲ့စည်းခဲ့ရာ ယင်းဒေသသည် ယနေ့ခေတ် မြန်မာနိုင်ငံတွင် ရှိဟင်ဂျာလူမျိုးများအများဆုံး စုဝေးနေထိုင်ရာ ဒေသဖြစ်သည်။

ယနေ့ခေတ် ရခိုင်ပြည်နယ်၏ ခရိုင်နယ်နိမိတ်အများစုမှာ ကိုလိုနီခေတ် ခရိုင်နယ်နိမိတ်များအတိုင်းသာ ဖြစ်သည်။ အာကျပ်ခရိုင်ကို မောင်တော၊ မြောက်ဦးနှင့် စစ်တွေ ခရိုင်များအဖြစ် ခွဲခြားထားသည်။ သံတွဲခရိုင်မှာမူ ကိုလိုနီခေတ်နယ်နိမိတ်များအတိုင်းသာ ဖြစ်သည်။

ပုံ (၃-၁၂) ၁၉၄၈ မတိုင်မီ ရခိုင်ပြည်နယ်



ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၃၁ အိန္ဒိယသန်းခေါင်စာရင်း၊ အတွဲ-၁၁၊ ဘားမားနှင့် ခေတ်ပြိုင်အုပ်ချုပ်ရေးနယ်မြေများမှ ရယူပြီး မြေပုံကို အစီရင်ခံစာပြုစုသူများက ရေးဆွဲသည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယမြောက် မျိုးနွယ်စုတူညီမှုအမြင့်ဆုံး ပြည်နယ်ဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်များကြား အရေးပါသည့် ကွဲပြားခြားနားမှုတစ်ရပ်လည်း ရှိသေးသည်။ ယင်းမှာ မြန်မာနိုင်ငံ၏ ပြည်နယ်အများစုတွင် အသိအမှတ်ပြု မျိုးနွယ်စုများ (တိုင်းရင်းသားများ)၏ လူဦးရေသည် လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။ သို့ရာတွင် ရခိုင်ပြည်နယ်တွင်မူ တိုင်းရင်းသား လူဦးရေမှာ အကြမ်းဖျင်း ၇၄ ရာခိုင်နှုန်းသာရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရခိုင်ပြည်နယ်သည် အဓိကမျိုးနွယ်စုကြီး နှစ်ခုဖြစ်သော ပြည်နယ်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းနီးပါးရှိသည့် ရခိုင်/အာရကန်လူမျိုးနှင့် ပြည်နယ်လူဦးရေ၏ ၂၆ ရာခိုင်နှုန်းခန့်ရှိသော[၃၈] ရိုဟင်ဂျာလူမျိုး[၃၉]တို့ အခြေချနေထိုင်ရာ ဒေသဖြစ်ခြင်းကြောင့် ဖြစ်သည်။ ရိုဟင်ဂျာလူမျိုးတို့သည် ပြည်နယ်မြောက်ပိုင်းမြို့နယ်များတွင် အဓိကလူမျိုးစုတစ်ခုဖြစ်ပြီး ရခိုင်တို့ကမူ ပြည်နယ်အတွင်း အခြားဒေသများတွင် ကြီးစိုးထားသည်။ ရခိုင်ပြည်နယ်တွင် ချင်းလူမျိုး အများအပြားလည်းရှိရာ ပြည်နယ်အလယ်ပိုင်း – အမ်း၊ မင်းပြားနှင့် မြေပုံ မြို့နယ်များ(မြို့နယ် လူဦးရေ၏ ၂၉ ရာခိုင်နှုန်း၊ ၁၄ ရာခိုင်နှုန်းနှင့် ၁၃ ရာခိုင်နှုန်း အသီးသီးရှိသည်) တွင်သာမက ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြို့နယ်များတွင်လည်း တွေ့ရသည်။ ရခိုင်ပြည်နယ်အတွင်း အခြားမျိုးနွယ်စုများ တည်ရှိမှုမှာမူ မပြောပလောက်ပေ။

ဇယား (၃-၈) ရခိုင်ပြည်နယ်၏ တိုင်းရင်းသားမျိုးနွယ်စု ပုံနှံ့နေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ရခိုင်	69.6	67.8	67.2
ဗမာ	0.4	0.7	0.9
ချင်း	3.8	3.2	3.2
စုစုပေါင်း	**73.8**	**71.7**	**71.3**
နိုင်ငံခြားသား	25.9	27.8	27.8

မှတ်ချက် ။ ။ အခြားတိုင်းရင်းသားမျိုးနွယ်စုများသည် ရခိုင်ပြည်နယ် လူဦးရေ၏ ၁ ရာခိုင်နှုန်းအောက်သာ ရှိသည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး ဇယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

---

၃၈ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ထိစပ်နေသော ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ဗမာလူဦးရေအတော်များများရှိသည်ဟု ယေဘူယျအားဖြင့် ယူဆရသည်။ ဤယူဆချက်သည် ကိုလိုနီခေတ်မှတ်တမ်းများ(ဥပမာ – ၁၉၃၁ သန်းခေါင်စာရင်း)တို့နှင့်လည်းကိုက်ညီမှုရှိသည်။ ထိုမှတ်တမ်းများတွင် ရခိုင်ပြည်နယ်ရှိ ဗမာလူဦးရေကို မြောက်ပိုင်းမြို့နယ်များ(ယခင် အာကျပ်ခရိုင်) တွင် ၀.၄ ရာခိုင်နှုန်း၊ အလယ်ပိုင်းမြို့နယ်များ (ယခင် ကျောက်ဖြူခရိုင်) တွင် ၀.၄၇ ရာခိုင်နှုန်းနှင့် တောင်ပိုင်းမြို့နယ်များ (ယခင်သံတွဲ ခရိုင်) တွင် ၅၆.၁၁ ရာခိုင်နှုန်းဟု ခန့်မှန်းထားသည်။ သို့သော် ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများနှင့် ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများ အပါအဝင် ကိုလိုနီခေတ်လွန်ကာလ မှတ်တမ်းများတွင်မူ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ ဗမာလူဦးရေမှာ အတန်ပင်လျော့နည်းကျပါးနေကြောင်း တွေ့ရသည်။ ဤဗမာလူဦးရေအချိုးအစားပြောင်းလဲမှုကို ရှင်းပြနိုင်ရန် သုတေသနများထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

၃၉ ရိုဟင်ဂျာတို့ကို GAD မြို့နယ်အစီရင်ခံစာများတွင် 'နိုင်ငံခြားသား' အမျိုးအစားအောက်တွင် 'ဘင်္ဂလားဒေ့ရှ်' ဟု သတ်မှတ်ဖော်ပြသည်ကို တွေ့ရသည်။ နိုင်ငံခြားသားများသည် ၎င်းတို့မျိုးရိုးဆင်းသက်လာသည့်(ဟု ထင်ရသည့်)နိုင်ငံနှင့် ဆက်နွယ်ပြီး အမျိုးအစားသတ်မှတ်ခံရလေ့ရှိသည်။ ရိုဟင်ဂျာလူဦးရေခန့်မှန်းချက်များနှင့် ပတ်သင်ပြီး ဆွေးနွေးဖော်ပြချက်ကို အောက်ခြေမှတ်စု ၃၄ တွင်ကြည့်ပါ။

အာရကန်/ ရခိုင် လူဦးရေ

ရခိုင်တို့သည် မြန်မာနိုင်ငံတွင် ပထဝီအနေအထားအရ စုဝေးနေထိုင်မှုအရှိဆုံး တိုင်းရင်းသားမျိုးနွယ်စုများထဲမှ တစ်ခုဖြစ်ပြီး ရခိုင်မျိုးနွယ်စု လူဦးရေစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းမှာ ပြည်နယ်အတွင်းတွင် အခြေချနေထိုင်ကြသည်။ ကျန်ရခိုင်လူဦးရေမှာမူ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်ကြသည်။

ရခိုင်ပြည်နယ်အတွင်းတွင် ရခိုင်လူဦးရေသည် ခြွင်းချက်အနေဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နှင့် ပြည်နယ်မြို့တော် စစ်တွေတို့တွင်မှလွဲ၍ ကျန်မြို့နယ်အားလုံးတွင် အရေအတွက်အရသိသိသာသာများပြားသော လူများစုအဖြစ်ရပ်တည်လျက်ရှိသည်။ ဥပမာ အနေဖြင့် – မာန်အောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် ၎င်းတို့သည် မြို့နယ်လူဦးရေ ၏ ၉၈ ရာခိုင်နှုန်းအထိ ရှိသည်။

ပုံ (၃-၁၃) ရခိုင်ပြည်နယ်၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည် (စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- ရခိုင်ပြည်နယ်၏ မြောက်ပိုင်းမြို့နယ်များ – ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင် တို့သည် ရိုဟင်ဂျာလူမျိုး အများအပြားနေထိုင်ရာနေရာများဖြစ်ပြီး ၎င်းတို့သည် လူဦးရေ ၏ အများစု ဖြစ်သည်။
- အလယ်ပိုင်းနှင့် တောင်ပိုင်းမြို့နယ်များတွင် အများအားဖြင့် ရခိုင်လူမျိုးများ နေထိုင်ကြသော်လည်း အမ်း၊ မင်းပြားနှင့် မြေပုံမြို့နယ်တို့တွင် ချင်းလူမျိုး အတော်များများရှိသည်။



တိုင်းဒေသကြီးများ

တိုင်းဒေသကြီးများသည် မြန်မာနိုင်ငံ၏ ပထမအလွှာ (tier-1) ဒေသအဆင့်အုပ်ချုပ်ရေး နယ်မြေများ၏ ထက်ဝက်ခန့်ရှိသည်။ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၂၀၇ မြို့နယ်မှာ အလယ်ပိုင်းမြေပြန့်ဒေသများတွင်ရှိပြီး အများအားဖြင့် ဧရာဝတီမြစ်ဝန်းကျင်တွင် တည်ရှိကြသည်။ အလယ်ပိုင်းဒေသများမှာ ခြောက်သွေ့သောနယ်မြေများဖြစ်ပြီး တောင်ပိုင်းဒေသများမှာ စိုစွတ်သော၊ မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်ကြသည့် ဧရာဝတီတိုင်းနှင့် ပဲခူး၊ရန်ကုန်တိုင်း(ရန်ကုန်တိုင်းကို ၁၉၆၄ ခုနှစ်တွင်မှ ပဲခူးတိုင်းမှ သီးခြားခွဲထုတ်ခဲ့ခြင်း ဖြစ်သည်) တို့ ပါဝင်သလို တနင်္သာရီတိုင်း၏ ဝေးလံအစွန်အဖျားကျသော ကမ်းရိုးတန်းလည်း ပါဝင်သည်။

မြန်မာ့တိုင်းဒေသများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်း

မြန်မာ့ တိုင်းဒေသများသည် ယေဘုယျအားဖြင့် ဗမာလူမျိုးများနှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည်။ ထိုအုပ်ချုပ်ရေး နယ်မြေများတွင် ပါဝင်သောဒေသများကို ခြောက်သွေ့သောဒေသတွင် ပေါ်ထွန်းခဲ့သည့် ထီးနန်းအဆက်ဆက်(ဥပမာ - ပဲခူး၊ တောင်ငူ၊ ကုန်းဘောင်) က အုပ်ချုပ်ခဲ့ကြသည်။ သို့ရာတွင် ထိုကဲ့သို့ ထီးနန်းစိုးစံခဲ့သော ဘုရင်အဆက်ဆက် လက်လှမ်းမမီခဲ့သည့် နယ်မြေများလည်း ပါဝင်နေသည်။ သို့သော် ထိုနယ်မြေများမှာ လွတ်လပ်ပြီးခေတ်ဗမာနိုင်ငံ၌ ပြည်နယ်များဖွဲ့စည်းရာတွင် ကျန်နေရစ်ခဲ့သည် (ဥပမာ - နာဂတောင်တန်း)။

ဗြိတိသျှတို့ မရောက်ရှိမီက မတူညီသော မင်းဆက်အမျိုးမျိုးက တိုင်းပြည်၏ အလယ်ပိုင်းမြေပြန့်ဒေသများကို အုပ်ချုပ်ခဲ့ကြသည်။ သရေခေတ္တရာ၏ ပြုမြို့မှ တောင်ငူထီးနန်း(၁၆ ရာစုမှ ၁၈ ရာစု) အထိ ယနေ့ခေတ် တိုင်းဒေသများသည် ပဒေသရာဇ် ဘုရင့်နိုင်ငံတော်အမျိုးမျိုး အခြေစိုက်ရာဖြစ်ခဲ့သည်။။ ဧရာဝတီမြစ်နှင့် ၎င်း၏ပတ်ဝန်းကျင်ရှိ မြေဆီလွှာကြွယ်ဝသောမြေများကြောင့် နယ်ပယ်အများစုကို ကြီးစိုးနိုင်သော ဘုရင့်နိုင်ငံများ ထူထောင်နိုင်ခဲ့ကြသည်။

နောက်ဆုံး ကုန်းဘောင်မင်းဆက် အုပ်ချုပ်ခဲ့သော ပိုင်နက်များသည် ဗြိတိသျှပိုင်ဗမာပြည်ထဲသို့ ဖြည်းဖြည်းချင်း သွတ်သွင်းခံခဲ့ရသည်။ ပထမဆုံးအနေဖြင့် ဗြိတိသျှတို့သည် ကမ်းရိုးတန်းဒေသများ (အကြမ်းဖျင်းအားဖြင့် ယနေ့ခေတ် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်း)ကို သိမ်းပိုက်ခဲ့ကြသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်(၁၈၂၄ - ၁၈၂၆) အပြီးတွင် ဗြိတိသျှစစ်တပ်သည် ထိုဒေသများတွင် အခြေချခဲ့ကြသည်။ ယနေ့ခေတ် ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းများမှာ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်(၁၈၅၂ - ၁၈၅၃)အပြီးတွင် သိမ်းပိုက်ခံခဲ့ရကာ တတိယနှင့်နောက်ဆုံး အင်္ဂလိပ်-မြန်မာစစ်(၁၈၈၅) အပြီးတွင်မူ ထို သမိုင်းဝင်ထီးနန်းအဆက်ဆက် အခြေစိုက်ခဲ့ရာ ဒေသများ (အကြမ်းဖျင်းအားဖြင့် ယနေ့ခေတ် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း)ပါ ဗြိတိသျှလက်အောက် ကျရောက်ခဲ့သည်။

ဗြိတိသျှတို့သည် ၎င်းတို့လက်အောက် ကျရောက်လာသော နယ်ပယ်အသစ်အများအပြားကို တိုက်ရိုက်အုပ်ချုပ်သော်လည်း နယ်ခြားဒေသများတွင်မူ သွယ်ဝိုက်အုပ်ချုပ်ခြင်းများလည်း ရှိသည်။ တိုက်ရိုက်အုပ်ချုပ်သည့် နယ်မြေများကို ဗမာပြည်မဟု သတ်မှတ်ခေါ်ဆိုပြီး သွယ်ဝိုက်အုပ်ချုပ်သော ဒေသများကို နယ်ခြားဒေသ ဟုခေါ်ဆိုခဲ့သည်။ ပုံ (၃-၁၄)မှ ပထမပုံတွင် ဗမာပြည်မနှင့် နယ်ခြားဒေသများကို ခွဲခြားဖော်ပြထားသည်။

ပုံ (၃-၁၄) ၁၉၃၁ ၊ ၁၉၄၈ နှင့် ၁၉၇၄ တို့တွင် အုပ်ချုပ်ရေးနယ်နိမိတ်များ ပြောင်းလဲပုံ



မှတ်ချက် ။ ။ အနက်ရောင်မျဉ်းများက မြန်မာနိုင်ငံ၏ ပထမအလွှာ နယ်မြေများ (၁၉၃၁ တွင် တိုင်းများနှင့် ၁၉၄၇ နောက်ပိုင်းတွင် ပြည်နယ်နှင့် တိုင်း/တိုင်းဒေသကြီးများ)ကို ဖော်ပြသည်။ အဖြူရောင်မျဉ်းများမှာ အကန့် ၃ ခုလုံးတွင် ခရိုင်များကို ဖော်ပြသည်။

ရင်းမြစ် ။ ။ Callahan(2005) နှင့် မြန်မာ အခြေခံဥပဒေ ၁၉၄၈၊ ၁၉၇၄ တို့မှ အချက်အလက်များရယူပြီး အစီရင်ခံစာပြုစုသူများက မြေပုံများကို ရေးဆွဲသည်။

တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်း

တိုင်းဒေသကြီးများတွင် မျိုးနွယ်စု စုံလင်ကွဲပြားမှုနည်းပါးပြီး ဗမာလူမျိုးများက လူများစု ဖြစ်သည်။ ဗမာတို့သည် ဧရာဝတီမှလွဲ၍ ကျန်တိုင်းဒေသကြီးများအားလုံးတွင် ဒေသလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်ရှိသည်။ တိုင်းဒေသကြီးများအနက် မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် မျိုးနွယ်စု တူညီမှုအမြင့်ဆုံးဖြစ်ပြီး ဗမာလူဦးရေက သက်ဆိုင်ရာ တိုင်းဒေသကြီး လူဦးရေ၏ ၉၇ နှင့် ၉၆ ရာခိုင်နှုန်း အသီးသီးရှိသည်။ ထိုတိုင်းဒေသကြီးနှစ်ခုလုံးမှာ ထင်ရှားသည့် ဗမာစကားပြော ဘုရင့်နိုင်ငံများ အခြေစိုက်ရာဒေသများဖြစ်ခဲ့သဖြင့် ထိုကဲ့သို့ဗမာများ စုဝေးနေထိုင်မှု မြင့်မားခြင်းမှာ အံ့သြစရာမဟုတ်ပေ။

သို့ရာတွင် တိုင်းဒေသကြီးများတွင် လူနည်းစုတိုင်းရင်းသားများ စုဝေးနေထိုင်ရာ နေရာများလည်းရှိပြီး အထူးသဖြင့် ပြည်နယ်များနှင့် နယ်နိမိတ်ထိစပ်နေသော မြို့နယ်များတွင် ထိုကဲ့သို့ စုဝေးနေထိုင်မှုများကို တွေ့နိုင်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ပဲခူးအရှေ့ပိုင်းတို့တွင် ကရင်လူမျိုးများ၊ စစ်ကိုင်းမြောက်ပိုင်းတွင် နာဂနှင့် ရှမ်းလူမျိုးများနှင့် ချင်းလူမျိုးများကို များသောအားဖြင့် စစ်ကိုင်းတောင်ပိုင်းနှင့် မကွေးအနောက်ပိုင်း တို့တွင်တွေ့ရသည်။ တိုင်းဒေသကြီး အဆင့်တွင် လူနည်းစုတိုင်းရင်းသားများ၏ လူဦးရေအချိုးအစားမှာ အတော်အတန်သေးငယ်သော်လည်း အချို့ သောမြို့နယ်များတွင် လူဦးရေအများဆုံးမျိုးနွယ်စုအဖြစ် နေရာယူထားသော လူနည်းစုတိုင်းရင်းသား အမျိုးမျိုးလည်းရှိသည်။

ဗမာလူဦးရေ

မြန်မာနိုင်ငံ၏ အဓိကမျိုးနွယ်စုလည်းဖြစ်၊ နိုင်ငံရေးအရ ကြီးစိုးထားသော မျိုးနွယ်စုလည်းဖြစ်သည့် ဗမာတို့သည် နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်(၁၉၇၃ သန်းခေါင်စာရင်းမှ စ၍ ဗမာလူဦးရေသည် အပြောင်းအလဲမရှိဘဲ တိုင်းပြည်လူဦးရေ၏ ၆၈-၆၉ ရာခိုင်နှုန်း ပုံမှန်ရှိလာခဲ့သည်)။ ထိုမျှပြားလှသော လူဦးရေပမာဏသည် ပထဝီအနေအထားအရဆိုလျှင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသတို့တွင် စုဝေးနေထိုင်ကြကာ ဗမာလူဦးရေစုစုပေါင်း၏ ၉၄ ရာခိုင်နှုန်းသည် တိုင်းဒေသကြီးများ(နှင့် နေပြည်တော်)တွင် နေထိုင်ကြသည်။ မြို့နယ်အဆင့်တွင်မူ ဗမာတို့သည် တိုင်းဒေသကြီးများ၌ မြို့နယ် ၁၅ မြို့နယ်တွင်မှလွဲ၍ ကျန်မြို့နယ်အားလုံးတွင် လူများစု ဖြစ်သည်(ပုံ ၃-၁၅ ကိုကြည့်ပါ)။ ဗမာတို့သည် တိုင်းဒေသကြီးများရှိ မြို့နယ် ၂၀၂ မြို့နယ်အနက်မှ ၅၇ မြို့နယ်တွင် မြို့နယ်လူဦးရေ၏ ၉၉ ရာခိုင်နှုန်းရှိသည်။

ဗမာလူဦးရေ၏ ၆ ရာခိုင်နှုန်းသာ တိုင်းဒေသကြီးများနှင့် နေပြည်တော်အပြင်ဘက်တွင် နေထိုင်ကြသည်။ တိုင်းဒေသကြီးများအပြင်ဘက်တွင် ဗမာများအများဆုံးစုဝေးနေထိုင်ကြသည်မှာ ကချင်၊ မွန်နှင့် ရှမ်းပြည်နယ်တို့ ဖြစ်သည်။ သို့ရာတွင် ဗမာလူဦးရေ စုစုပေါင်းအရေအတွက်မှာ များပြားလှသဖြင့် အချို့ပြည်နယ်များရှိ ဗမာလူဦးရေမှာ မျက်ကွယ်ပြုထား၍ မရနိုင်ပေ။

နာဂလူဦးရေ

မြန်မာနိုင်ငံရှိ နာဂလူမျိုးများသည် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဖျားပိုင်းတွင် များစွာစုဝေးနေထိုင်ကြပြီး ကချင်ပြည်နယ်နှင့် အိန္ဒိယ၊ နာဂလန်းကြားဒေသတွင်လည်း နေထိုင်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင် နာဂလူမျိုးတို့သည် မြို့နယ် ၄ ခု၌ အတော်ပင်များသော လူဦးရေအရွယ်အစားရှိရာ - လဟယ် (မြို့နယ်လူဦးရေ၏ ၉၉ ရာခိုင်နှုန်း)၊ နန်းယွန်း (၉၇ ရာခိုင်နှုန်း)၊ လေရှီး (၈၇ ရာခိုင်နှုန်း)နှင့် ခန္တီး (၄၆ ရာခိုင်နှုန်း) မြို့နယ်တို့ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် လဟယ်၊ နန်းယွန်း၊ လေရှီး မြို့နယ် ၃ ခုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ်တည်ထောင်ဖွဲ့စည်းခဲ့သည်။ ကချင်ပြည်နယ် - တနိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး - ဟုမ္မလင်းမြို့နယ်တို့တွင်လည်း နာဂလူမျိုး အနည်းငယ်နေထိုင်သည်။

ဇယား (၃-၉) တိုင်းဒေသကြီးများတွင် တိုင်းရင်းသားမျိုးနွယ်စု ပုံနှံနေထိုင်မှု

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
ဧရာဝတီတိုင်း			
ဗမာ	76.7	75.8	76.4
ကရင်	21.5	20.4	19.6
စုစုပေါင်း	**98.2**	**96.2**	**96**
ပဲခူးတိုင်း			
ဗမာ	89.9	88.9	88.7
ကရင်	4.6	4.8	5.0
ရှမ်း	0.9	1.2	1.0
စုစုပေါင်း	**95.4**	**94.9**	**94.7**

	၂၀၁၉ GAD မြို့နယ်အစီရင်ခံစာ (%)	၁၉၈၃ သန်းခေါင်စာရင်း (%)	၁၉၇၃ သန်းခေါင်စာရင်း (%)
မကွေးတိုင်း			
ဗမာ	97.1	96.7	96.4
ချင်း	2.6	2.4	2.5
စုစုပေါင်း	**99.7**	**99.1**	**98.9**
မန္တလေးတိုင်း			
ဗမာ	95.8	95.2	95.5
ရှမ်း	1.0	1.1	1.2
ကချင်	0.9	0.5	0.3
စုစုပေါင်း	**97.7**	**96.8**	**97.0**
စစ်ကိုင်းတိုင်း			
ဗမာ	87.5	90.1	89.1
ချင်း	4.0	4.8	5.5
နာဂ	2.6		
ရှမ်း	4.8	4.0	4.4
စုစုပေါင်း	**98.9**	**98.9**	**99.0**
တနင်္သာရီတိုင်း			
ဗမာ	86.5	83.5	83.5
ကရင်	7.5	6.5	6.8
မွန်	1.8	2.6	2.3
စုစုပေါင်း	**95.8**	**92.6**	**92.6**
ရန်ကုန်တိုင်း			
ဗမာ	89.0	83.6	81.7
ကရင်	3.9	4.8	2.8
ရခိုင်	1.3	1.2	1.4
စုစုပေါင်း	**94.2**	**89.6**	**85.9**

ရင်းမြစ် ။ ။ အချက်အလက်များကို ၁၉၇၃ နှင့် ၁၉၈၃ သန်းခေါင်စာရင်းများ၊ ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှ ရယူပြီး ဧယားကို အစီရင်ခံစာပြုစုသူများက ရေးဆွဲပြုစုထားသည်။

ပုံ(၃-၁၅) တိုင်းဒေသကြီးများ၏ မြို့နယ်အဆင့်၌ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့် လူဦးရေအများဆုံး မျိုးနွယ်စု



မှတ်ချက် ။ ။ တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို ELF ညွှန်းကိန်းကို အသုံးပြုတွက်ချက်ထားသည်(စာမျက်နှာ ၂၆ တွင်ကြည့်ပါ)။ ၀ မှ ၀.၃၃ ကို 'နိမ့်' ၊ ၀.၃၃ နှင့် ၀.၆၆ ကြားကို 'အလယ်အလတ်' နှင့် ၀.၆၆ နှင့် ၁ ကြားကို 'မြင့်' ဟု သတ်မှတ်သည်။

ရင်းမြစ် ။ ။ အချက်အလက်များကို ၂၀၁၉ GAD မြို့နယ်အစီရင်ခံစာများမှရယူပြီး မြေပုံများကို အစီရင်ခံစာပြုစုသူများက ရေးဆွဲထားခြင်းဖြစ်သည်။

အနှစ်ချုပ်

- ဗမာတို့သည် တိုင်းဒေသကြီးများတွင် ပျံနှံ့နေထိုင်ကြပြီး ထိုဒေသများတွင် လူဦးရေ၏ အများစု လည်းဖြစ်သည်။ ၎င်းတို့သည် ပဲခူး၊ မန္တလေး၊ ပုသိမ်နှင့် ရန်ကုန် တို့ကဲ့သို့သော မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့များတွင် လူဦးရေအရ ကြီးစိုးထားသော လူမျိုးစုလည်း ဖြစ်သည်။
- တိုင်းဒေသကြီးများရှိ ဗမာမဟုတ်သော လူဦးရေများမှာ ၎င်းတို့၏သက်ဆိုင်ရာ ဇာတိပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသော မြို့နယ်များတွင်ဖြစ်စေ၊ ရန်ကုန် တိုင်းဒေသကြီးတွင်ဖြစ်စေ နေထိုင်ကြသည်က များသည်။
- တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ် ၂၀၅ ခုအနက် ၁၅ မြို့နယ်တွင် ချင်း၊ ကရင်၊ နာဂ၊ ရှမ်းလူမျိုးတို့အနက် တစ်ခုခုက လူဦးရေအများဆုံး မျိုးနွယ်စုအဖြစ် စုဝေးနေထိုင်ကြသည်။

အခန်း (၄)

နိုဂုံးသုံးသပ်ချက်နှင့် အကြံပြုချက်များ

မြန်မာနိုင်ငံ၏ပြည်နယ်များ ပေါ်ပေါက်လာပုံနှင့် ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေတစ်ခု စီရှိ တိုင်းရင်းသားမျိုးနွယ်စု နယ်မြေအခင်းအကျင်းတို့ကို ပိုမိုအသေးစိတ်ကျစွာ လေ့လာဆန်းစစ် ရာမှ မှတ်သားစရာအချက်အနည်းငယ် ပေါ်ထွက်လာခဲ့ပါသည်။

- ကိုလိုနီအုပ်ချုပ်သူများ၏ နယ်နိမိတ်သတ်မှတ်ရာတွင် တရားမျှတမှုမရှိပုံကို သမိုင်းပညာရှင် များက တစ်ခါတစ်ရံသတိပြု၊ မှတ်တမ်းတင်တတ်ကြသည်။ မြန်မာနိုင်ငံတွင်လည်း အခြား နေရာများတွင်ကဲ့သို့ပင် ထိုနယ်နိမိတ် သတ်မှတ်ချက်များသည် ကိုလိုနီခေတ်လွန်ကာလ အထိ ဆက်လက်အသက်ဝင်နေကြပြီး ယနေ့ခေတ် မြန်မာနိုင်ငံ၏ နယ်နိမိတ်များသည် အနည်းနှင့် အများဆိုသလို ကိုလိုနီခေတ် ခရိုင်နယ်နိမိတ်များပေါ်မူတည်၍ နယ်နိမိတ် သတ်မှတ်ထားကြသည်။

- တိုင်းရင်းသားမျိုးနွယ်စု ၇ ခုသည် ၎င်းတို့၏မျိုးနွယ်စုအမည်ဖြင့် ပြည်နယ်တစ်ခုစီ ရှိကြ သော်လည်း ပြည်နယ်အမည်တပ်ခံရသော တိုင်းရင်းသားမျိုးနွယ်စုသည် ၎င်းတို့၏ သက် ဆိုင်ရာပြည်နယ်နှင့် အံဝင်ခွင်ကျမဖြစ်ပေ။ ပြည်နယ်အမည်တပ်ထားသော တိုင်းရင်းသား မျိုးနွယ်စုအချို့၏ ရာခိုင်နှုန်းအတော်များများသည် တိုင်းဒေသကြီးအဖြစ် နယ်နိမိတ် သတ်မှတ်ထားသော ပိုင်နက်များတွင် အခြေချနေထိုင်ထားကြသလို အခြားပြည်နယ်များ တွင်လည်း နေထိုင်နေကြပြီး ကိုလိုနီခေတ်ကတည်းက (ကိုလိုနီခေတ်မတိုင်မီကတည်းက ပို၍ဖြစ်ဖွယ်ရာ ရှိသည်) ထိုသို့ နေထိုင်လာကြခြင်း ဖြစ်သည်။

- ပြည်နယ်အမည်တပ် တိုင်းရင်းသားမျိုးနွယ်စုအချို့သည် ၎င်းတို့၏ပြည်နယ်တွင် လူဦးရေ အရ လူများစုအဖြစ် ပါဝင်နေခြင်းမရှိပေ။ ထိုသို့ဖြစ်ရခြင်းမှာ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နယ်နိမိတ်များ သတ်မှတ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုအရ တစ်သားတည်း ဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် သတ်မှတ်ခဲ့ခြင်းမဟုတ်၍ ဖြစ်သည်။ ထိုသို့ သတ်မှတ်ရမည့် အစား ပြည်နယ်အများအပြား၏ နယ်နိမိတ်များကို နိုင်ငံရေးအပေးအယူ ညှိနှိုင်းမှုများ အရနှင့် ကိုလိုနီခေတ်က သီးခြားပိုင်နက်နယ်မြေကို အသိအမှတ်ပြုမှုတို့အရ သတ်မှတ်ခဲ့ သည်။

- တိုင်းဒေသကြီးများသည် ယေဘူယျအားဖြင့် ဗမာလူမျိုးတို့၏ ဒေသများဟု မှတ်ယူနိုင်သော်လည်း ဗမာတို့သည် တိုင်းဒေသကြီးများအတွင်းရှိ အချို့မြို့နယ်များတွင် လူဦးရေအရ လူနည်းစုဖြစ်လျက်ရှိပြီး အထူးသဖြင့် ပြည်နယ်များနှင့် နယ်နိမိတ်ထိစပ်နေသော မြို့နယ်များတွင် ဖြစ်သည်။
- မြန်မာနိုင်ငံတွင် တိုင်းရင်းသား စုံလင်ကွဲပြားမှုကို မြို့နယ်အဆင့်၌ပင် ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ မြို့နယ်အဆင့်တွင် တိုင်းရင်းသားမျိုးနွယ်စု တပြေးညီဖြစ်မှု အမြင့်မားဆုံးဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှလွဲ၍ အခြားဒေသများတွင် မြို့နယ်တစ်ခုလျှင် မျိုးနွယ်စု ၂ ခု သို့မဟုတ် ထို့ထက်ပိုသော မျိုးနွယ်စုများ စုဝေးနေထိုင်ကြသည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် အရေးပါသော လမ်းဆုံ၊လမ်းခွတစ်ခုသို့ ရောက်ရှိနေပြီး ဤအဓိကကျသော မှတ်သားစရာအချက်များသည် မြန်မာအသစ်ကို စိတ်ကူးပုံဖော်ရာတွင် အလွန်အရေးပါလှပါသည်။ ယခုအခန်းတွင် (က) ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းနိုင်စေမည့် အခြေခံအဆောက်အအုံ၊ (ခ) အုပ်ချုပ်ရေးနှင့် မဲဆန္ဒနယ်မြေများ နှင့် (ဂ) အားလုံးပါဝင်သော အင်စတီကျူးရှင်းများနှင့်ပတ်သက်ပြီး စဉ်းစားကြံဆရာ၌ ဤမှတ်သားစရာအချက်များကို ကိုးကားနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးသွားပါမည်။

ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ

ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော အပြောင်းအလဲများထဲမှတစ်ခုမှာ ပြည်သူ့အမြင်စစ်တမ်းမှသည် အုပ်ချုပ်ရေးမှတ်တမ်းများအထိ အရေအတွက်အခြေပြု အချက်အလက်များ ကောက်ယူ၊ထုတ်ပြန်မှု အလွန်များပြားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အချက်အလက်များ၏ အရည်အသွေးမှာ တစ်ခါတစ်ရံတွင် မေးခွန်းထုတ်စရာရှိခြင်း၊ အချက်အလက်ရယူသည့် ရင်းမြစ်များမှာအတည်ပြု၍ မရနိုင်ခြင်းနှင့် ရရှိနိုင်သည့်အချက်အလက်များကို အပြည့်အဝ အသုံးမချနိုင်ခြင်းတို့ရှိခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ထုတ်ပြန်ခဲ့သော သန်းခေါင်စာရင်းအချက်အလက်များနှင့် ထွေအုပ်ဌာန(GAD)မြို့နယ် အစီရင်ခံစာများသည် အပြည့်စုံဆုံးနှင့် လွယ်လင့်တကူရယူနိုင်မှုအရှိဆုံး အချက်အလက်များကို ပေးနိုင်ပါသည်(Myanmar n.d.b)။ သို့ရာတွင် ၂၀၁၄ သန်းခေါင်စာရင်းသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် တစ်ခုချင်းကောက်ယူထားသော အချက်အလက်များကို ပို၍ပေးနိုင်သော်လည်း ဝှစ်ပယ်လ်(Whipple) ညွှန်းကိန်းဖော်ပြချက်အရ ခန့်မှန်းခြေသဘောဆောင်သည့် အချက်အလက်များသာ ဖြစ်နေသေးသည်။ ထို့အတူပင် ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများမှာလည်း ၂၀၁၄ သန်းခေါင်စာရင်းထက် ပိုမိုပြည့်စုံပြီး ကျယ်ပြန့်သည်မှာ မှန်သော်လည်း ဤအစီရင်ခံစာ၏ အခန်း(၁)တွင် ဖော်ပြခဲ့သကဲ့သို့ပင် အချက်အလက်ရင်းမြစ်နှင့် အရည်အသွေးမှာ မေးခွန်းထုတ်စရာ ဖြစ်၍နေသည်။

အလယ်အလတ်နှင့် အသေးစား အဆင့်များတွင်လည်း အမျိုးမျိုးသော အချက်အလက်များရှိပြီး ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအင်စတီကျူးရှင်း

များက ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဤအချက်အလက်အများအပြားကို Myanmar Information Management Unit(MIMU) တွင် မည်သူမဆိုရယူနိုင်ပါသည်။ MIMU သည် လက်တွေ့အသုံးချသူများ၊ လေ့လာသုံးသပ်သူများနှင့် ပညာရှင်များအတွက် အဓိကကျသော အရင်းအမြစ်တစ်ခုအဖြစ် ရပ်တည်နေဆဲ ဖြစ်ပါသည်။[၄၀] သို့ရာတွင် အချက်အလက်များသည် တစ်ခါတစ်ရံတွင် အရည်အသွေး အရနိမ့်ပါးပြီး နယ်ပယ်ကျဉ်းမြောင်းမှုများ ရှိနေသည်။ အချက်အလက်ကောက်ယူသည့် နည်းစနစ်များမှာ ရံဖန်ရံခါဆိုသလို ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ရရှိနိုင်သော သတင်းအချက်အလက်များမှာ လူအချို့၏ လက်ထဲတွင်သာ ကျန်ရှိနေခြင်းတို့ကိုလည်း တွေ့ရသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် လက်ရှိအခြေအနေကို သုံးသပ်နိုင်ရန်၊ မြန်မာပြည်သူတို့၏ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရှိရင်းစွဲရင်းမြစ်များ စုဆောင်းခြင်း၊ သို့မဟုတ် အသစ်ကောက်ယူခြင်းလုပ်ဆောင်သော လုပ်ငန်းအစီအစဉ် အများအပြား ပေါ်ထွက်လာခဲ့သည် (ဥပမာ – Data for Myanmar၊ Open Development Myanmar နှင့် Myanmar Spring Revolution/မြန်မာ့နွေဦးတော်လှန်ရေး [n.d.])။ ထိုကဲ့သို့သော လုပ်ငန်းအစီအစဉ်များကို ပံ့ပိုးရုံသာမကဘဲ သက်ဆိုင်ရာ အချက်အလက်အသုံးပြုသူများနှင့် ချိတ်ဆက်ပေးခြင်း၊ မြှင့်တင်ပေးခြင်းတို့ကိုပါ လုပ်ဆောင်ပေးသင့်ပါသည်။ ထို့ပြင် မြန်မာ့အရေးဖြစ်စဉ်တွင် ပါဝင်ကူညီနေသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် အရည်အသွေးပိုမိုကောင်းမွန်သော အချက်အလက်များစုဆောင်း၊ ထုတ်လုပ်နိုင်ရေးအတွက် အရင်းအမြစ်များ ပို၍ရင်းနှီးမြှုပ်နှံသင့်ပြီး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအရေးပါသော ပုဂ္ဂိုလ်များ၊ လက်တွေ့အသုံးချသူများနှင့် ပညာရေး အဝန်းအဝိုင်း တို့ကြားတွင် အချက်အလက်များ အပြန်အလှန်မျှဝေခြင်းကို ၎င်းတို့အနေနှင့် မြှင့်တင်ပေးသင့်ပါသည်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံရန်မှာ အသစ်ပေါ်ထွန်းလာသော နိုင်ငံအဆင့် အင်စတီကျူးရှင်းများနှင့် မြန်မာအစိုးရတို့၏ လုပ်ငန်းတာဝန်တစ်ခုလည်း ဖြစ်ပါသည်။ ဗဟိုစာရင်းအင်းရုံး ကဲ့သို့သော ဌာန/အဖွဲ့အစည်းတစ်မျိုးမျိုးနှင့် ယင်းနှင့်ဆက်နွယ်နေသော မြေပုံပြုစု၊ရေးဆွဲရေး ဗဟိုဌာနတစ်ခုတို့ ဖွဲ့စည်းရန်ကိုလည်း 'မြန်မာအသစ်'အတွက် အင်စတီကျူးရှင်းပုံစံချခြင်းနှင့် ပတ်သက်၍ လတ်တလောဆွေးနွေးမှုများနှင့် တဆက်တည်းစဉ်းစားသုံးသပ်သင့်ပါသည်။ ထို့ပြင် ဗဟိုစာရင်းအင်းရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အချက်အလက်များ စနစ်တကျကောက်ယူရန် ဝန်ကြီးဌာနများနှင့် မြို့နယ်အဆင့်ထိ ဌာနများဖွဲ့စည်းရေးအတွက် မဟာဗျူဟာစီမံကိန်းများလည်း ရှိသင့်ပါသည်။ ဒေသတစ်ခု၏ လူဦးရေဆိုင်ရာ ပုံစံ၊လက္ခဏာများသည် အချိန်နှင့်အမျှ ပြောင်းလဲနေသဖြင့် အရည်အသွေးကောင်းမွန်သော မြေပုံဆိုင်ရာအချက်အလက်များနှင့်အတူ ကိန်းဂဏန်းအချက်အလက်များသည် အစိုးရအနေဖြင့် အရင်းအမြစ်များကို မည်သည့်နေရာသို့၊ မည်သည့်နည်းဖြင့် ရည်ရွယ်ရေးရှု ရမည်ဆိုသည်ကို ဆုံးဖြတ်ရာ၌ အကူအညီပေးမည့် အရေးပါလှသည့် သတင်းအချက်အလက်များ ဖြစ်လာမည်ဖြစ်ပါသည်။ ထွေအုပ်ဌာန(GAD)၏ယခင်ဖွဲ့စည်းပုံ ဖွဲ့စည်းပုံကို အချက်အလက်ကောက်ယူရေးအတွက် အခြေခံအနေဖြင့်ယူနိုင်ပြီး ရွေးကောက်ခံအစိုးရသစ် လက်ထက်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ကာ လိုအပ်သည့်ရင်းမြစ်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အာမခံထားရန်

---

၄၀ ၂၀၀၇ ခုနှစ်နှောင်းပိုင်းတွင် စတင်တည်ထောင်သော MIMU သည် ကုလသမဂ္ဂ လူသားချင်းစာနာမှုနှင့် ဌာနေညှိနှိုင်းရေးမှူး ရုံး၏ ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစီမံကိန်း ကကြီးကြပ်သည်။ ပြီးခဲ့သောနှစ်များအတွင်းတွင် မြန်မာနိုင်ငံသည် အချက်အလက်များ ထုတ်လုပ်၊စီမံခန့်ခွဲရန် အတွက်သာမကဘဲ ဆက်စပ်နေသော (တရားဝင်)မြေပုံများရေးဆွဲရန်အတွက်ပါ MIMU ကိုအားထားခဲ့ရသည်။

လိုမည်ဖြစ်ပါသည်။ အချက်အလက်ကောက်ယူစုဆောင်းရေး အခြေခံအဆောက်အအုံသစ်တွင် တိုင်းရင်းသားအဖွဲ့အစည်းများ ညီတူညီမျှပါဝင်ရန်မှာလည်း ပမာနကျလှပါသည်။

ဗဟိုချုပ်ကိုင်မှုအနည်းဆုံး အနာဂတ်မြန်မာဖက်ဒရယ်နိုင်ငံတွင် အချက်အလက်များ ကောက်ယူရန်နှင့် စုစည်းရန် ပြည်ထောင်စုံအဆင့် အင်စတီကျူးရှင်းကွန်ရက် တစ်ခုဖန်တီးရန် စိန်ခေါ်မှု ရှိနိုင်ပါသည်။ သို့သော်ငြားလည်း မြန်မာ့အရေးတွင် လုပ်ငန်းအစီအစဉ် လည်ပတ်ဆောင်ရွက်နေသည့် အစုအဖွဲ့အား လုံးနှင့် ဆက်သွယ်ပြီး ၎င်းတို့ထံမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အရေးပါနိုင်ဖွယ်ရာရှိသည့် အချက်အလက်များရရှိနိုင်ရန်လည်း လိုအပ်ပါသည်။

'မြန်မာအသစ်' အတွက် ပိုမိုကောင်းမွန်စွာပြင်ဆင်နိုင်ရန်အတွက် ကြားကာလအတွင်းတွင် လက်ရှိရရှိနိုင်သော အုပ်ချုပ်ရေးအချက်အလက်များ (ဥပမာ – ၂၀၁၄ သန်းခေါင်စာရင်းနှင့် ၂၀၁၉ ထွေအုပ်ဌာန(GAD) မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံထားသော အချက်အလက်များ)ကို သေချာကျနစွာ လေ့လာသုံးသပ်ရန်နှင့် စိစစ်ရန်မှာလည်းအရေးကြီးလှသည်။ ရှေ့၌ဖော်ပြခဲ့ သလိုပင် ဤအစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာဆန်းစစ်မှုသည် ထွေအုပ်ဌာန(GAD)၏ မြို့နယ်အစီရင်ခံစာများထဲမှ တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ အချက်အလက်များကို စနစ်တကျ လေ့လာဆန်းစစ်ထားသည့် ပထမဆုံးလေ့လာဆန်းစစ်မှု (ပထမဆုံး မဟုတ်လျှင်လည်း ပထမဆုံးများထဲမှတစ်ခု) ဖြစ်ပါသည်။ ထိုအစီရင်ခံစာများထဲတွင် အများပြည်သူဝန်ဆောင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှု မလုပ်ရသေးသောအချက်အလက်များစွာ ကျန်ရှိနေပါသေးသည်။ ထိုရင်းမြစ်များကို လေ့လာဖော်ထုတ်ပြီးလက်ကုန်ရှိုက်၍ အသုံးချခြင်းဖြင့် 'ခေတ်ဟောင်းမြန်မာ' တွင်ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် မညီမျှမှုများကို ပိုမိုကောင်းမွန်စွာ နားလည်လာပြီး 'မြန်မာအသစ်' တွင် ယင်းတို့ကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် လက်ရှိ ရှိနှင့်ထားပြီးသား အချက်အလက်များကို ထိတွေ့အသုံးပြုခြင်းဖြင့် အချက်အလက်အရည်အသွေး မြှင့်တင်နိုင်မည့် နည်းလမ်းများကိုလည်း တွေ့ရှိလာနိုင်ပါသည်။

ဒေသအဆင့်နယ်မြေများ ပြန်လည်ပုံဖော်ကြည့်ခြင်း

ဖက်ဒရယ်နယ်မြေ/ယူနစ်များ

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် ဖက်ဒရယ်အရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများမှာ လူနည်းစုတိုင်းရင်းသား အဝန်းအဝိုင်းတွင် အရေးကြီးသည့် ခေါင်းစဉ်အဖြစ် ဆက်လက်ရှိနေခဲ့သော်လည်း ပင်မနိုင်ငံရေး အကျယ်တဝံ့ရေးသားဖော်ပြချက်များတွင်မူ ဘေးရောက်သွားခဲ့သည်။ သို့ရာတွင် ၂၀၂၁ အာဏာသိမ်းပြီးနောက်တွင် ဖက်ဒရယ်အရေးမှာ ဒီမိုကရေစီအရေးလှုပ်ရှားမှုနှင့် မြန်မာပြည်သူများက ၎င်းတို့၏ နိုင်ငံအပေါ်မျှော်ရည်မှန်းမှုတို့၌ ဗဟိုချက်နေရာသို့ ရောက်လာခဲ့သည်။ တကယ်တမ်းတွင် မြန်မာ့လက်ရှိ လမ်းဆုံးလမ်းခွအခြေအနေသည် ၁၉၄၇ ပင်လုံညီလာခံ၏" ဖက်ဒရယ်ပြည်ထောင်စုသည် ၎င်း၏ အချုပ်အခြာအာဏာပိုင်ပြည်နယ်များကြား သဘောတူညီမှုမှတဆင့်သာ ပေါ်ထွန်းလာသင့်သည် "(South 2021) ဟူသော အယူအဆနှင့် အနီးစပ်ဆုံးအနေအထားကို ရောက်ရှိနိုင်သည့်အခြေအနေဟု ယူဆနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ပုံစံတစ်ရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးခြင်းမှာ အချိန်ကိုက်ဖြစ်သလို အရေးလည်းကြီး လှပါသည်။

မြန်မာနိုင်ငံ ပေါ်ထွန်းလာမည့် ဖက်ဒရယ်စနစ်၏ သဘောသဘာဝနှင့် ပတ်သက်ပြီး ဆင်ခြင်သုံးသပ်ရန် မေးခွန်းအချို့ရှိသည်။ ထိုမေးခွန်းတို့မှာ (၁) ဖက်ဒရယ်စနစ်သည် တိုင်းရင်းသား မျိုးနွယ်စု ပေါင်းစည်းမှုအပေါ် မည်သည့်အတိုင်းအတာအထိ အခြေခံသင့်သနည်း၊ (၂) မည်သည့် တိုင်းရင်းသားမျိုးနွယ်စုတို့မှာ ဒေသအမည်ခံ တိုင်းရင်းသား ဖြစ်သင့်သနည်း၊ (၃) ဒေသအမည်ခံ တိုင်းရင်းသားမျိုးနွယ်စုတို့ကို ယင်းတို့၏ သက်ဆိုင်ရာဒေသတွင် ဦးစားပေးအခွင့်အရေးများ ပေးသင့်သလား၊ (၄) မျိုးနွယ်စု တသားတည်းဖြစ်သောဒေသများ ဖန်တီးနိုင်ရန် နယ်နိမိတ်များကို ပြန်လည် ရေးဆွဲသတ်မှတ်သင့်သလား တို့ဖြစ်သည်။

ခြုံ၍ပြောရလျှင် အခြေခံအကျဆုံးမေးခွန်းမှာ "ဖက်ဒရယ်ပြည်ထောင်စုတွင် မည်သည့် အစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်မည်နည်း" ဟူ၍ ဖြစ်ဖွယ်ရာရှိသည်။ အထက်တွင် ဖော်ပြခဲ့သလိုပင် FDC က ပြည်နယ်များကို ဖက်ဒရယ်ဒေသများအဖြစ် သတ်မှတ်ထားသော်လည်း ၎င်းက ပြည်နယ် များ၏ သဘောသဘာဝကိုမူ အဓိပ္ပါယ်သတ်မှတ်ထားခြင်း မရှိပေ။ သို့ရာတွင် တရားဝင်သဘော အနေနှင့်ရော၊ အလွတ်သဘောအနေနှင့်ပါ အကြံပြုကမ်းလှမ်းထားသော အစီအမံ အနည်းငယ်တော့ ရှိပါသည်။

အချို့သော အကြံပြုကမ်းလှမ်းချက်များတွင် ဖက်ဒရယ်ဒေသများသည် လက်ရှိအတိုင်း ပြည်နယ် ၇ ခု၊ တိုင်း ၇ ခု အပေါင်း ဖက်ဒရယ်ပြည်ထောင်စုနယ်မြေ – နေပြည်တော်တို့ဖြစ်လိမ့်မည် ဟု သွယ်ဝိုက်ယူဆချက်တစ်ရပ် ပါဝင်နေသည့်သဘောရှိသည်။ သို့သော်လည်း အချို့သော လူနည်းစု တိုင်းရင်းသားအရေး တက်ကြွလှုပ်ရှားသူများနှင့် ယင်းလူမှု အသိုင်းအဝိုင်းမှသူများက ထိုအစီအမံ သည် တိုင်းရင်းသားတန်းတူညီမျှမှု အခွင့်အရေးကို လျော့ကျစေလိမ့်မည်ဟု ထောက်ပြကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုပုံစံအတိုင်းထားရှိပါက ဗမာလူမျိုးတို့သည် အခြားလူမျိုးများထက် နိုင်ငံရေးအရ သြဇာလွှမ်းမိုးမှုပိုကြီးမားနိုင်ခြင်း(ဒေသအရေအတွက် ပိုများသဖြင့်) ကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အမည်တပ်သော တိုင်းရင်းသား ၇ မျိုးအတွက် ဒေသတစ်ခုစီနှင့် ဗမာတို့ အတွက် ဒေသ ၁ ခု၊ စုစုပေါင်း ဖက်ဒရယ်ပြည်နယ် ၈ ခု ဖွဲ့စည်းရန်[၄၁] အကြမ်းပြကမ်းလှမ်းမှုတစ်ရပ် လည်းရှိသည်။ ဥပမာအနေဖြင့် ဤအကြံပြုချက်မှာ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပညာရှင် များ ပါဝင်သော ၂၀၁၈ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေးနှင့် ညှိနှိုင်းမှု ကော်မတီ (FCDCC) မှ ပေါ်ထွက်လာခြင်းဖြစ်သည်(Weng 2016)။[၄၂] ဤအစီအမံအရ မျိုးနွယ်စု ၈ ခုတို့သည် သီအိုရီအရ အာဏာကို အညီအမျှခွဲဝေကျင့်သုံးရမည် ဖြစ်သည်။ သို့သော် အခြားတိုင်းရင်းသား မျိုးနွယ်စုများ (ယင်းတို့ထဲမှ အချို့မှာ လူဦးရေအရွယ်အစား အတော်အတန်ကြီးများသည်) တို့မှာမူ ၎င်းတို့၏ နိုင်ငံရေးအခွင့်အရေးနှင့် ကိုယ်စားပြုမှုတို့အတွက် ပြည်နယ်အမည်တပ်ထားသော မျိုး နွယ်စုတို့နှင့် ညှိနှိုင်းရမည် ဖြစ်သည်။ အခြားသောနည်းလမ်းတစ်ခုမှာမူ လက်ရှိ ပြည်နယ် ၇ ခုကို ယခုအတိုင်းထားပြီး တိုင်းဒေသကြီးများမှနေ၍ နောက်ထပ်ပြည်နယ်များ ဖွဲ့စည်းရန်ဖြစ်သည်။ ထိုကမ်းလှမ်းချက်တွင် အမျိုးသားပြည်နယ်ဟုခေါ်သော ပြည်နယ် ၁၀ ခုနှင့် လိုအပ်သလို ပြည်နယ် အရေအတွက်ကို တိုးမြှင့်ဖွဲ့စည်းရန် ဖော်ပြထားသည်။[၄၃]

---

၄၁ Aung Htoo(အောင်ထူး)၏ အဆိုအရ ပြည်နယ် ၈ ခုမူဝါဒကို ၁၉၆၁ တောင်ကြီး အခြေခံဥပဒေ ညီလာခံတွင် ချမှတ်ခဲ့သည်။ Weng(2016) တွင်ကြည့်ပါ။

၄၂ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ က ၂၀၁၆ ခုနှစ်တွင်ပြုစုသော အခြေခံဥပဒေမူကြမ်းသည် FCDCC ၏ ဤအဆိုပြုချက်ပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်းကိုလည်း သတိပြုပါ။ Bulmer(2022: 71) တွင်ကြည့်ပါ။

၄၃ ဖော်ပြထားသောပြည်နယ်များမှာ – အာရကန်အမျိုးသားပြည်နယ်၊ ဗမာအမျိုးသားပြည်နယ်၊ ချင်းအမျိုးသားပြည်နယ်၊

ထိုကမ်းလှမ်းချက်များအားလုံးသည် အနည်းငယ် ကွဲလွဲချက်များရှိသော်လည်း ရှိရင်းစွဲ ပြည်နယ် ၇ ခုကို ထိန်းသိမ်းထားလိုသော အရေးပါသည့် ဘုံအခြေခံမူတစ်ချက်ကိုမူ အတူတကွကိုင်စွဲ ထားကြသည်။ ဤသဘောထားအရ အနည်းဆုံးအနေနှင့် ဖွဲ့စည်းပုံဆိုင်ရာဆွေးနွေးပွဲများတွင် ပါဝင် ခဲ့သူများက လက်ရှိပြည်နယ် ၇ ကို ပုံသေအဖြစ် မှတ်ယူရမည်ဟု အကြံပြုလိုသည်ဟု ယူဆရမည် ဖြစ်သည်။ သို့ရာတွင် ပြည်နယ်/တိုင်း နယ်နိမိတ်များရေးဆွဲသတ်မှတ်ခဲ့ပုံ သမိုင်းကြောင်းကမူ မြန်မာ့ ဖက်ဒရယ်ဒေသများကို ရှိရင်းစွဲအခြေအနေများထက်ကျော်လွန်၍ စိတ်ကူးပုံဖော်ကြည့်၍ ရကြောင်း အကြံပြုလျက်ရှိသည်။ ဖက်ဒရယ်ဒေသများကို တစ်စုတစ်စုတည်း ပုံဖော်ကြည့်ပြီး၊ ထို့နောက်တွင်မှ မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများကြား ပိုမိုမြင့်မားသော သာတူညီမျှမှုရရှိစေမည့် အခြေခံ ပုံစံပေးစွမ်းနိုင်သည့် နည်းလမ်းတစ်ရပ်ကို ပြန်လည်ပုံဖော်ကြည့်၍လည်း ရပါသည်။ ထို့ပြင် မြန်မာ နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖော်ဆောင်ရာတွင် လူများစုနှင့် လူနည်းစုကြား သာတူညီမျှမှု ကိုသာမကဘဲ လူနည်းစုနှင့် လူနည်းစုအချင်းချင်းကြား သာတူညီမျှမှုကိုပါ ဖော်ဆောင်ရန် လိုအပ် ပါသည်။

မဲဆန္ဒနယ်များ

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ခု အသက်ဝင်ရေးအတွက် မဖြစ်မနေပါဝင်ရမည့် အခြားအရေးကြီးသော ဒေသအဆင့် နယ်မြေများမှာ မဲဆန္ဒနယ်များ ဖြစ်သည်။ အတိတ်ကာလက အခြေခံအကျဆုံး မဲဆန္ဒနယ်များမှာ မြို့နယ်များဖြစ်ခဲ့ပြီး FDC အပါအဝင် လက်တလော ရေးသား ဆွေးနွေးချက်တွင်လည်း မြန်မာ့အနာဂတ် ရွေးကောက်ပွဲများအတွက် မြို့နယ်များကို မဲဆန္ဒနယ် များအဖြစ် ယူဆထားသည်။ ကိုယ်စားပြုမှုဖော်ဆောင်ရာတွင် မဲဆန္ဒနယ်များ၏ အရေးကြီးသည့် သဘောသဘာဝကြောင့် မှတ်သားသင့်သည့်အချက်မှာ မြန်မာနိုင်ငံရှိ ခရိုင်နှင့် အခြားအုပ်ချုပ်ရေး နယ်မြေများကဲ့သို့ပင် လက်ရှိ မြို့နယ်နယ်နိမိတ်များသည်လည်း ကိုလိုနီခေတ် အမွေကိုဆက်ခံ ထားပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်းကတည်းက သိသာထင်ရှားသည့် အပြောင်းအလဲ မရှိထား ခြင်းပင်ဖြစ်သည် (Ostwald and Courtin 2020)။ ထို့ကြောင့် ရှိရင်းစွဲ မဲဆန္ဒနယ်များသည် သာတူ ညီမျှမှုနှင့် 'လူနည်းစု'၏ ကိုယ်စားပြုမှုကို မည်သည့်အတိုင်းအတာအထိ ဖော်ဆောင်နိုင်သနည်း ဆိုသည်ကို အကဲဖြတ်ကြည့်ခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ ပြည်နယ်နယ်နိမိတ်များကဲ့သို့ပင် မဲဆန္ဒ နယ်များကို အနာဂတ်မြန်မာနိုင်ငံ၏ သဘာဝနှင့် လိုက်လျောညီထွေရှိအောင် တွေးဆကြည့်နိုင်ပါ သည်။ ဩစတြေးလျ၊ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့အပါအဝင် ကမ္ဘာတဝှမ်းရှိ ဒီမိုကရေစီ နိုင်ငံအများအပြားသည် ၎င်းတို့၏မဲဆန္ဒနယ်များကို ပုံမှန်ပြန်လည်ရေးဆွဲလေ့ရှိပါသည်။ မြန်မာနိုင်ငံ တွင်လည်း တိုင်းရင်းသားနှင့် ဒေသတွင်းပါတီများအပါအဝင် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး အခွင့်အလမ်း တိုးတက်လာစေရန်အတွက် ထိုအလေ့အထကို ကျင့်ကြံနိုင်ပါသည်(Ebead and Hirakawa 2022)။

အားလုံးပါဝင်သော အင်စတီကျူးရှင်းများ

သမိုင်းတလျှောက် အချိန်ကာလအများစုတွင် မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုမြင့်မား သော နိုင်ငံဖြစ်ခဲ့ရုံသာမကဘဲ အားလုံးပါဝင်သည့် အင်စတီကျူးရှင်းများလည်း အလွန်တရာ အကန့်အသတ်နှင့်သာ ရှိခဲ့ပါသည်။ ၂၀၀၈ အခြေခံဥပဒေအောက်မှ အပြောင်းအလဲကာလ (၂၀၁၁ –၂၀၂၁) အတွင်းတွင် အမျိုးမျိုးသော တိုင်းရင်းသားမျိုးနွယ်စုများ၏ နိုင်ငံရေးအရပါဝင်မှုကို ကူညီ

ဖော်ဆောင်ပေးရန် ရည်ရွယ်ဖွဲ့စည်းသော အင်စတီးကျူးရှင်းများဟူ၍ တိုင်းရင်းသားရေးရာ ဝန်ကြီးများ (NRAMs) နှင့် အထူးအုပ်ချုပ်ရေးဒေသများ (ဥပမာ – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ) သာ ရှိခဲ့ပါသည်။ တိုင်းရင်းသားရေးရာဝန်ကြီး အင်စတီကျူးရှင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ်ထားခြင်း မရှိသော်လည်း ရှိပြီးသားလေ့လာမှုအနည်းငယ်က ထိုဝန်ကြီးများ၏ အခန်းကဏ္ဍ၏ မရေရာမှုကြောင့် လူနည်းစုအခွင့်အရေးနှင့် ပါဝင်ခွင့်တို့ကို မြှင့်တင်ရေးတွင် ၎င်းတို့၏ ထိထိရောက်ရောက် လုပ်ဆောင်နိုင်စွမ်းနှင့် ပတ်သက်ပြီး စိုးရိမ်မကင်းကြောင်း ဖော်ပြခဲ့ကြသည် (Thawnhmung and Yadana 2017)။

လူဦးရေဆိုင်ရာ အချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်မှု တစ်ရပ်မှတဆင့် NRAMs နှင့် အနာဂတ်တွင်ပေါ်လာမည့် ၎င်းတို့နှင့်ဆင်တူသည့် အားလုံးပါဝင်သော အင်စတီကျူးရှင်းများနှင့် ပတ်သက်၍ အခြားသော စိတ်မချစရာလည်း ရှိသေးသည်။ ဤအစီရင်ခံစာ အခန်း (၂) နှင့် (၃) တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေသအဆင့်အုပ်ချုပ်ရေးနယ်မြေ အဆင့်တိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှု ရှိနေပြီး NRAMs ကဲ့သို့သော အင်စတီကျူးရှင်းများမှာ ၂၀၂၁ ခုနှစ်အထိ ပြည်နယ်/တိုင်း အစိုးရ အဆင့်တွင်သာရှိပြီး ထို့ထက်ပို၍နိမ့်သော အဆင့်များတွင်မရှိပေ။ အစိုးရနှင့် သာမန်ပြည်သူများကြား အဓိကကြားခံဖြစ်သည့် မြို့နယ်အဆင့် အုပ်ချုပ်ရေး ယန္တရားများ (ဥပမာ – လမ်းအဆင့် အုပ်ချုပ်ရေးအဖွဲ့) တွင် ၎င်းတို့ဝန်ဆောင်မှုပေးရာ ဒေသ၏ စုံလင်ကွဲပြားသော လူဦးရေကို ထင်ဟပ်ရန်နှင့် အားလုံးပါဝင်မှုရှိရန် အလွန်တရာ အရေးကြီးလှပါသည်။

အားလုံးပါဝင်ရေးနှင့်ပတ်သက်ပြီး စဉ်းစားရာတွင် တိုင်းရင်းသားလူနည်းစုများ ပါဝင်ခြင်း ရှိ၊မရှိ ဆိုရုံလောက်မျှမဟုတ်ဘဲ ၎င်းတို့ပါဝင်အောင် မည်ကဲ့သို့ထည့်သွင်းမည်နည်း ဆိုသည်ကိုပါ ဆင်ခြင်သုံးသပ်ရန် အရေးကြီးသည်။ အတိတ်ကာလက အစိုးရအဖွဲ့တွင် တိုင်းရင်းသားလူနည်းစုများ ထည့်သွင်းခဲ့သည်မှာ တိုင်းရင်းသားရေးရာကိစ္စများအတွက်သာ ဖြစ်ခဲ့သည်[၄၅]။ သို့သော်လည်း တိုင်းရင်းသားရေးရာနှင့် မပတ်သက်ဟု ထင်ရသည့်ကိစ္စများ (ဥပမာ – ကာကွယ်ရေး၊ ပညာရေး၊ လူဝင်မှုကြီးကြပ်ရေး၊ လူဦးရေ၊ အလုပ်သမား ..စသည်ဖြင့်) မှာလည်း လူများစုတိုင်းရင်းသားများနှင့် သာမကဘဲ လူနည်းစုတိုင်းရင်းသားများနှင့်လည်း ပတ်သက်နေသည့် အရေးကိစ္စနယ်ပယ်များ ဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့ရာထူးများတွင် လူနည်းစုတိုင်းရင်းသားများ ပါဝင်မှုကို တိုင်းရင်းသားရေးရာ ကိစ္စများသက်သက်အတွက်သာ ကန့်သတ်မထားသင့်ပါ။ ထိုအပိုင်းနှင့် ပတ်သက်၍မူ NUG တွင် တိုင်းရင်းသားလူနည်းစု အများအပြားမှာ တိုင်းရင်းသားရေးရာနှင့် တိုက်ရိုက်ပတ်သက်သည့် အရေးကိစ္စများထက် ကျော်လွန်သော အခြားအရေးကိစ္စများအတွက်ပါ တာဝန်ပေးအပ်ခြင်း ခံထားရသည်ကို စိတ်အေးဖွယ်ရာတွေ့ရပါသည်။

ထို့ပြင် အားလုံးပါဝင်ရေးနှင့်ပတ်သက်ပြီး ရေးသားဖော်ပြမှုသည် တိုင်းရင်းသားရေးရာ အမြင်ရှုထောင့်ထက် ကျော်လွန်သင့်ပါသည်။ တိုင်းရင်းသားဖြစ်မှုမှာ မြန်မာနိုင်ငံတွင် အလွန်

ဧရာဝတီသားများပြည်နယ်၊ ကချင်အမျိုးသားပြည်နယ်၊ ကရင်အမျိုးသားပြည်နယ်၊ မွန်အမျိုးသားပြည်နယ်၊ ရှမ်းအမျိုးသားပြည်နယ်နှင့် တနင်္သာရီသားများ ပြည်နယ် တို့ဖြစ်သည်။

၄၄ ဆမားဒူးဝါးဆင်ဝါးနောင် (ကချင်)၊ ဦးအောင်ဇံဝေ(ရခိုင်)နှင့် ဦးရာရှစ်(အိန္ဒိယမျိုးရိုး မူစလင်) တို့ကဲ့သို့သော တိုင်းရင်းသားလူနည်းစု နိုင်ငံရေးသမားအချို့မှာ ပါလီမန်ခေတ်အတွင်းက အစိုးရအဖွဲ့တွင် ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် လူမှုရေးဝန်ဆောင်မှု၊ အိုးအိမ်နှင့် အလုပ်သမားဝန်ကြီးများအဖြစ် ခန့်အပ်ခံခဲ့ရဖူးသည်ကို သတိပြုသင့်သည်။ People's Literature Committee and House(1961) တွင်ကြည့်ပါ။

ပေါ်လွင်ပြီး နိုင်ငံရေးတွင်လည်း များစွာထည့်သွင်းခံရသဖြင့် အားလုံးပါဝင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုတွင် နေရာများစွာယူထားပါသည်။ သို့သော်လည်း ဘာသာရေးနှင့် ကျား/မ ဖြစ်မှုတို့ အပါအဝင် အခြားလူမှုရေးသရုပ်သကန်များမှာလည်း မြန်မာနိုင်ငံရှိ ခွဲခြားဆက်ဆံမှုများ၏ မူလ ဇစ်မြစ်များ ဖြစ်ကြပါသည်။ ထိုသရုပ်သကန်များပေါ်မူတည်၍ ဖယ်ထုတ်ချန်ရစ်ခံရခြင်းများကိုလည်း တိုင်းရင်းသား ရေးရာကိစ္စကဲ့သို့ပင် တစ်ခါတည်း ဖြေရှင်းသင့်ပါသည်။

နောက်ဆုံးအနေဖြင့်ပြောရလျှင် အနာဂတ်မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပုံစံသဘာဝနှင့် ပတ်သက်ပြီး ပြောဆိုဆွေးနွေးစရာ ကျယ်ပြန့်များပြားလှခြင်းကို ယိုးမယ်ဖွဲ့၍ အားလုံးပါဝင်သော အင်စတီကျူးရှင်းများ ပေါ်ပေါက်ရေးအာရုံစိုက်မှုကို ဘေးဖယ်၊ ချန်ထားခဲ့ခြင်းမလုပ်သင့်ပါ။ အားလုံးပါဝင်သော အင်စတီကျူးရှင်းများနှင့် ပတ်သက်သည့်ပုစ္ဆာကိုအဖြေရှာရန်မှာ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒေသများနှင့် ဖက်ဒရယ်စနစ် သဘာဝတို့နှင့်ပတ်သက်ပြီး အဖြေရှာခြင်းတို့နှင့်ထပ်တူ အရေးကြီးလှပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားမျိုးနွယ် စုံလင်ကွဲပြားမှု များပြားလှသော နိုင်ငံမျိုးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ အားလုံးပါဝင်သော အင်စတီကျူးရှင်းများအကြောင်း ဆွေးနွေးခြင်းမှတဆင့် ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးမှုများကို အသက်ဝင်စေခြင်း တို့မရှိဘဲနှင့် အားလုံးပါဝင်သော အင်စတီကျူးရှင်းများ ရှိလာနိုင်မည်မဟုတ်ပေ။

ကိုးကားစာရင်း

Arnold, M., 'Why GAD reform matters to Myanmar', East Asia Forum, 24 August 2019, <https://www.eastasiaforum.org/2019/08/24/why-gad-reform-matters-to-myanmar>, accessed 18 October 2022

Aung Tun, S., *History of the Shan State: From Its Origins to 1962* (Chiang Mai: Silkworm Books, 2009)

Aung-Thwin, M., 'The British "pacification" of Burma: Order without meaning', *Journal of Southeast Asian Studies*, 16/2 (1985), pp. 245–61, <https://doi.org/10.1017/S0022463400008432>

—, *The Mists of Ramanna: The Legend That Was Lower Burma* (Honolulu, HI: University of Hawai'i Press, 2005)

—, *'Mranma Pran*: When context encounters notion', *Journal of Southeast Asian Studies,* 39/2, pp. 193–217, <https://doi.org/10.1017/S0022463408000179>

Bulmer, W. E., *A New Constitution for Myanmar: Towards Consensus on an Inclusive Federal Democracy* (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.11>

Cady, J. F., *A History of Modern Burma* (Ithaca, NY: Cornell University Press, 1958)

Callahan, M. P., *Making Enemies: War and State Building in Burma* (Ithaca, NY: Cornell University Press, 2005)

—, 'Distorted, dangerous data? *Lumyo* in the 2014 Myanmar population and housing census', *Sojourn: Journal of Social Sciences in Southeast Asia*, 32/2 (2017), pp. 452–78, <https://doi.org/10.1355/sj32-2q>

Chan, A. and Ford, B., 'A New Myanmar Forum Aims to Unite Democratic Forces', United States Institute of Peace, 3 November 2021, <https://www.usip.org/publications/2021/11/new-myanmar-forum-aims-unite-democratic-forces>, accessed 19 October 2022

Committee Representing Pyidaungsu Hluttaw (CRPH), Federal Democracy Charter, 2021, <https://crphmyanmar.org/wp-content/uploads/2021/04/Federal-Democracy-Charter-English.pdf>, accessed 22 October 2022

Constituent Assembly of Burma, The Constitution of the Union of Burma, 1947

Consult-Myanmar, 'Survey looks into why people lack IDs', 9 May 2019, <https://www.consult-myanmar.com/2019/05/09/survey-looks-into-why-people-lack-ids>, accessed 19 October 2022

Drazanova, L., 'Introducing the Historical Index of Ethnic Fractionalization (HIEF) dataset: Accounting for longitudinal changes in ethnic diversity', *Journal of Open Humanities Data*, 6/1 (2020), <https://doi.org/10.5334/johd.16>

Ebead, N. and Hirakawa, A., *Inclusion and Gender Equality in Post-Coup Myanmar: Strategies for Constitutional and Democratic Reform*, Constitution Assessment for Women's Equality Brief No. 4 (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.35>

Fishbein, E., '"The blood spoke": Lisu deaths stir unrest in Kachin', Frontier Myanmar, 11 July 2019, <https://www.frontiermyanmar.net/en/the-blood-spoke-lisu-deaths-stir-unrest-in-kachin>, accessed 22 October 2022

Fong, J., *Revolution as Development: The Karen Self-Determination Struggle against Ethnocracy (1949–2004)* (Boca Raton, FL: Universal Publishers, 2008), <http://www.bookpump.com/bwp/pdf-b/9429942b.pdf>, accessed 22 October 2022

Government of Burma, Report of the Frontier Areas Committee of Enquiry, 1947, <https://www.burmalibrary.org/docs14/Frontier_Areas_Committee_of_Enquiry-1947-full.pdf>, accessed 22 October 2022

Holmes, R. A., 'Burmese domestic policy: The politics of Burmanization', *Asian Survey*, 7/3 (1967), pp. 188–97, <https://doi.org/10.2307/2642237>

International IDEA, *Myanmar's Federal Democracy Charter: Analysis and Prospects*, Constitution Brief Interregnum Series (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.27>

Ko, A. K. and Ford, B., 'To Build a Unified Resistance and Democratic Myanmar, Discrimination Must End', United States Institute of Peace, 8 September 2022, <https://www.usip.org/publications/2022/09/build-unified-resistance-and-democratic-myanmar-discrimination-must-end>, accessed 19 October 2022

Laitin, D., 'Marginality: A microperspective', *Rationality and Society*, 7/1 (1995), pp. 31–57, <https://doi.org/10.1177/1043463195007001003>

Lee, M. M. and Zhang, N., 'Legibility and the informational foundations of state capacity', *The Journal of Politics*, 79/1 (2017), pp. 118–32, <https://doi.org/10.1086/688053>

Lintner, B., *The United Wa State Army and Burma's Peace Process*, Peaceworks No. 147 (Washington, DC: United States Institute of Peace, 2019), <https://www.usip.org/publications/2019/04/united-wa-state-army-and-burmas-peace-process>, accessed 22 October 2022

Lwin, T., 'Education in Burma (1945-2000)', September 2000, <https://www.burmalibrary.org/docs21/Thein_Lwin-2000-Education_in_Burma-(1945-2000)-en.pdf>, accessed 21 October 2022

Maule, R. B., *British Policy and Administration in the Federated Shan States, 1922–1942* (ProQuest Dissertations Publishing, 1993)

McDonald, L., 'Making the most of GAD reforms', Frontier Myanmar, 11 June 2020, <https://www.frontiermyanmar.net/en/making-the-most-of-gad-reforms/>, accessed 18 October 2022

MITV, 'Expansion of new districts: New districts expanded in Nay Pyi Taw, regions and states', 2 May 2022, <https://www.myanmaritv.com/news/expansion-new-districts-new-districts-expanded-nay-pyi-taw-regions-and-states>, accessed 22 October 2022

Myanmar, the Republic of the Union of, Ministry of Immigration and Population, Department of Population, Population Censuses in Myanmar, [n.d.a], <https://www.dop.gov.mm/en/population-censuses-myanmar>, accessed 18 October 2022

— [n.d.b], <https://www.dop.gov.mm/en>, accessed 23 October 2022

Myanmar Spring Revolution, [n.d.], <http://bit.ly/myanmarspringdesktop>, accessed 23 October 2022

Myint, U. W., 'Nargasai hkyinn mahote' [Naga Is Not Chin], The Irrawaddy, 12 March 2013, <https://burma.irrawaddy.com/news/2013/03/12/35433.html>, accessed 21 October 2022

Myint-U, T., *The Making of Modern Burma* (New York: Cambridge University Press, 2001), <https://doi.org/10.1017/CBO9780511613661>

Nardulli, P. F., Wong, C. J., Singh, A., Peyton, B. and Bajjalieh, J., 'The Composition of Religious and Ethnic Groups (CREG) Project. Cline Center for Democracy' 2012, University of Illinois, <https://data.nber.org/ens/feldstein/ENSA_Sources/Cline%20Center/Ethnic%20and%20Religious%20Groups/CREG-White_Paper.pdf>, accessed 28 October 2022

Norwegian Refugee Council and Institute on Statelessness and Inclusion, *A Gender Analysis of the Right to a Nationality in Myanmar* (2018), <https://www.nrc.no/globalassets/pdf/reports/myanmar/cedaw-report-web-7-march-2018.pdf>, accessed 19 October 2022

Ostwald, K. and Courtin, C., 'Malapportionment in Myanmar's elections: A slumbering menace', *Contemporary Southeast Asia,* 42/2 (2020), pp. 145–73, <https://doi.org/10.1355/cs42-2a>

Palatino, M., 'Myanmar's census controversy', *The Diplomat*, 26 February 2014, <https://thediplomat.com/2014/02/myanmars-census-controversy>, accessed 18 October 2022

Pelletier, A., 'Identity formation, Christian networks, and the peripheries of Kachin ethnonational identity', *Asian Politics & Policy*, 13/1 (2021), pp. 72–89, <https://doi.org/10.1111/aspp.12571>

People's Literature Committee and House, *Who's Who in Burma 1961* (Rangoon: People's Literature Committee and House, 1961)

Posner, D. N., *Institutions and Ethnic Politics in Africa* (Cambridge and New York; Cambridge University Press, 2005), <https://doi.org/10.1017/CBO9780511808661>

Renard, R. D., 'The delineation of the Kayah States frontiers with Thailand: 1809–1894', *Journal of Southeast Asian Studies*, 18/1 (1987), pp. 81–92, <https://doi.org/10.1017/S0022463400001260>

Rogers, R. C., Burma Gazetteer: Salween District. Myanmar: Office of the Superintendent, 1910

Saw, K. P. C. and Arnold, M., *Administering the State in Myanmar: An Overview of the General Administration Department,* Subnational Governance in Myanmar Discussion Paper Series No. 6 (Yangon: The Asia Foundation and Myanmar Development Resource Institute's Centre for Economic and Social Development, 2014), <https://asiafoundation.org/wp-content/uploads/2014/10/Administering-the-State-in-Myanmar.pdf>, accessed 18 October 2022

Scott, J. C., *The Art of Not Being Governed: An Anarchist History of Upland Southeast Asia* (New Haven, CT: Yale University Press, 2009)

Smith, M. J., *Burma: Insurgency and the Politics of Ethnicity* (London: Zed Books, 1991)

South, A., *Mon Nationalism and Civil War in Burma: The Golden Sheldrake* (London: Routledge, 2003), <https://doi.org/10.4324/9780203037478>

—, *Burma's Longest War: Anatomy of the Karen Conflict* (Amsterdam: Transnational Institute and Burma Center Netherlands, 2011), <https://www.tni.org/files/download/Burma's%20Longest%20War.pdf>, accessed 22 October 2022

—, 'Towards "emergent federalism" in Post-coup Myanmar', *Contemporary Southeast Asia*, 43/3 (2021), pp. 439–60, <https://www.muse.jhu.edu/article/845141>, accessed 3 November 2022

Spearman, H. R., *The British Burma Gazetteer*, Government Press, 1880

Special Advisory Council for Myanmar, 'Briefing Paper: Effective Control in Myanmar', 5 September 2022, <https://specialadvisorycouncil.org/wp-content/uploads/2022/09/SAC-M-Briefing-Paper-Effective-Control-in-Myanmar-ENGLISH-2.pdf>, accessed 18 October 2022

Taylor, R. H., 'Do states make nations? The politics of identity in Myanmar revisited', *South East Asia Research*, 13/3 (2005), pp. 261–86, <https://doi.org/10.5367/000000005775179676>

Thawnghmung, A. M., *The 'Other' Karen in Myanmar: Ethnic Minorities and the Struggle without Arms* (Lanham, MD: Lexington Books, 2012)

Thawnhmung, A. M. and Yadana, 'Citizenship and minority rights: The role of "National Race Affairs" ministers in Myanmar's 2008 Constitution', in A. South and M. Lall (eds), *Citizenship in Myanmar: Ways of Being in and from Burma* (Singapore: ISEAS–Yusof Ishak Institute, 2017), pp. 113–39

The Irrawaddy, 'NUG calls for justice for Rohingya persecuted by Myanmar military', 26 August 2022, <https://www.irrawaddy.com/news/burma/nug-calls-for-justice-for-rohingya-persecuted-by-myanmar-military.html>, accessed 19 October 2022

Tinker, H., *The Union of Burma: A Study of the First Years of Independence*, 2nd edn (London: Oxford University Press 1959)

Tun, C. M., 'Without territory, the Shanni army's difficult path to recognition', The Irrawaddy, 8 April 2019, <https://www.irrawaddy.com/news/burma/without-territory-shanni-armys-difficult-path-recognition.html>, accessed 19 October 2022

Tzang Yawnghwe, C., *The Shan of Burma: Memoirs of a Shan Exile*, vol. 16 (Singapore: Local History and Memoirs, Institute of Southeast Asian Studies, 1987)

United Nations High Commissioner for Refugees (UNHCR), Rohingya Emergency, [n.d.a], <https://www.unhcr.org/en-us/rohingya-emergency.html>, accessed 21 October 2022

—, Rohingya Refugee Emergency at a Glance, [n.d.b], <https://unhcr.maps.arcgis.com/apps/Cascade/index.html?appid=5fdca0f47f1a46498002f39894fcd26f>, accessed 21 October 2022

—, Myanmar Emergency Overview Map and Myanmar Emergency Overview Map and Statistics, 12 September 2022, <https://reporting.unhcr.org/document/3248>, accessed 18 October 2022

Wansai, S., '2014 Population Census: The Problematic of 135 Ethnic Groups Categorization', Burma Link, 5 December 2017, <https://www.burmalink.org/2014-population-census-problematic-135-ethnic-groups-categorization>, accessed 19 October 2022

Weng, L., 'Aung Htoo: "Equality" and the demand for a Federal Union', The Irrawaddy, 1 August 2016, <https://www.irrawaddy.com/in-person/interview/aung-htoo-equality-and-the-demand-for-a-federal-union.html>, accessed 23 October 2022

အစီရင်ခံစာပြုစုသူများ အကြောင်း

Jangai Jap (PhD) သည် အော်စတင်မြို့ရှိ တက္ကဆက်တက္ကသိုလ်၊ လူမျိုးနှင့် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ နိုင်ငံရေးနှင့် အုပ်ချုပ်မှုသုတေသနဌာန (Department of Government and the Politics of Race and Ethnicity Lab) မှ ပါရဂူဘွဲ့လွန် စာတမ်း ပြုစုသူ သုတေသီတစ်ဦး ဖြစ်ပါသည်။ သူမသည် ကျော်ကျီယာတက္ကသိုလ်၊ နိုင်ငံတကာရေးရာဌာနမှ လက်ထောက်ပါမောက္ခလည်း ဖြစ်သည်။ သူမ အထူးပြုလေ့လာသောနယ်ပယ်မှာ တိုင်းရင်းသားမျိုးနွယ်စု နိုင်ငံရေး၊ အမျိုးသားရေးဝါဒ၊ လူနည်းစုတိုင်းရင်းသားမျိုးနွယ်နှင့် ပြည်ထောင်စုကြားဆက်ဆံရေး၊ ပြည်တွင်းစစ်နှင့် မြန်မာ့နိုင်ငံရေး တို့ကို အဓိကထားလေ့လာသော နှိုင်းယှဉ်လေ့လာ နိုင်ငံရေးသိပ္ပံပညာဖြစ်ပါသည်။

Constant Courtin သည် ဖြိတိသျှကိုလံဘီယာတက္ကသိုလ်၊ အရှေ့တောင်အာရှသုတေသနစင်တာမှ ပါရဂူဘွဲ့ (PhD) ကျောင်းသားနှင့် ညှိနှိုင်းရေးမှူးတစ်ဦး ဖြစ်သည်။ သူသည် မြန်မာနိုင်ငံတွင် ၂၀၁၃ မှ ၂၀၁၉ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပြီး အထူးသဖြင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့တွင် သုတေသနမန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ သူသည် အရှေ့တောင်အာရှတွင် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး၊ ပြည်တွင်းစစ်နှင့် ဒေသတွင်းတဝှမ်းမတူကွဲပြားသော အခြေအနေများတွင် တိုင်းရင်းသားမျိုးနွယ်စုများကြားနှင့် ဘာသာအယူဝါဒများကြား အပြန်အလှန်တုံ့ပြန် အကျိုးပြုမှုတို့ကို အထူးပြုလေ့လာသူတစ်ဦး ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာ အဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် လူသား အားလုံး၏ မျှော်မှန်းချက်လည်းဖြစ်၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကိုလည်း ဆောင်ကြဉ်းပေးနိုင်သည့် ဒီမိုကရေစီစနစ် ကမ္ဘာတစ်လွှားတွင် တိုးတက်ထွန်းကားရေးကို လုပ်ငန်းတာဝန်အဖြစ် ခံယူလျက် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံရေးအဖွဲ့အစည်းများနှင့် စနစ်များ၊ လုပ်ငန်းစဉ်များကို အဆင့်အားလုံးတွင် တည်ဆောက်ရေး၊ အားကောင်းစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ပံ့ပိုးမှုပေးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ပါသည်။ အဖွဲ့၏မျှော်မှန်းချက်မှာ ဒီမိုကရေစီလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနည်းကျလုပ်ဆောင်သူများနှင့် အဖွဲ့အစည်း စနစ်များသည် အများပါဝင်မှုနှင့် တာဝန်ယူတာဝန်ခံမှုရှိလျက် ရေရှည်တည်တံ့ ဟန်ချက်ညီသောဖွံ့ဖြိုးမှုကို အားလုံးရရှိခံစားနိုင်သည့် ကမ္ဘာကြီးဖြစ်လာစေရေး ဖြစ်ပါသည်။

အဖွဲ့၏ လုပ်ငန်း

အဖွဲ့အနေဖြင့် အဓိကနယ်ပယ်သုံးရပ်တွင် သက်ရောက်မှုရှိစေရန် အဓိကထားလျက် လုပ်ငန်းများလုပ်ဆောင်ပါသည်။ ယင်းတို့မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့်ကိုယ်စားပြုမှုတို့ ဖြစ်ပါသည်။ အမျိုးသား အမျိုးသမီးအခန်းကဏ္ဍနှင့် အများပါဝင်မှု၊ ပဋိပက္ခဖြစ်နိုင်ခြေကို စာနာနားလည် ခြင်းနှင့် ရေရှည်တည်တံ့ဟန်ချက်ညီသော ဖွံ့ဖြိုးမှုတို့ကို လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းလုပ်ဆောင်ပါသည်။

International IDEA သည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတစ်ဝန်း ဒီမိုကရေစီလားရာများကို ဆန်းစစ်ချက်များ ပြုစုပေးပါသည်။ ဒီမိုကရေစီ လုပ်နည်း လုပ်ဟန်ကျင့်စဉ်များဆိုင်ရာ နှိုင်းယှဉ်လေ့လာ သိမှတ်ဖွယ်ရာများ ပြုစုထုတ်ဝေပါသည်။ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေး စီစဉ်ဆောင်ရွက်ပေးပါသည်။ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီ တည်ဆောက်ရေးဆိုင်ရာ အများပြည်သူ ဆွေးနွေးဖလှယ်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ဆွေးနွေးပွဲများ စီစဉ်ကျင်းပပေးပါသည်။

လုပ်ငန်းဆောင်ရွက်ရာ နယ်မြေဒေသများ

အဖွဲ့၏ ရုံးချုပ်သည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအဆင့်နှင့် နိုင်ငံအဆင့်ရုံးများကို အာဖရိက၊ အာရှပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့အစည်းများ၏ တရားဝင်အသိအမှတ်ပြုမှုကို ခံယူရရှိပါသည်။

<https://www.idea.int/>

International IDEA
စတွန်းစ်ဘောဂ်
SE– ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်– +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – www.idea.int

"မြန်မာ တိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းအား ပုံဖော်ကြည့်ခြင်း – မြန်မာနိုင်ငံ ဒေသအဆင့် အုပ်ချုပ်ရေးနယ်မြေများ၏ သမိုင်းအကျဉ်းနှင့် ထိုဒေသများရှိ တိုင်းရင်းသားမျိုးနွယ်စုများ အကြောင်း" သည် မြန်မာနိုင်ငံဒေသအဆင့် အုပ်ချုပ်ရေးနယ်မြေများရှိ တိုင်းရင်းသားမျိုးနွယ်စုများ ဖွဲ့စည်းတည်ရှိပုံအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ရှိခဲ့သည့် အုပ်ချုပ်ရေးနယ်မြေများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းအားဆန်းစစ်ရင်း လေ့လာတင်ပြထားပါသည်။

၂၀၁၉ ထွေအုပ်ဌာန(GAD) မြို့နယ် အစီရင်ခံစာများပေါ်အခြေပြု၍ မြန်မာ့တိုင်းရင်းသား မျိုးနွယ်စု ဆိုင်ရာ အချက်အလက်များ၏ အကန့်အသတ်၊ အားနည်းချက်များကိုကျော်လွှားပြီး မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော တိုင်းရင်းသားဖွဲ့စည်းပုံအပေါ် နားလည်လာစေရေး အားထုတ်ရာတွင် ၎င်းတို့ကိုအသုံးချပုံနှင့် ပတ်သက်၍ ဆွေးနွေးထားပါသည်။ ဤလေ့လာချက်တွင် ဒေသခွဲတစ်ခုစီတိုင်း၌ တိုင်းရင်းသားမျိုးနွယ်စု ပျံနှံ့နေထိုင်မှုကိုဖော်ပြထားပြီး မြန်မာ့လူအဖွဲ့အစည်း၏ ရှုပ်ထွေးသော တိုင်းရင်းသားမျိုးနွယ်စု ဖွဲ့စည်းပုံအပေါ် အလေးပေးလေ့လာကာ မြို့နယ်အဆင့်အထိ မြန်မာ့တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုကို မီးမောင်းထိုးပြထားပါသည်။ ထို့အတူ ဤအစီရင်ခံစာတွင် မြန်မာ့အုပ်ချုပ်ရေးနယ်မြေများ ဖြစ်ပေါ်ပြောင်းလဲလာပုံကို လေ့လာဆန်းစစ်ပြီး လက်ရှိ ရှိရင်းစွဲပုံစံကိုကျော်လွှန်၍ မြန်မာ့ဖက်ဒရယ်နယ်မြေများကို ပုံဖော်ကြည့်၍ ရနိုင်မည့် အလားအလာကိုလည်း အလေးပေးဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ဒီမိုကရေစီနည်းကျ တရားဝင်အသိအမှတ်ပြုခံရသော နိုင်ငံရေးဇတ်ကောင်များ အတွက်သာမက မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံပံ့ပိုးသော နိုင်ငံတကာအသိုင်းအဝိုင်းအတွက်ပါ' ဒေသအဆင့်နယ်မြေတစ်ခုစီ၌ မြန်မာ့တိုင်းရင်းသားမျိုးနွယ်စု စုံလင်ကွဲပြားမှုနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်စွာ နားလည်လာစေရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ISBN: 978-91-7671-583-3 (PDF)
DOI: ‹https://doi.org/10.31752/idea.2022.62›